# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၁၄၃)


# ချင်းအမျိုးသားနေ့ဟာ ရိုးရာဓလေ့ထုံးတမ်းအရ တူညီတဲ့ မျိုးနွယ်စုအားလုံးပါဝင်တဲ့ ချင်းလူမျိုးတို့ရဲ့ နေ့ထူးနေ့မြတ်ဖြစ်

# ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နဲ့အတူ လက်တွဲကြိုးပမ်း

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

**ချစ်ကြည်လေးစားအပ်ပါသော ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား-**

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ကျရောက်တဲ့ နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ဖြစ်တဲ့ ဒီနေ့ထူးနေ့မြတ်အခါသမယမှာ ချင်းပြည်နယ်အတွင်းနဲ့ ပြည်တွင်း ပြည်ပနေရာဒေသအနှံ့အပြားမှာ မှီတင်းနေထိုင်လျက်ရှိကြတဲ့ ချင်းတိုင်းရင်းသား ညီအစ်ကို မောင်နှမအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ချင်းအမျိုးသားများဟာ မွန်ဂိုလီးယားကနေ ဆင်းသက်လာတဲ့ တိဗက်မြန်မာ အနွယ်ဝင်များဖြစ်ကြပြီး တိဗက်ကတစ်ဆင့် မြန်မာနိုင်ငံအတွင်းကို ဝင်ရောက်ပျံ့နှံ့ နေထိုင်ခဲ့ကြတာဖြစ်တယ်လို့ မှတ်သားရပါတယ်။ ယခုအခါမှာတော့ ချင်းပြည်နယ် တွင်သာမက စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး နဲ့ ရခိုင်ပြည်နယ်များမှာလည်း ချင်းတိုင်းရင်းသားလူမျိုးများ နေထိုင်လျက်ရှိပါတယ်။

အတိတ်ကာလတုန်းက နယ်ချဲ့ဗြိတိသျှကိုလိုနီလက်အောက်ကနေ လွတ်မြောက်ဖို့အတွက် ချင်းတိုင်းရင်းသားတို့ဟာ အသက်၊ သွေး၊ ချွေး၊ အိုးအိမ်စည်းစိမ် တွေ များစွာစတေးပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး ချင်းအမျိုးသား တို့ရဲ့အခွင့်အရေးနဲ့ နစ်နာချက်များ ရရှိအောင်လည်း ဗြိတိသျှအစိုးရထံမှ တောင်းယူခဲ့ကြတာဖြစ်ပါတယ်။ အဲဒီလိုတောင်းဆိုမှုတွေ သန္နိဋ္ဌာန်ချတည်ခဲ့တာကတော့ ချင်းတောင် ညီညွတ်ရေးအဖွဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ ၁၉၂၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ဖြစ်ကြောင်းလည်း မှတ်သားမိပါတယ်။

လွတ်လပ်ရေးရရှိပြီးတဲ့နောက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ


*စာမျက်နှာ ၃ ကော်လံ ၁*


# ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှုနှင့်ဆက်စပ်နေသည့်အတွက် ကလေးအလုပ်သမားအသုံးပြုခြင်းများ တွေ့ရ

# မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးစီမံကိန်းအတွက် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ ညှိနှိုင်း



မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲ တွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကလေးအလုပ် သမားပပျောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ် ကြီး ကျော်ဆွေ၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာ အောင်သူ၊ ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာ မျိုးသိမ်းကြီး၊ ဒေါက်တာ မြင့်ထွေး၊ ဦးဟန်ဇော်၊ ဒေါက်တာဝင်းမြတ်အေးနှင့် ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်


*စာမျက်နှာ ၄ ကော်လံ ၁*





မြန်မာ့အလင်း

# လွတ်လပ်သောပြည်သူ့အသံအတွက် ရေဒီယိုအစီအစဉ်များ

ဒီမိုကရေစီစနစ်မှာ ပြည်သူလူထုရဲ့လွတ်လပ်စွာ ရေးသားပြောဆိုထုတ်ဖော်နိုင်ခွင့်က အရေးကြီးပါသည်။ ဒီမိုကရေစီနှင့် လွတ်လပ်စွာ ထုတ်ဖော်နိုင်ခွင့်ဆိုသည်က ဒင်္ဂါးပြားတစ်ခု၏ ခေါင်းနှင့်ပန်းလို ယှဉ်တွဲလျက်ရှိနေခြင်းဖြစ်သည်။

ဒီမိုကရေစီမရှိလျှင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ခွင့်မရှိ။ ထို့အတူ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ခွင့်မရှိလျှင် ဒီမိုကရေစီရှိပြီဟု မဆိုနိုင်။

ထို့ကြောင့်ပင် ပြည်သူ့အစိုးရသည် ဒီမိုကရေစီ အခွင့်အရေးများ ခိုင်ခိုင်မာမာတည်ဆောက်ဖို့ ပြည်သူတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အာမခံနိုင်ရန် ကြိုးစားရသည်။ ပြည်သူတို့လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရရှိနိုင်သည့် ဝန်းကျင်နှင့် အာဝါသကို ဖန်တီးပေးရန် ဒီမိုကရေစီအစိုးရတို့က တာဝန်ယူရ၏။

ဤကဲ့သို့ ပြည်သူတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်မှုကို ဖန်တီးပေးသည့် ဆောင်ရွက်မှုများထဲကတစ်ခုအဖြစ် လူထုရေဒီယိုအစီအစဉ်တစ်ခု စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ မနှစ်က ၂၈ ဩဂုတ် ၂၀၁၇ တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဂျာမနီနိုင်ငံ DW Akademie၊ စုပေါင်းအားမာန်ကျေးရွာဖွံ့ဖြိုးရေးဦးဆောင်အဖွဲ့တို့ "ခရေ FM - ထန်းတပင် လူထုရေဒီယို ထုတ်လွှင့်ရန် ရှေ့ပြေးစီမံကိန်း သဘောတူစာချုပ်" လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ယခု ၁၈ ဖေဖော်ဝါရီ ၂၀၁၈ တွင် ဒေသခံအဖွဲ့အစည်းဖြစ်သည့် စုပေါင်းအားမာန် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှစေတနာ့ဝန်ထမ်း လုပ်အားပေးများဖြင့် ရေဒီယိုအစီအစဉ်များ စတင်ထုတ်လွှင့်တော့မည် ဖြစ်ပါ၏။

မြန်မာနိုင်ငံ၏ ပထမဆုံးသော လူထုရေဒီယိုအစီအစဉ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေး၊ ဖျော်ဖြေရေးနှင့် ထန်းတပင်မြို့နယ်၏ လှုပ်ရှားမှုသတင်းစသည်တို့ကို ထုတ်လွှင့်သွားမည်ဟု သိရပါသည်။

အဆိုပါ ရေဒီယိုအစီအစဉ်တွင် တိုက်ရိုက်ထုတ်လွှင့်မှုအဖြစ် နေ့စဉ်မွန်းလွဲ ၂ နာရီမှ ၄နာရီအထိလည်းကောင်း၊ ပြန်လည်ထုတ်လွှင့်မှုအစီအစဉ်အဖြစ် နံနက် ၈နာရီမှ ၁၀ နာရီထိလည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ပါ သည်။

ထိုအစီအစဉ်များကို ရေဒီယိုဖြင့်သာမက မိုဘိုင်းတယ်လီဖုန်းများဖြင့်လည်း ၁၀၄.၈ MHZ မှ ထန်းတပင်မြို့နယ်အတွင်း ဖမ်းယူနားဆင်နိုင်ပါမည်။

သည့်မျှမကဘဲ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံအခြေစိုက်နိုင်ငံတကာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်နေသည့်အဖွဲ့(IMS- Fojo) ၏ ကူညီမှုဖြင့် ဒေးဒရဲမြို့နယ် တည်းကုန်းကျေးရွာအုပ်စုတွင် သစ္စာလူထုရေဒီယိုနှင့် ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် လူထုရေဒီယိုရှေ့ပြေးစီမံကိန်းများ ကိုလည်း စီစဉ်ဆောင်ရွက်နေပြီဟု သိရပါသည်။

ပြည်သူလူထုတို့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်စီစဉ်ထုတ်လွှင့်သည့် လူထုရေဒီယိုအစီအစဉ်များ နိုင်ငံအနှံ့ ဖြန့်ကြက်လာပြီး ဒီမိုကရေစီဘောင် ကျယ်ဝန်းလာတော့မည်ဟု ယုံကြည်မျှော်လင့်ရင်း လူထုရေဒီယိုအစီအစဉ်များကို ကြိုဆိုဂုဏ်ပြုလိုက်ရပါကြောင်း။ ။

## စတုတ္ထတန်းနှင့် အဋ္ဌမတန်းအဆင့် စာမေးပွဲ စတင်ဖြေဆို

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၉**

ကချင်ပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ခရိုင်အဆင့် စတုတ္ထတန်းနှင့် ပြည်နယ်အဆင့် အဋ္ဌမတန်းနှစ်ဆုံး စာမေးပွဲများကို ဖေဖော်ဝါရီ ၁၉ ရက်မှစတင်ကာ သတ်မှတ်စာစစ်ဌာနအသီးသီး၌ စတင်ဖြေဆိုလျက်ရှိသည်။

အခြေခံပညာ စတုတ္ထတန်း နှစ်ဆုံးစာမေးပွဲအား ခရိုင်အဆင့်အဖြစ် ကျင်းပပြုလုပ်လျက်ရှိရာ မြစ်ကြီးနားခရိုင်တွင် ကျောင်းသား ၆၁၉၉၈ ဦးနှင့် ကျောင်းသူ ၅၇၈၁ ဦး စုစုပေါင်း ၁၁၉၇၉ ဦး၊ မိုးညှင်းခရိုင်တွင် ကျောင်းသား ၆၀၇၈ ဦးနှင့် ကျောင်းသူ ၅၆၃၃ ဦး စုစုပေါင်း ၁၁၇၁၂ ဦး၊ ဗန်းမော်ခရိုင်တွင် ကျောင်းသား ၄၂၈၅ ဦးနှင့် ကျောင်းသူ ၃၈၂၈ ဦး စုစုပေါင်း ၈၁၁၃ ဦး၊ ပူတာအိုခရိုင်တွင် ကျောင်းသား ၁၃၀၉ ဦးနှင့် ကျောင်းသူ ၁၂၂၃ ဦး စုစုပေါင်း ၂၅၃၂ ဦးတို့က ခရိုင်လေးခုတွင် စတုတ္ထတန်းအဆင့် ကျောင်းသား ၁၇၈၇၀ နှင့် ကျောင်းသူ ၁၆၄၇၅ ဦး စုစုပေါင်း ၃၄၃၄၅ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာ ဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေး

**လွိုင်ကော် ဖေဖော်ဝါရီ ၁၉**

ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဂျာမဏီနိုင်ငံမှ Plastic Surgery ဆရာဝန်များအဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၉ ရက်က နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာ ရရှိထားသော လူနာများအား အခမဲ့ခွဲစိတ်ကုသမှု ဖွင့်ပွဲအခမ်းအနားကို ခုတင် ၅၀၀ ဆံ့ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလှထွေး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဂျာမနီနိုင်ငံမှ Plastic Surgery ဆရာဝန်များအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ခုတင် ၅၀၀ ဆံ့ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးရဲမြင့်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ စားဖိုမှူးများအသင်းဥက္ကဋ္ဌ Mr. Oliva Soe Thet မှ ခွဲစိတ်ကုသမှုအစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမဲ့ခွဲစိတ်ကုသမှုအစီအစဉ်အတွက် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မြင့်မြင့်မော်က အလှူငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ ကယားပြည်နယ်အတွင်းသာမက ရှမ်းပြည်နယ်နှင့် အခြားတိုင်းဒေသကြီးများမှ ဝေဒနာရှင်များပါဝင်ပြီး ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁ ရက်အထိ ကုသပေးမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် လာရောက်ကုသမှုခံယူလျက်ရှိသည့် ဝေဒနာရှင် များပြားလျက်ရှိကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

***ထင်သာမြင်သာ ပြုပြင်စရာ***

# ရေတာရှည်မြို့နယ်၌ တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းသူများကို ထိရောက်စွာအရေးယူပေးစေလို



သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့ပင်ဆောင်ရွက်စေကာမူ နေရာဒေသအနှံ့အပြားတွင် တရားမဝင်ငါးဖမ်းနည်းဖြစ်သော ဘက်ထရီကျဉ်စက်ဖြင့် ရှော့ခ်တိုက်ငါးဖမ်းဆီးသူများ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလျက်ရှိပြီး ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူနိုင်ခြင်းမရှိသည့်အပြင် ယခုအခါ နေ့ခင်းဘက်တွင်ပါ ရန်ကုန်-မန္တလေးကားလမ်းဘေး ဝဲယာရေမြောင်းများအတွင်း ဖမ်းဆီးလျက်ရှိနေသည်ကို မြင်တွေ့ခဲ့ရသည်။**(ယာပုံ)**

"ကျဉ်စက်ထိုးတဲ့သူတွေက အလွန်ကို ဆိုးရွားနေပြီ၊ ညပိုင်းဆို စပါးခင်းလယ်ကွက်တွေထဲကို ငါးရှဉ့်ရှာတယ်၊ အပင်တွေ အနင်းခံရတယ်၊ လယ်ရှင်က မြင်လို့ တစ်ယောက်တည်းတော့ သွားမပြောရဲဘူး၊ လေးခွနဲ့ပြန်ပစ်တယ်"ဟု ကိုယ်တိုင်ကြုံတွေ့ရသော တောင်သူတစ်ဦးက ပြောသည်။ ရှော့ခ်တိုက်ငါးဖမ်းဆီးမှုများကြောင့် ချောင်းမြောင်းအင်းအိုင်များရှိ ငါးမျိုးစိတ်များစွာ မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ပြီး တစ်ပိုင်တစ်နိုင် ရှာဖွေဖမ်းဆီးရမိမှု ခက်ခဲလာကာ ဈေးများတွင် ပြန်လည်ရောင်းချသော ငါးများကိုသာ ဈေးကြီးပေး၍ ဝယ်စားနေကြရကြောင်း အိမ်ရှင်မတစ်ဦးက ပြောသည်။

ရှော့ခ်တိုက် ငါးဖမ်းဆီးခြင်းများကြောင့် ငါးအရွယ်အစားအားလုံးကို ထိခိုက်ခြင်းအပြင် လွတ်ကျန်ခဲ့သည့် ငါးများ၏ မျိုးပွားအင်္ဂါအစိတ်အပိုင်းများထိခိုက်ခြင်း၊ ငါးကြီးထွားမှုနှုန်းကို ထိခိုက်နိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပြောကြားကြသည်။ ထိုသို့ တရားမဝင်နည်းလမ်းဖြင့် ငါးဖမ်းဆီးမှုများကို စစ်တောင်းမြစ်ကြောင်းတစ်လျှောက်တွင်လည်း တွေ့ရှိနိုင်ပြီး စက်တပ်လှေငယ်များဖြင့် ရှော့ခ်တိုက်ငါးဖမ်းခြင်း၊ ပိုက်ကွန်ကို ဘက်ထရီဖြင့် ရှော့ခ်တိုက်ငါးဖမ်းဆီးခြင်းအပြင် ဆေးချ၍ ပုစွန်ဖမ်းဆီးခြင်းများရှိနေရာ သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံးအရေးယူဆောင်ရွက်နိုင်ရန် ဒေသခံများက လိုလားနေကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

## နှစ် (၇၀) ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

**ဟားခါး ဖေဖော်ဝါရီ ၁၉**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပမည့် နှစ် (၇၀) ပြည့် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပမှု၊ ချင်းရိုးရာခွေါင်ကြွဲပွဲကျင်းပမှုနှင့် ဖျော်ဖြေရေး အစီအစဉ်များကို Skynet တိုင်းရင်းသား Channel Line (97) တွင် နံနက် ၉ နာရီမှစ၍ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၉-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၄ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဗူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ ရှေ့ဖုံးမှ

ချင်းပြည်နယ် ဖလမ်းမြို့မှာ လူထုညီလာခံကျင်းပပြီး မျိုးနွယ်စုအကြီးအကဲဖြစ်တဲ့ တိုက်သူကြီးများအုပ်ချုပ်တဲ့စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှာ ရန်ကုန်မြို့မှာ ကျင်းပခဲ့တဲ့ သတ္တမအကြိမ် ချင်းရေးရာကောင်စီညီလာခံမှာလည်း ချင်းအမျိုးသားနေ့ သတ်မှတ်ရေးအဆိုတွေ တင်သွင်းမှုအပေါ် တက်ရောက်လာကြတဲ့ အမတ်အားလုံးရဲ့ဆန္ဒကိုရယူပြီး ဖလမ်းမြို့မှာ လူထုညီလာခံတစ်ရပ်ကျင်းပခဲ့ပါတယ်။ အဲဒီလူထုညီလာခံကျင်းပခဲ့တဲ့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို “ ချင်းအမျိုးသားနေ့” အဖြစ် ရွေးချယ်သတ်မှတ်အတည်ပြုခဲ့ကြပါတယ်။ ၁၉၄၈ ခုနှစ်ကိုအစပြုပြီး သတ်မှတ်ခဲ့တဲ့ ချင်းအမျိုးသားနေ့ဟာ ယခုနှစ်ဆိုရင် နှစ်(၇၀)ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ချင်းအမျိုးသားနေ့ဟာ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနဲ့ ရိုးရာဓလေ့ထုံးတမ်းအရ တူညီတဲ့ မျိုးနွယ်စု အားလုံးပါတဲ့ ချင်းလူမျိုးတို့ရဲ့နေ့ထူးနေ့မြတ်လည်းဖြစ်ပါတယ်။

နယ်ချဲ့တော်လှန်ရေးတိုက်ပွဲတွေမှာ ပြည်ထောင်စုသား တိုင်းရင်းသားများနဲ့ အတူ လက်တွဲပူးပေါင်းပါဝင်ခဲ့ကြတဲ့ ချင်းတိုင်းရင်းသားတွေကို ခေါင်းဆောင်ခဲ့တဲ့ ချင်းအမျိုးသားခေါင်းဆောင်တွေဖြစ်တဲ့ ဗိုလ်ကြွန်ဘိတ်ခ်နဲ့ ဗိုလ်ခိုင်ကမ်းတို့ဟာ ချင်းတိုင်းရင်းသားတို့အတွက် ဂုဏ်ယူဖွယ်ရာအတိဖြစ်ပါတယ်။ ဒါ့အပြင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ချုပ်ဆိုခဲ့တဲ့ ပင်လုံစာချုပ်မှာလည်း ပြည်မ တောင်တန်း အတူတကွ လွတ်လပ်ရေးရယူဖို့ကို ချင်းအမျိုးသားကိုယ်စားလှယ်တွေဖြစ်တဲ့ ဦးလှျံမှုန်၊ ဦးထောင်ဇာခုပ်နဲ့ ဦးကီယိုမန်းတို့ဟာ အနာဂတ်ပြည်ထောင်စုအတွက် ရဲရဲဝံ့ဝံ့ပါဝင်လက်မှတ်ရေးထိုးခဲ့ကြတာဟာလည်း ချင်းအမျိုးသားများရဲ့ ကြိုတင်မျှော်တွေးနိုင်မှုတစ်ခုအဖြစ် မှတ်ကျောက်တင်ရမှာဖြစ်ပါတယ်။

ချင်းပြည်နယ်ဟာ သဘာဝပထဝီအနေအထားအရ မြောက်မှတောင်သို့ သွယ်တန်းနေတဲ့ အနောက်ရိုးမ ဘင်္ဂလားပင်လယ်အော်ကို စီးဝင်နေတဲ့ ကုလားတန်မြစ်၊ ရှားပါးအပင်များ ပေါက်ရောက်ရာနဲ့ ရှားပါးသတ္တဝါများခိုအောင်းရာ ခေါ်နူးစုမ်တောင်၊ ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားတဲ့စစ်မြေပြင် ကနေဒီတောင်ထိပ်၊ လုပတဲ့ရိဒ်ရေကန်၊ တသွင်သွင်စီးဆင်းနေတဲ့ မဏိပူရမြစ်၊ ဘေနုမြစ်၊ ဘုံတလာရေတံခွန်စတဲ့ သဘာဝအရင်းအမြစ်များနဲ့ မြေပေါ်မြေအောက်သယံဇာတများ တည်ရှိရာ နေရာတစ်ခုဖြစ်ပါတယ်။

မိမိတို့အစိုးရအနေနဲ့ ချင်းတိုင်းရင်းသားလူမျိုးတို့ရဲ့ မူလဌာနေဖြစ်တဲ့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူများရဲ့အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြနဲ့ကျေးလက် ဖွံ့ဖြိုးတိုးတက်မှုနဲ့ မြို့နယ် အသီးသီးကြား ဖွံ့ဖြိုးတိုးတက်မှုကို တစ်ပြေးညီဖြစ်စေဖို့ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ဆရာ ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနဲ့ ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

ချင်းပြည်နယ် သဘာဝပထဝီအနေအထားအရ မြင့်မားတဲ့တောင်တန်း၊ တောင်စွယ်များရှိနေတဲ့အတွက် တစ်နေရာမှ တစ်နေရာသို့ သွားလာရေးခက်ခဲလှတဲ့ အခြေအနေရှိနေပေမယ့်လည်း ချင်းပြည်နယ် အနှံ့အပြားသို့ မဟာဓာတ်အားလိုင်းကနေ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ဖို့ စီမံဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေဖို့ ပြည်မနဲ့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တဲ့ အဝေးပြေးလမ်းများ၊ ပြည်နယ်အတွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချင်းပြည်နယ်ကနေ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးနဲ့ ဆက်သွယ်သွားလာနိုင်မယ့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနဲ့ ပလက်ဝမြို့ ဆိပ်ကမ်း တည်ဆောက်ခြင်း၊ ဖလမ်းမြို့မှာ ချင်းပြည်နယ်ရဲ့ ပထမဆုံးလေယာဉ်ကွင်းတည်ဆောက်ခြင်း၊ ဟားခါး၊ ဖလမ်းနဲ့ ပလက်ဝမြို့ပြစီမံကိန်း အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုအခါ ကဏ္ဍအလိုက် သိသာထင်ရှားတဲ့ ဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိနေပြီဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်အတွင်းမှာ မတူပီမြို့ကို ခရိုင်အဆင့်အဖြစ်နဲ့ မကွီအိမ်နူးကျေးရွာနဲ့ နှာဟရိန်ကျေးရွာတို့ကို မြို့အဆင့်အဖြစ် တိုးမြှင့်ဖွဲ့စည်းခွင့် ပြုခဲ့ပြီဖြစ်ပါတယ်။ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နဲ့အတူ တိုင်းရင်းသားပြည်သူများကလည်း လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။

ချင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုကလည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးထားပြီး နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စု တိုင်းရင်းသားများနှင့် အတူလက်တွဲပြီး တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာတဲ့ လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေကြပြီဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသားပြည်သူအားလုံးကို လိုလားတောင့်တနေတဲ့၊ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်မယ့်၊ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ခိုင်မာစွာတည်ဆောက်နိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နိုင်ငံရေးဆွေးနွေးပွဲများနဲ့ ပတ်သက်ပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ချင်းတိုင်းရင်းသားများကလည်း လက်တွဲမဖြုတ်စတမ်း ခိုင်မာတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆက်လက်ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ လေးနက်စွာတိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ

“ ချင်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုကလည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးထားပြီး နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စု တိုင်းရင်းသားများနှင့်အတူ လက်တွဲပြီး တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာတဲ့ လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေကြပြီဖြစ်ပါတယ် ”

# တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးမြင့်အောင် တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကိုစီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ခုနစ်မှုတို့ကိုရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး

**တာချီလိတ် ဖေဖော်ဝါရီ ၁၉**

တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ပါဘီးကျေးရွာ၌ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပရာ တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းနှင့် တာဝန်ရှိသူများက ဒေသနှင့်သင့်လျော်သော စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးရေး၊ တစ်ပိုင်တစ်နိုင် မျိုးသန့်ထုတ်လုပ်ရေးနည်းပညာများ၊ မိုးစပါးအပြင် ဆောင်းသီးနှံနှင့် ဟင်းသီးဟင်းရွက် တိုးချဲ့စိုက်ပျိုးခြင်းအကြောင်းကို ပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်သီးနှံကာကွယ်ရေးဌာန တာဝန်ခံဒေါ်ဌေးက ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်အသုံးပြုနည်းနှင့် ဒေသထွက် ငရုတ်သီးဖြင့် သဘာဝပိုးသတ်ဆေးပြုလုပ် သုံးစွဲနည်းများအား သရုပ်ပြရှင်းလင်းရာ တက်ရောက်လာကြသည့် လားဟူနှင့် အာခါတိုင်းရင်းသားတောင်သူများမှ စိတ်ဝင်တစားလေ့လာကြပြီး သိရှိလိုသည်များအား မေးမြန်းရာ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ခံတို့က ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက် ခေတ်မီနည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူပညာပေးစံကွက်လက်တွေ့သရုပ်ပြစိုက်ပျိုးကြသည်။ **မောင်ယဉ်ကျေး**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

❋ ရှေ့ဖုံးမှ

များ ဖြစ်ကြသော ဒေါက်တာခက်အောင်၊ ဒေါ်နန်းခင်ထွေးမြင့်၊ ဒေါက်တာမြင့်နိုင်၊ ဒေါက်တာ လဲ့လဲ့မော်၊ ဦးဝင်းသိန်း၊ ဒေါက်တာအောင်မိုးညို၊ ဒေါက်တာဇော်မြင့်မောင်၊ ဦးညီပု၊ ဦးဖြိုးမင်းသိန်း၊ ဒေါက်တာလင်းထွဋ်နှင့် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ကော်မတီဝင်များ ဖြစ်ကြသည့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကြည်သူ၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## စီမံကိန်းရည်မှန်းချက်များ

အစည်းအဝေးတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၂၃ / ၂၀၁၈ ဖြင့် ဒုတိယသမ္မတ(၁) ဦးဆောင်၍ အဖွဲ့ဝင် ၃၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် ရှစ်ရပ် ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန် ရှစ်ရပ်မှာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး စီမံကိန်းအတွက် အမျိုးသားအဆင့်၊ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း၊ စီမံကိန်းရည်မှန်းချက်များကို ဆောင်ရွက်ရာတွင် အရေးကြီးသော လုပ်ငန်းများအား မူဝါဒချမှတ်ပေးခြင်း၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်ချက်များအပေါ် ခြောက်လတစ်ကြိမ် ပြန်လည်သုံးသပ်၍ လိုအပ်သလို လမ်းညွှန်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်ပအဖွဲ့အစည်း၊ အလှူရှင်များ၊ ပြည်တွင်းအဖွဲ့အစည်းများမှ ထည့်ဝင်လှူဒါန်းသည့် ငွေကြေး၊ ပစ္စည်းဥစ္စာနှင့် နည်းပညာများကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တစ်နှစ်တစ်ကြိမ် အစီရင်ခံတင်ပြခြင်းတို့ ဖြစ်ပါကြောင်း။

## ဆိုးရွားစွာကြုံတွေ့နေရ

ယနေ့ကမ္ဘာတွင် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်ဦးရေသည် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်း၊ တစ်ဘီလီယံခန့်ရှိပြီး ကမ္ဘာ့လူငယ်လူရွယ်ထု၏ အခြေအနေသည် ဒေသတွင်းနိုင်ငံများနှင့် လူမှုအဖွဲ့အစည်းများအကြား စီးပွားရေး၊ လူမှုရေး၊ နည်းပညာ၊ ယဉ်ကျေးမှု ကွာဟမှုများနှင့် မတူညီမှုများကို ဆိုးရွားစွာ ကြုံတွေ့နေရသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အသက် ၅နှစ်မှ ၁၇ နှစ်အကြား ကလေးအလုပ်သမား ၁၅၂ သန်းခန့်ရှိရာ ၇ ဒသမ ၄ ရာခိုင်နှုန်းသည် အာရှနှင့် ပစိဖိတ်ဒေသတွင်ရှိနေပြီး စိုက်ပျိုးရေးကဏ္ဍများတွင် ၇၀ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ၎င်းတို့အထဲမှ ၇၃ သန်းခန့်သည် အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရကြောင်းကိုလည်း လေ့လာသိရှိရပါကြောင်း။

## အဖိုးတန်အရင်းအမြစ်များဖြစ်

ကမ္ဘာ့လူငယ်လူရွယ်ဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရှိနေပြီး အာရှဒေသ၌ ၆၀ ရာခိုင်နှုန်းခန့် ရှိနေသည်ကို တွေ့ရပါကြောင်း၊ လူငယ်များနှင့် ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက် အကောင်း၊ အဆိုးကို ဖန်တီးရာတွင် အလွန်အရေးကြီးပြီး နိုင်ငံ၏ အဖိုးတန်သည့် အရင်းအမြစ်များ ဖြစ်ပါကြောင်း။

ဒေသတွင်း ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင်လည်း လုပ်ငန်းခွင်များ၌ ကုန်ထုတ်စွမ်းအားကို အထောက်အကူဖြစ်စေမည့် လူငယ် လူရွယ်နှင့် ကလေးအလုပ်သမားများ အသုံးပြုလေ့ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်နေသည့်အတွက် ကလေးအလုပ်သမား အသုံးပြုခြင်းများကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

## အမျိုးမျိုးကျရောက်

နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများသည် ကလေးအလုပ်သမား အသုံးပြုရသည့် အဓိက အခြေခံအကြောင်းရင်းများနှင့် တိုက်ရိုက်ဆက်စပ်နေသည်ကို တွေ့ရှိရမည်ဖြစ်သကဲ့သို့ ယနေ့ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ Global Climate Change ၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကျရောက်မှုကြောင့် စားနပ်ရိက္ခာဖူလုံမှု မရှိခြင်း၊ ပြည်တွင်းပဋိပက္ခအချို့ကြောင့် ဆင်းရဲနွမ်းပါးမှုများနှင့် ရွှေ့ပြောင်းနေထိုင်ရမှုများ ရှိနေသောကြောင့် လူမှုစီးပွားဘဝ အကျပ်အတည်းများမှတစ်ဆင့် ကလေးအလုပ်သမား၊ လူငယ်၊ လူရွယ်အလုပ်သမားများသည် ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ဘဲ ကလေးအလုပ်သမားအဖြစ် အသုံးပြုခံနေရမှုများကိုလည်း ဖွံ့ဖြိုးဆဲနိုင်ငံ အများစုတွင် ကြုံတွေ့နေကြရသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

## ပြုပြင်ပြောင်းလဲလျက်ရှိ

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် အရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲလျက်ရှိပြီး တစ်ဖက်တွင်လည်း တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိအောင် ဦးစားပေးဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

## ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံသည် ဒေသတွင်း အာဆီယံနိုင်ငံများနည်းတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် "အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ ILO ပြဋ္ဌာန်းချက် အမှတ်၁၈၂" ကို လက်ခံအတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး ကလေးအလုပ်သမားရေးရာနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ် ( ILO )၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

## နိုင်ငံအဆင့်စီမံကိန်းများ

ယနေ့ကမ္ဘာပေါ်တွင်ရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကလေးအလုပ်သမား ပပျောက်ရေးနှင့် ပတ်သက်၍ လုံးဝဆိတ်သုဉ်း ပပျောက်သွားအောင် ဆောင်ရွက်နိုင်မှု မရှိသေးသော်လည်း နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်ပြီး ကလေးအလုပ်သမား လျှော့ချရေးအစီအစဉ်များကို နိုင်ငံအဆင့်စီမံကိန်းများ ချမှတ်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

## ရှေ့လုပ်ငန်းစဉ်များချမှတ်

ထို့ကြောင့် ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးစီမံကိန်းအတွက် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ပေါင်းစပ်ညှိနှိုင်း တိုင်ပင်ဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားနိုင်ရေးအတွက် အားလုံးတက်တက်ကြွကြွဖြင့် ပါဝင်ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းစီမံကိန်းနှင့် ပတ်သက်၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ကော်မတီတွဲဖက်အတွင်းရေးမှူး အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကော်မတီများ ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ပထမအကြိမ်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဦးကျော်တင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဦးခင်မောင်ချိုနှင့် ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ဒေါက်တာမြင့်နိုင်၊ ဦးဝင်းသိန်း၊ ဒေါက်တာဇော်မြင့်မောင်၊ ဒေါက်တာအောင်မိုးညို၊ ဦးညီပု၊ ဒေါက်တာလင်းထွဋ်၊ ဦးလှမိုးအောင်၊ မန္တလေး မြို့တော်ဝန် ဒေါက်တာရဲလွင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကြည်သူ၊ မြန်မာနိုင်ငံ စက်မှု လက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဌေးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကလေးလုပ်သား စာရင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များ၊ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေရေးရာ ဆိုင်ရာကိစ္စရပ်များ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ ကိစ္စရပ်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ စောင့်ကြည့်အကဲဖြတ် စိစစ်ရေးဆိုင်ရာများ၊ ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

## အမျိုးသားရေးတာဝန်တစ်ရပ်

ယင်းနောက် ဒုတိယသမ္မတ က ယခုအစည်းအဝေးတွင် သဘောတူဆုံးဖြတ်ထားသည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရမည့် လုပ်ငန်းကော်မတီ ရှစ်ခုနှင့် အတွင်းရေးမှူးအဖွဲ့ အပါအဝင် စုစုပေါင်း ကိုးဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီများကို စနစ်တကျ ဆက်လက်ဖွဲ့စည်း တာဝန်ပေးအပ်ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ အမျိုးသားကော်မတီ၏ အတွင်းရေးမှူးအဖွဲ့အနေဖြင့်လည်း ကလေးအလုပ်သမား ပပျောက်ရေးစီမံကိန်းအတွက် လုပ်ငန်းစီမံချက်( မူကြမ်း )ကို နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေးတွင် တင်ပြ အတည်ပြုချက်ယူနိုင်ရေး ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်း စီမံကိန်းသည် တစ်မျိုးသားလုံးနှင့် အကျုံးဝင်သက်ဆိုင်သည့် လုပ်ငန်းဖြစ်သဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး အလေးထားပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်စေလိုပါကြောင်း နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုရေးရာသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Panna Institute၊ Konrad Adenauer Stiftung တို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုရေးရာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုသင်တန်းသည် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်ရန် ပို့ချခြင်းဖြစ်ခြင်းကြောင့် မိမိတို့နိုင်ငံအတွက် များစွာအရေးကြီးသည့် သင်တန်းဖြစ်ပါကြောင်း၊ ဤသင်တန်းမျိုးကို ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ၃၁ ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်ကို သိရှိရပါကြောင်း၊ ရန်ကုန်မြို့တွင် ငါးကြိမ်၊ နေပြည်တော်တွင် ၁၀ ကြိမ်နှင့် မန္တလေး၊ တောင်ကြီး၊ ပုဂံ၊ မုံရွာ၊ မကွေး၊ ပဲခူး၊ ဖားအံ၊ လွိုင်ကော်၊ မြစ်ကြီးနား၊ ထားဝယ်၊ ဖားကန့်၊ စစ်တွေမြို့တို့တွင် ၁၆ ကြိမ်ဖြစ်ကြောင်း။




ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုရေးရာသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ယခု ၂၀၁၈ ခုနှစ်တွင်လည်း မိမိတို့ ပူးပေါင်း၍ သင်တန်းများကို နေပြည်တော်မှ စတင်ဖွင့်လှစ်ပြီ ဖြစ်ပါကြောင်း၊ တောင်ငူ၊ မိတ္ထီလာ၊ ကျိုင်းတုံ၊ ရွှေဘိုမြို့တို့တွင် ဆက်လက်ဖွင့်လှစ်ရန်ရှိပါကြောင်း၊ သင်တန်းတွင်လည်း တက်တက်ကြွကြွ ပါဝင်ဆွေးနွေးရန် အရေးကြီးပါကြောင်း၊ သင်တန်းပို့ချသည့် ဆရာ ဆရာမများကိုလည်း ရင်းနှီးပွင့်လင်းစွာ တင်ပြပြီး တိုင်းပြည်အတွက် အကောင်းဆုံး အသုံးချစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဒေါက်တာ တင်မောင်မောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Konrad Adenauer Stiftung မှ ကိုယ်စားလှယ် ဒေါ်ခင်သူဇာထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသားများ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်သူ့ရေးရာနှင့် ပတ်သက်သည့် သဘောတရားများ၊ ကမ္ဘာ့စီးပွားရေးနှင့် မြန်မာ့စီးပွားရေး အခြေခံအချက်အလက်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ပရောဂျက်လုပ်ငန်းအကြောင်းအရာများကို ပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❍ ကျော့ဖုံးမှ

Spring 2018 A Voyage around the world အစီအစဉ်ဖြင့် လိုက်ပါလာကြသော ကျောင်းသား ကျောင်းသူများဖြစ်ပြီး စုစုပေါင်း ၆၃၅ ဦးပါဝင်၍ အမေရိကန်နိုင်ငံသား အများဆုံးပါဝင်ပြီး မြောက်အမေရိက၊ အာရှ၊ ဥရောပနှင့် အာဖရိကတို့ရှိ နိုင်ငံပေါင်း ၁၁ နိုင်ငံတို့သို့ လည်ပတ်ကြမည်ဖြစ်ကြောင်း၊ အဆိုပါ သင်္ဘောသည် မြန်မာနိုင်ငံမှ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီ တွင် အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ထူးခြားသည့်ညအပူချိန်

၁၉-၂-၂၀၁၈

| | | |
|---|---|---|
| ဟားခါးမြို့ | ၁ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| သီပေါမြို့ | ၆ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့ | ၆ | ဒီဂရီစင်တီဂရိတ် |

# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေရှိရမည့် ဒေသန္တရစီမံကိန်းများ၊ အစီအမံများဖြစ်စေရေး အလေးထားဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းများ စတင်ဆောင်ရွက်**

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အစည်းအဝေးသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ်ကျင်းပသည့် (၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေး ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်က ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက်ရှစ်ရပ် ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါ အစည်းအဝေးဆုံးဖြတ်ချက်များအရ အမြန်အကောင်အထည်ဖော် ဖွဲ့စည်းလျှင် အမြန်အကျိုးရှိနိုင်သည့် အဖွဲ့သုံးဖွဲ့ဖြစ်သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ကို ဖွဲ့စည်းခွင့်ရရှိရေးအတွက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတနှင့် တွဲဖက်ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ တင်ပြခွင့်ပြုချက်ရယူ၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် လုပ်ငန်းကော်မတီမှ ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအနေဖြင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတစ်ဝန်း ပျံ့နှံ့လျက်ရှိသည့် ၉၉ ရာခိုင်နှုန်းသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အခြေပြုပြီး အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အထူးကြိုးပမ်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**ဘက်စုံထောင့်စုံမှ ဖြည့်ဆည်း**

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် စိန်ခေါ်မှုများ၊ အခက်အခဲများစွာ ရှိသော်လည်း ရင်ဆိုင်ကျော်လွှား ဖြေရှင်းနိုင်ရန်အတွက် အဘက်ဘက်မှ လေ့လာသုံးသပ်ပြင်ဆင်ရန် လိုအပ်သကဲ့သို့ ဘက်စုံထောင့်စုံမှ ဖြည့်ဆည်းအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများ၌ ဒေသဆိုင်ရာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ကို အဖွဲ့ဝင် ခုနစ်ဦးမှ ၁၁ ဦးထိ ပါဝင်ဖွဲ့စည်းရေးနှင့် ဖွဲ့စည်းပြီးစီးမှုအခြေအနေကို ပြန်လည်တင်ပြပေးနိုင်ရေး အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများ ချမှတ်ရန် အကောင်အထည်ဖော်မှု အစီအစဉ်များ၊ နည်းပညာလွှဲပြောင်းခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်း၍ အမျိုးသားအဆင့် ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ထို့ပြင် ဒေသတွင်းမှ တစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရေရှည် ယှဉ်ပြိုင်ရပ်တည်နိုင်သည်အထိ အားပေးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**ဒေသထွက်ထုတ်ကုန်ပစ္စည်းများ**

ထို့ကြောင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းများထဲတွင် ပထမဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများမှ ဒေသထွက်ထုတ်ကုန် ပစ္စည်းများ (Micro, Small and Medium Enterprises (MSMEs) Products) ပြပွဲနှင့် Regional Award ပြိုင်ပွဲများ အလှည့်ကျကျင်းပပြီး ဆုပေးပွဲများ ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတို့တွင် အလှည့်ကျကျင်းပပြီးပါက နောက်ဆုံးအဆင့်အနေဖြင့် နေပြည်တော်တွင် နိုင်ငံတော်အဆင့် MSMEs Products ဒေသတွင်း ပြပွဲနှင့် National Award ပြိုင်ပွဲများကို ကျင်းပသွားရန် စီစဉ်ထားသည်ဟု သိရှိရပါကြောင်း။

ယခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ မန္တလေးတိုင်းဒေသကြီးတွင် MSMEs ၏ ပထမအကြိမ် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

ယခုကဲ့သို့ ကျင်းပပေးခြင်းအားဖြင့် ပြည်တွင်းစားသုံးသူများအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ ထုတ်ကုန်အရည်အသွေးများကို အကဲဖြတ်လေ့လာနိုင်ခြင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ၏ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုများကို အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အချင်းချင်းသိရှိစေခြင်း၊ ကောင်းမွန်သည့် အချက်အလက်နှင့် ဆန်းသစ်တီထွင် စိတ်ကူးကောင်းများ ဖော်ထုတ်လေ့လာနိုင်ခြင်း၊ မိမိထုတ်လုပ်မှု လုပ်ငန်းစဉ် Supply Chain တစ်လျှောက် ဆက်စပ်ပတ်သက်နေသည့် အခြားအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြင့် ပေါင်းစပ်လုပ်ကိုင်လာနိုင်ခြင်း၊ ဒေသအချင်းချင်း ပေါင်းစည်းလုပ်ကိုင်လာနိုင်ခြင်းနှင့် ပေါင်းစည်းဆောင်ရွက်မှုများမှ နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း။

**ဆုများချီးမြှင့်ပေးသွားစေလို**

ထို့ကြောင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် (MSMEs Products) ပြပွဲနှင့် Regional Award ပြိုင်ပွဲများ၌ မိမိဒေသအတွင်း အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်များကို ဈေးနှုန်းချိုသာစွာ ခင်းကျင်းပြသနိုင်ရန် ကျယ်ဝန်းသည့်နေရာများ စီစဉ်ပေးခြင်း၊ လိုအပ်သည်များ ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဒေသအလိုက် ပြိုင်ပွဲများတွင် ဆုများကို အငယ်စား (Micro)၊ အသေးစား (Small)နှင့် အလတ်စား (Medium) ဟူ၍ အရွယ်အစားအလိုက် ပထမ၊ ဒုတိယ၊ တတိယအဆင့် သတ်မှတ်ပြီး ဆုများချီးမြှင့်ပေးသွားစေလိုပါကြောင်း။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ ပေါင်းစည်း ဖွံ့ဖြိုးစေရန်နှင့် ကဏ္ဍအလိုက်နယ်ပယ်တော်တော်များများတွင် ဟန်ချက်ညီမျှသည့် ဖွံ့ဖြိုးတိုးတက်မှု Balanced Growth ရရှိစေရန်တို့အတွက် ဒေသတွင်းအဆင့် (Regional Level)၊ အမျိုးသားအဆင့် (National Level) နှင့် အထူးသဖြင့် အာဆီယံဒေသတွင်း အဆင့်များ၌ ပိုမိုပူးပေါင်း အကောင်အထည်ဖော်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းထားပြီးဖြစ်သည့် အမျိုးသားအဆင့်၊ ဒေသတွင်းအဆင့်အဖွဲ့အစည်းများ အနေဖြင့် Target Line များ၊ Action Line များ၊ Timeline များအပါအဝင် Detail Schedule များ ချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ရှင်သန်ရပ်တည်နိုင်ရေး**

အာဆီယံဒေသတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ မဟာဗျူဟာမြောက် လုပ်ငန်းစီမံကိန်း (ASEAN Strategic Action Plan for SME Development ASEAN SAP SMED) ၂၀၁၆-၂၀၂၅ အရ အာဆီယံဒေသတွင်း၌ မြန်မာ့အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရှင်သန်ရပ်တည်နိုင်ရေးနှင့် အရည်အသွေးများကို ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးတို့အတွက် ရေးဆွဲထားသည့် ASEAN Strategic Action Plan ကို အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ညှိနှိုင်းအကောင်အထည်ဖော်လျက် ရှိပါကြောင်း။

ပြီးခဲ့သည့် ပထမအကြိမ်အစည်းအဝေးတွင် ပြောကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ မူဝါဒညွှန်းကိန်း မြင့်မားရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ၏ ပျမ်းမျှမူဝါဒညွှန်းကိန်းမျဉ်း (Policy Index Line) ၏အပေါ်ကို ရောက်ရှိအောင် ရည်မှန်းချက်ထား၍ ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်နေ**

အာဆီယံဒေသတွင်း နိုင်ငံအလိုက် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု အပေါ်သုံးသပ်ခြင်း - ASEAN SME Policy Index (၂၀၁၈)ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေး အဖွဲ့အစည်း (Organization for Economic Cooperation and Development – OECD) နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်းဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း။

*စာမျက်နှာ ၆ သို့*




အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

- ❒ **နိုင်ငံတစ်ဝန်း ပျံ့နှံ့လျက်ရှိသည့် ၉၉ ရာခိုင်နှုန်းသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အခြေပြုပြီး အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အထူးကြိုးပမ်း ဆောင်ရွက်**
- ❒ **အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် စိန်ခေါ်မှုများ၊ အခက်အခဲများစွာရှိသော်လည်း ရင်ဆိုင်ကျော်လွှား ဖြေရှင်းနိုင်ရန်အတွက် အဘက်ဘက်မှ လေ့လာသုံးသပ်ပြင်ဆင်ရန် လိုအပ်သကဲ့သို့ ဘက်စုံထောင့်စုံမှ ဖြည့်ဆည်းအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်**

- အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ ပေါင်းစည်းဖွံ့ဖြိုးစေရန်နှင့် ကဏ္ဍအလိုက် နယ်ပယ်တော်တော်များများတွင် ဟန်ချက်ညီမျှသည့် ဖွံ့ဖြိုးတိုးတက်မှု Balanced Growth ရရှိစေရန်တို့အတွက် ဒေသတွင်းအဆင့် (Regional Level)၊ အမျိုးသားအဆင့် (National Level)နှင့် အထူးသဖြင့် အာဆီယံဒေသတွင်း အဆင့်များ၌ ပိုမိုပူးပေါင်း အကောင်အထည်ဖော်ဆောင်
- အာဆီယံဒေသတွင်း ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချမှတ်ထားသည့် မူဝါဒများ၊ မဟာဗျူဟာများနှင့်လည်း ကိုက်ညီသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်

*စာမျက်နှာ ၅ မှ*

မြန်မာနိုင်ငံတွင်လည်း ယခုလာမည့် ၂၀၁၈ နှစ်ကုန်ပိုင်း၌ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် ပူးပေါင်းပါဝင်မှု အလုပ်ရုံဆွေးနွေးပွဲ National Socialization Seminar သို့မဟုတ် Workshop ကို OECD နှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့ ပူးပေါင်းကျင်းပသွားရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားရန်**

ထို့အပြင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ဆဋ္ဌမအကြိမ်မြောက် အာဆီယံအငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားရန် စီစဉ်လျက်ရှိပါကြောင်း။

၂၀၁၃-၂၀၁၄ ခုနှစ် (၃၂) ကြိမ်မြောက် ASEAN SME Working Group အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအနေဖြင့် လက်ခံကျင်းပခဲ့ပါကြောင်း၊ (၃၂)ကြိမ်မြောက်နှင့် (၃၃) ကြိမ်မြောက် အစည်းအဝေးများတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ကိုလည်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ တာဝန်ယူ ဆောင်ရွက်ခဲ့ပါကြောင်း။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့်မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေရှိရမည့် ဒေသန္တရစီမံကိန်းများ၊ အစီအမံများဖြစ်စေရေး အလေးထားဆောင်ရွက်ရမည့်အပြင် အာဆီယံဒေသတွင်း ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချမှတ်ထားသည့် မူဝါဒများ၊ မဟာဗျူဟာများနှင့်လည်း ကိုက်ညီသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ယခင် အစည်းအဝေး အဆုံးအဖြတ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ**

ယင်းနောက် လုပ်ငန်းကော်မတီ အဖွဲ့ဝင်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအောဂျင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက အေဂျင်စီအဖွဲ့၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ နှစ်ရပ်နှင့် အဖွဲ့သုံးဖွဲ့တို့မှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်များအတွက် အသုံးစရိတ်၊ ချီးမြှင့်ငွေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပမည့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်များ (MSMEs Products) ဒေသတွင်းပြပွဲ၊ ပြိုင်ပွဲများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးမင်းထင်အောင်ဟန်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်တို့က တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု၊ ဒေသအလိုက် လျှပ်စစ်ဓာတ်အားနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ အားနည်းချက်၊ အားသာချက်များနှင့် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေး**

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် အသိပညာရှင် အတတ်ပညာရှင်များနှင့် စီးပွားရေးပညာရှင်များက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ထို့နောက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုတ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ အင်ဂျင်နီယာအဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော ပေ(၁၅၂×၅၆) သံကူကွန်ကရစ် နှစ်ထပ်တိုးချဲ့ရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနရုံး အမှတ်-၄၂တွင် ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က အဆောက်အအုံသစ်၏ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ ရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ)

**အကောင်အထည်ဖော်တည်ဆောက်**

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် အဓိကတာဝန်ဖြစ်သော နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများအား အလေးထားဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်နိုင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အင်ဂျင်နီယာဌာနအား တိုးချဲ့ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ အဆိုပါအင်ဂျင်နီယာဌာနအတွက် ရုံးသစ်တိုးချဲ့ဆောင်ကို အင်ဂျင်နီယာဌာန၏ ကြီးကြပ်မှုဖြင့် သတ်မှတ်ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ အင်ဂျင်နီယာဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း တံတား၊ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေးအတွက် ယာဉ်ယန္တရားများအား စနစ်တကျဖွဲ့စည်းထားရှိခဲ့ပြီး လမ်းဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သောမြေကြီး၏ ခံနိုင်ဝန်အားနှင့် ဂုဏ်သတ္တိများသိရှိနိုင်ရန် မြေကြီးစမ်းသပ်ခြင်းနှင့် ကွန်ကရစ်စမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် လက်တွေ့စမ်းသပ်ခန်းများထားရှိပြီး လိုအပ်သောစမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စွမ်းရည်မြင့်မားရေးမွမ်းမံသင်တန်းများပါ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

အဆိုပါအင်ဂျင်နီယာဌာနအနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကချင်ပြည်နယ် မဂွေဇ-ခေါင်လန်ဖူးလမ်း ၆၅ မိုင် ၄ ဖာလုံအား အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်း၌ လဟယ်-ဒုံဟီး-နန်းယွန်း-ပန်ဆောင်လမ်း ၁၃၅ မိုင် ၃ ဖာလုံအားလည်းကောင်း၊ ကရင်ပြည်နယ်အတွင်း၌ မြိုင်ကြီးငူ-မဲသဝေါလမ်း ၃၁ မိုင်အားလည်းကောင်း အခက်အခဲများကြားမှ အောင်မြင်အောင် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဆရာ ဦးတင်ဦး(ကျူရှင်)၊ ဆရာ ကြည်မင်းနှင့် ဆရာ ကြည့်ရွှန်းတို့၏ စာအုပ်သစ်များ မိတ်ဆက်ပွဲ ပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

Wisdom House စာအုပ်တိုက် စာအုပ် ၂၀၀ ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် ဦးတင်ဦး (ကျူရှင်) ၏ တွေ့သိနှင့် တွေးသိ၊ ကြည်မင်း၏ မြစ်တစ်စင်းနှင့် သားအဖနှစ်ယောက်၊ ကြည့်ရွှန်း၏ လူငယ်လမ်းညွှန် ဘဝမီးရှူးတိုင်စာအုပ်များ မိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ စာပေဗိမာန် အမှတ် ၅၂၉ - ၅၃၁ (ဒုတိယထပ်) ကုန်သည်လမ်း ရန်ကုန်မြို့၌ ပြုလုပ်မည်ဖြစ်သည်။

ထို့ပြင် ပါဝင်ရေးသားကြသော ကလောင်ရှင်များကိုယ်တိုင် လက်မှတ်ရေးထိုးပေးမည်ဖြစ်ပြီး Wisdom House စာအုပ်တိုက်ထုတ်စာအုပ်များကို ၂၀ ရာခိုင်နှုန်းလျှော့၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **မြန်မာ့အလင်း**

## ကျောင်းကုန်းနှင့် ဖာပွန်မြို့နယ်တို့၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်း

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းလျက်ရှိပြီး ကျောင်းကုန်းနှင့် ဖာပွန်မြို့နယ်တို့၌ မြို့နယ်ဘောလုံး အဖွဲ့ချုပ်များ ထပ်မံဖွဲ့စည်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း ဦးဆောင်သည့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့သို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည်။ ကျောင်းကုန်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်တွင် နာယက ငါးဦး၊ ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်ဆွေက တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။ အမှုဆောင် ၁၅ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပြီး



ကျောင်းကုန်းမြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းအပြီးတွေ့ရစဉ်။

ရွှေခေတ် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးတင်အောင် (ဂိုး) ဦးဆောင်သည့်အဖွဲ့သည် ကရင်ပြည်နယ် ဖာပွန်မြို့သို့ သွားရောက်၍ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းရေး အခမ်းအနားသို့ တက်ရောက်ကာ ဖွဲ့စည်းခဲ့သည်။ ကရင်ပြည်နယ်တွင် ဖာပွန်မြို့နယ် ဘောလုံးအဖွဲ့ချုပ်ကို ငါးခုမြောက် မြို့နယ်ဘောလုံးအဖွဲ့ချုပ်အဖြစ် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဘားအံနှင့် သံတောင်ကြီးမြို့နယ်တို့တွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထပ်မံဖွဲ့စည်းမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-MFF**

# ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၉ ရက်မြောက်နေ့ကျင်းပ၊ မေးခွန်းခြောက်ခု မေးမြန်း၊ ဥပဒေကြမ်းတစ်ခု လွှတ်တော်၏ အဆုံးအဖြတ်ရယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြီး **(ယာပုံ)** လမ်း၊ တံတားဆိုင်ရာ မေးခွန်း ၆ ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း ၁ ခု လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ လမ်း၊ တံတားဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။



**ရှောင်လွှဲနိုင်သည့် အနေအထားရှိ**

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **သစ်သားတံတားများနှင့် ဘေလီသစ်သားတံတားများ၌ အသုံးပြုသစ်များနေရာတွင် Hollow လေးထောင့်သံပိုက်များဖြင့် အစားထိုးဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက သစ်၏ အားသာချက်မှာ Fiber အမျှင်များဖြင့်ဖွဲ့စည်းထားသည့်အတွက် ချက်ချင်းကျိုးကျခြင်းမရှိဘဲ တဖြည်းဖြည်း အိကျလာပြီး သတိပေးချိန်ရှိသည့်အတွက် ပြည်သူများနှင့် အသုံးပြုယာဉ်တို့အန္တရာယ်မှ ရှောင်လွှဲနိုင်သည့် အနေအထားရှိပါကြောင်း၊ Steel တံတားများသည် ခံနိုင်ရည်ကျော်သွားပါက ရုတ်တရက် ကျိုးကျတတ်ပါကြောင်း၊ Hollow သံပိုက်များကို မိမိတို့နိုင်ငံတွင် သံပန်း၊ သံတံခါးကဲ့သို့ နေရာမျိုးတွင် ဝန်အလေးချိန်ထမ်းခြင်း မဟုတ်ဘဲ အလှဆင်သည့် နေရာများတွင် အသုံးပြုကြပါကြောင်း၊ တံတားတည်ဆောက်မှု နေရာမျိုးတွင် မသုံးသင့်ပါကြောင်း။

- **❒ တိုးတက်လာသော အခြေအနေအရ တံတားများတည်ဆောက်ရာတွင် ရေရှည်အသုံးပြုနိုင်သော သံကူကွန်ကရစ်၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားများ တည်ဆောက်လျက်ရှိ**
- **❒ သစ်သားကြမ်းခင်းတံတားနှင့် ဘေလီသံပေါင် (သစ်သားကြမ်းခင်း) ကဲ့သို့သော ယာယီတံတားငယ်များတွင် ကြမ်းခင်း၊ လက်ရန်းများ၌ Hollow လေးထောင့်သံပိုက်များအား တံတားအရွယ်အစား၊ ယာဉ်သွားလာမှု အခြေအနေအပေါ် မူတည်၍ စိစစ်အသုံးပြုလျက်ရှိ**

တိုးတက်လာသော အခြေအနေအရ တံတားများ တည်ဆောက်ရာတွင် ရေရှည်အသုံးပြုနိုင်သော သံကူကွန်ကရစ်၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားများ တည်ဆောက်လျက်ရှိပါကြောင်း၊ သစ်သားကြမ်းခင်းတံတားနှင့် ဘေလီသံပေါင် (သစ်သားကြမ်းခင်း)ကဲ့သို့သော ယာယီတံတားငယ်များတွင် ကြမ်းခင်း၊ လက်ရန်းများ၌ Hollow လေးထောင့်သံပိုက်များအား တံတားအရွယ်အစား၊ ယာဉ်သွားလာမှု အခြေအနေအပေါ် မူတည်၍ စိစစ်အသုံးပြုလျက်ရှိပါကြောင်း ဖြေကြားသည်။

**ဆက်လက်ဆောင်ရွက်သွားရန်ညွှန်ကြားထား**

လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း၏ **လှိုင်သာယာမြို့နယ်အတွင်း အဓိက လမ်းမကြီးများသည် ပျက်စီးနေပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ရှိရန်ကုန်-ပုသိမ်လမ်း(ဘုရင့်နောင်တံတားချဉ်းကပ်လမ်း) ၅ မိုင် ၄ ဖာလုံ၊ ရန်ကုန်-ညောင်တုန်းလမ်း (အောင်ဇေယျတံတား ချဉ်းကပ်လမ်း) ၃ မိုင် ၂ ဖာလုံ၊ အနော်ရထာလမ်းမကြီး (ရွှေပြည်သာတံတားချဉ်းကပ်လမ်း) ၄ မိုင် ၆ ဖာလုံ တို့သည် Oriental Highway Co.,Ltd မှ B.O.T စနစ်ဖြင့် ဆောင်ရွက်ခဲ့သော လမ်းများဖြစ်ပါကြောင်း၊ အဆိုပါ တံတားချဉ်းကပ်လမ်း ၃ လမ်း ပျက်စီးမှုနှင့် ပတ်သက်၍ Oriental Highway Co.,Ltd မှ B.O.T စာချုပ်ပါ စည်းကမ်းချက်များအတိုင်း ကောင်းမွန်ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အဆိုပါလမ်းများ ပြုပြင်ထိန်းသိမ်းရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ တာဝန်ပေးအပ်ပြီး အလျင်အမြန်ဆက်လက်ဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

**ရန်ပုံငွေရရှိမှုအပေါ်မူတည်**

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး၏ **ပင်းတလဲ-မိတ္ထီလာ ကားလမ်းပေါ်ရှိ ပျက်စီးနေသော သင်ပုန်းချောင်းရေကျော်ကို ပြန်လည်ပြုပြင်ပေးရန်နှင့် ရေကျော်လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်ခဲ့သော တာဝန်ရှိသူများအား မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သင်ပုန်းချောင်း ရေကျော်ပျက်စီးခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေဖြင့် လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လည်းကောင်း ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော်လည်း ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းသည့်အတွက် ကမ်းပါးများ ပြိုကျကာ ပြန်လည်ပျက်စီးခဲ့ပါကြောင်း၊ ထို့ကြောင့် သင်ပုန်းချောင်းရေကျော်အား ရေရှည်တွင် အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် မြေသားစမ်းသပ်ခြင်းနှင့် ရေစီးကြောင်း ပြောင်းလဲခြင်းဆိုင်ရာ အချက်အလက်များ ပြုစုခြင်းတို့အား ကွင်းဆင်းစစ်ဆေး၍ ကောင်းမွန်သော ပုံစံထုတ်ယူ တွက်ချက်စေပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မတိုင်မီ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**တာဝန်ယူဆောင်ရွက်**

ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ **ပေါက်တောမြို့နယ်၊ မြေငူကျွန်း ပင်လယ်ဘက်ခြမ်းရှိ သဲခုံ-ဆံတော်ရှင် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းတွင် မပြီးမပြတ်ကျန်ရှိနေခဲ့သော အပိုင်းနှင့်စပ်လျဉ်း၍ မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွင် တာဝန်ရှိကြောင်း စိစစ်ဖော်ထုတ်ပေးပါရန်နှင့် ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပေါက်တောမြို့နယ် မြေငူကျွန်းပင်လယ်ဘက်ခြမ်းရှိ သဲခုံ-ဆံတော်ရှင် မြေသားလမ်းအရှည် ၂၂ မိုင် ၇ ဖာလုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(မွမ်းမံ) ရန်ပုံငွေနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ နှစ်ရပ်ပေါင်းပြီး သန်းနိုင်မိသားစုကုမ္ပဏီနှင့် ရိုးမမြေကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း။

ရိုးမမြေကုမ္ပဏီသည် လုပ်ငန်းများ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ တင်ဒါစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ထားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကုမ္ပဏီအား ထိရောက်စွာအရေးယူသင့်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ယခင်တာဝန်ယူ ဆောင်ရွက်ခဲ့သော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့သို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ သဲခုံ-ဆံတော်ရှင် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ပြန်လည်ပြင်ဆင်တည်ဆောက်ပေးနိုင်ရေးအတွက် မြေပြင်တွင် စစ်ဆေးလေ့လာ၍ အမြန်ဆုံး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပြန်လည်ဖြေကြား**

ထို့ပြင် ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး၏ **ယင်းမာပင်မြို့နယ် ဆင်စွယ်ကျေးရွာ၊ တောင်မ-ရိုးချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာမှ ဘောနီကျေးရွာသို့ သွားသော ကျေးရွာချင်းဆက်လမ်းအရှည် (၈) မိုင်မှ ကျန်ရှိနေသော (၆) မိုင်အား ကျောက်ချောလမ်းအဖြစ်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက တင်သွင်းသော **"ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **ကျော်သူထက်**



## မြန်မာနိုင်ငံ၌ နည်းပညာအလုပ်သင် သင်တန်းကျောင်းများ ထပ်တိုးဖွင့်လှစ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ အဖွဲ့ဝင်များသည် ဂျပန်နိုင်ငံအခြေစိုက် NPO Asia Environmental Technology Promotion Institute, NPO-AET (အာရှဒေသ ပတ်ဝန်းကျင် ကောင်းမွန်ရေးနှင့် နည်းပညာပြန့်ပွားမှုအဖွဲ့)အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-6) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နည်းပညာအလုပ်သင် သင်တန်းသားများ အရည်အချင်းပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ၌ နည်းပညာအလုပ်သင် သင်တန်းကျောင်းများ ထပ်တိုးဖွင့်လှစ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သက်ငယ်မုဒိမ်းကျူးလွန်မှုများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သက်ငယ်မုဒိမ်းကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ်အရေးယူနိုင်ရေးနှင့် ထိရောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေး သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**သက်ငယ်မုဒိမ်းကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ် အရေးယူနိုင်ရေးနှင့် ထိရောက်သောပြစ်ဒဏ်များချမှတ်နိုင်ရေး သတင်းထုတ်ပြန်ချက်**

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၃/၂၀၁၈)**

၁။ လူမှုကွန်ရက်မီဒီယာများနှင့် သတင်းဂျာနယ်များတွင် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားနေသည့် သတင်းများကို မကြာခဏတွေ့ရှိနေရပါသည်။ သက်ငယ်မုဒိမ်းမှုများကို ၂၀၁၆ ခုနှစ်က ၆၇၁ မှုနှင့် ၂၀၁၇ ခုနှစ်တွင် ၈၉၇ မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ၂၂၆ မှု ပိုမိုလာပါသည်။အသက် ၁၆ နှစ်အထက် မုဒိမ်းမှုမှာ ၂၀၁၆ ခုနှစ်တွင် ၄၂၉ မှုနှင့် ၂၀၁၇ ခုနှစ်တွင် ၅၀၈ မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ၇၉ မှုပိုမို လာပါသည်။ မုဒိမ်းမှုစုစုပေါင်းမှာ ၂၀၁၆ ခုနှစ်က ၁၁၀၀ မှုနှင့် ၂၀၁၇ ခုနှစ်တွင် ၁၄၀၅ မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် ၃၀၅ မှု ပိုမိုလာသည်ကို တွေ့ရှိရပါသည်။

၂။ ထိုကဲ့သို့ သက်ငယ်မုဒိမ်းမှုများနှင့် ၁၆ နှစ်အထက် မိန်းကလေးများမုဒိမ်းကျင့်ခံရခြင်းသည် ကလေးသူငယ်များအပါအဝင် အမျိုးသမီးအခွင့်အရေးများ ထိခိုက်မှုပင်ဖြစ်ပါသည်။ အချို့အမှုများတွင် မုဒိမ်းမှုကျူးလွန်သည့်အပြင် ပစ္စည်းလုယက်ခြင်း၊ လူသတ်၍ အလောင်းဖျောက်ခြင်း စသည့် ရက်စက်သော ရာဇဝတ်မှုများကိုပါ ကျူးလွန်လာသည်ကိုလည်း တွေ့ရှိရပါသည်။ ယင်းဖြစ်ရပ်များသည် ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသည့်အပြင် မိဘများအတွက် စိုးရိမ်သောကရောက်နေရသည့် အခြေအနေများဖြစ်ပါသည်။

၃။ သို့ဖြစ်၍ အဆိုပါမုဒိမ်းမှုကျူးလွန်မှုများ၊ အထူးသဖြင့် သက်ငယ်မုဒိမ်းမှုကျူးလွန်မှုများကို မဖြစ်ပွားစေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြပြီး၊ ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးနိုင်ရေး ပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် ပြစ်မှုကျူးလွန်သူများကို ထိရောက်ပြင်းထန်စွာ ပြစ်ဒဏ်ပေးနိုင်ရေး ဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာ တာဝန်ရှိသူများသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်**

# မြေယာနှင့် ပတ်သက်သည့် ဥပဒေကြမ်း လွှတ်တော်ကို ဖြင့် လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း အဆိုတင်သွင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ**(ယာပုံ)** ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း အဆိုတစ်ခု တင်သွင်းခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း သုံးခုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

**လုပ်ငန်းအပ်နှံဆောင်ရွက်နေ**

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှူမောင်၏ **ကယားပြည်နယ် လွိုင်ကော်မြို့ နည်းပညာတက္ကသိုလ်တွင် လိုအပ်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများအတွက် စီမံဝန်ထမ်းနေအိမ်၊ ပါမောက္ခနေအိမ် တစ်လုံးအပါအဝင် နယ်ဝေးပညာသင် ကျောင်းသား ကျောင်းသူများအတွက် အဆောင်ဆောက်လုပ်ပေးရန်နှင့် အရေးပေါ်လိုအပ်သော ကွန်ကရစ်လမ်းပေ ၁၆၆၀ ကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နည်းပညာတက္ကသိုလ် (လွိုင်ကော်)တွင် ပင်မဆောင်သုံးဆောင် အပါအဝင် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ သုံးလုံး၊ အလုပ်ရုံ နှစ်လုံး ဆောက်လုပ်ပြီးစီး အသုံးပြုလျက်ရှိပါကြောင်း၊ နယ်ဝေးပညာသင် ကျောင်းသား ကျောင်းသူများအတွက် အဆောင်အသစ် တစ်လုံးအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ငွေကျပ်သိန်းပေါင်း ၅၇၂၄ ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်နေပါကြောင်း၊ နည်းပညာတက္ကသိုလ် (လွိုင်ကော်) အရာထမ်း၊ အမှုထမ်းများအတွက် စီမံဝန်ထမ်းနေအိမ်၊ ကွန်ကရစ်လမ်း ပေ ၁၆၆၀ လမ်းခင်းခြင်းတို့အတွက် လိုအပ်သော ရန်ပုံငွေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေရရှိသည်နှင့် ဆောင်ရွက်အကောင်အထည်ဖော်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးဝေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့ ရိက္ခာရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ပေ (၁၂၀×၃၀) RC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း (တည်ဆောက်ရေး) လျာထားချက်များ ဆောင်ရွက်ရာတွင် အသစ်တည်ဆောက်ရန် လိုအပ်သော အခြေခံပညာကျောင်းများကို အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသား ဦးရေအရ တိုးချဲ့ရန်လိုအပ်သော ကျောင်းများ၊ သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ ဆောက်လုပ်ရန် ကျောင်းများ စသည်ဖြင့် လုပ်ငန်းများ ဦးစားပေးခွဲခြား၍ မြို့နယ်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်ပြီး စနစ်တကျ ပြုစုဆောင်ရွက်ခဲ့ရာ ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွက် အခြေခံကျောင်းပေါင်း ၂၆ ကျောင်းကို ဆောင်ရွက်ပေးရန် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း။

ချင်းပြည်နယ် ပလက်ဝမြို့နယ် ရိက္ခာရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၀၀×၂၆) သွပ်မိုး၊ ပျဉ်ကာ၊ အုတ်ညှပ်နှစ်ထပ်ဆောင် တစ်ဆောင်၊ ပေ(၁၂၀×၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် တစ်ဆောင်၊ ပေ (၉၀×၃၀)သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်၊ ပေ (၅၀×၂၀)သွပ်မိုး ယာယီဆောင် တစ်ဆောင် စုစုပေါင်း စာသင်ဆောင် လေးဆောင် ရှိပါကြောင်း၊ စာသင်ခန်း ဧရိယာစုစုပေါင်း ၁၀၂၄၀ စတုရန်းပေ ဖြစ်ပါကြောင်း၊ လက်ရှိစာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ဦးရေအနေဖြင့် မူလတန်းအဆင့်တွင် ၁၀၄ ဦး၊ အလယ်တန်းအဆင့်တွင် ၂၆၇ ဦး၊ အထက်တန်းအဆင့်တွင် ၃၆၂ ဦး စုစုပေါင်း ၈၁၃ ဦး ရှိပါကြောင်း၊ ထို့ကြောင့် စာသင်ခန်း ဧရိယာအားဖြင့် အနည်းငယ်လိုအပ်မှုရှိနေသည်ကို စိစစ်တွေ့ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်တွင် အခြေခံပညာကျောင်းပေါင်း ၂၆ ကျောင်းကို လျာထားဆောင်ရွက်ခဲ့ရာတွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် ရိက္ခာရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အတွက် ကျောင်းဆောင်သစ်မပါဝင်သည့်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်လျာထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**ကျောင်းပေါင်းခြောက်ကျောင်း လျာထား**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့အမှတ်(၂)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပေ (၁၂၀×၂၀×၁၂) အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်သစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းလျာထားရာ ချင်းပြည်နယ် ထန်တလန်မြို့တွင် အခြေခံပညာကျောင်းပေါင်း ခြောက်ကျောင်းကို ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း၊ ချင်းပြည်နယ် ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပေ (၁၂၀×၃၀) သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်၊ ပေ (၆၀×၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း စာသင်ဆောင် နှစ်ဆောင်တွင် စာသင်ခန်းဧရိယာ ၄၃၂၀ စတုရန်းပေရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူ ဦးရေအနေဖြင့် မူလတန်းအဆင့်တွင် ၂၅၃ ဦး၊ အလယ်တန်းအဆင့်တွင် ၄၀ စုစုပေါင်း ၂၉၃ ဦးရှိသည့်အတွက် စာသင်ခန်းအနေဖြင့် ဧရိယာမျှတပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထန်တလန်မြို့နယ်အတွက် အခြေခံပညာကျောင်းပေါင်း ခြောက်ကျောင်းကို လျာထားပြီးဖြစ်သည့်အတွက် ထန်တလန်မြို့ အမှတ် (၂) ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ်ကို ၂၀၁၉-၂၀၂၀ တွင် လျာထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က ထောက်ခံသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူ သဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်ထုမေ၏ **ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု One Village One Product (OVOP) ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ (Rural Development Strategy) အစီအစဉ်အား ဆင်းရဲသော ပြည်နယ်နှင့် တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်က One Village One Product စနစ်သည် သုတေသနပြု မှတ်တမ်းများအရ ၁၉၇၉ ခုနှစ် ဂျပန်နိုင်ငံ(အိုအိတ) ခရိုင်မှ စတင်ခဲ့သည်ဟု ဆိုပါကြောင်း၊ ဂျပန်နိုင်ငံသည် ကျွန်းများနှင့် စုဖွဲ့ထားသည့် တိုင်းပြည်ဖြစ်သကဲ့သို့ သဘာဝရေခံမြေခံသည်လည်း အထူးကောင်းမွန်သည်ဟုဆိုကြပါကြောင်း၊ စီမံကိန်းစတင်သည့်နှစ်တွင် အခက်အခဲစိန်ခေါ်မှုများ ဖြစ်ခဲ့သော်လည်း ဒုတိယ၊ တတိယနှစ်တွင် အခက်အခဲအားလုံးကို ကျော်လွှားနိုင်သည့်အပြင် မထင်မှတ်သည့် အကျိုးအမြတ်ရသွားပါကြောင်း၊ စီမံကိန်းကို အောင်မြင်အဆင့်မြေပေါ်တွင် ဆောင်ရွက်ကြသည့် ရွာသူ ရွာသားများအားလုံး တစ်စိတ်တစ်ဝမ်းတည်း ဖြစ်သွားခြင်းသည် ထူးခြားသည့် အမျိုးသားရေးစိတ်ဓာတ်ဖြစ်ပါကြောင်း၊ ပြည်ပသို့ တင်ပို့သည့် အိတ်စ်ပို့ ဖရဲသီးကို ကွန်တိန်နာထဲ ဆံ့အောင် လေးထောင့်ပုံဖြစ်အောင် ထုတ်လုပ်ကြပါကြောင်း၊ ဂျပန်၏ နည်းပညာစနစ်ကို အခြေခံရယူပြီး ၁၉၉၃ ခုနှစ်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ၂၀၀၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံ၊ ၂၀၀၆ ခုနှစ်တွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်၊ ၂၀၀၇ ခုနှစ်တွင် မလေးရှားနှင့် ကမ္ဘောဒီးယား၊ ၂၀၁၂ ခုနှစ်တွင် လာအိုနှင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံစသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ OVOP အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါကြောင်း။

**ကုန်ချောဈေးကွက်ဝင်အောင်**

မိမိတို့နိုင်ငံတွင် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ သမဝါယမဌာနတို့မှတစ်ဆင့် မတည်ရင်းနှီးငွေချေးပေးသည့် အတိုးစနစ်အစား၊ အလွန်သက်သာပြီး တွက်ခြေကိုက်မည့်အတိုးငွေနှင့် OVOP စနစ်ကို ကျကျနန အကောင်အထည်ဖော်စေလိုပါကြောင်း၊ ဆန်စပါးမျိုးကောင်းနှင့် တင်ပို့မှုတွင် အရည်အသွေးကောင်းသည့်ဆန်ကို ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးများတွင် အဓိကထုတ်လုပ်ပါကြောင်း၊ သစ်သီးဝလံ စားသောက်ကုန်များကို တခြားပြည်နယ်များက ထုတ်လုပ်ပြီး ရေသယံဇာတကို တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီးတို့က ထုတ်လုပ်ပါကြောင်း၊ သဘာဝတွင်းထွက် ရတနာများကို သက်ဆိုင်ရာ ပြည်နယ်များတွင် ကုန်ကြမ်းအဆင့်သာမက အဖိုးတန် ကုန်ချောဈေးကွက်ဝင်အောင် နည်းပညာမြှင့်တင်ပြီး ထုတ်လုပ်ပါကြောင်း၊ တနင်္သာရီကမ်းရိုးတန်းက ထွက်သည့် ပင်လယ်ငါးခူ၊ ငါးကွမ်းရှပ်၊ ငှက်သိုက်၊ ကဏန်းပျော့များသည် တန်ဖိုးမြင့်ထုတ်ကုန်များ ဖြစ်ပါကြောင်း၊ ဒေသအလိုက် တစုတဝေးတည်း စုစည်းပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်ရန် ရင်းနှီးမတည်ငွေ အဓိကလိုအပ်ပါကြောင်း၊ ထို့ကြောင့် အစိုးရ လခစားအလုပ်မျိုးမဟုတ်ဘဲ၊ မိမိရိုးရာကျွမ်းကျင်ရာ အသက်မွေးဝမ်းကျောင်းအနေဖြင့် အကျိုးရှိရှိ ထုတ်လုပ်မည်ဆိုလျှင် Mass Production နှင့် High Profit၊ လက်ဝယ်ပိုင်ဆိုင်ရန် ငွေအား၊ ကာယအား၊ ဉာဏအားများနှင့် အစွရေး၊ ဂျပန်၊ ထိုင်း ပုံစံများအတိုင်း ပေါင်းစပ်ဆောင်ရွက်တတ်ရန် လိုပါကြောင်း၊ ပြည်ထောင်စုအစိုးရ ဘတ်ဂျက်တစ်ခုတည်းနှင့် ဌာနဆိုင်ရာမှ ငွေချေးပေးသည့်စနစ်အစား ကိုယ်ထူကိုယ်ထ Public Service and Management နှင့် ဆောင်ရွက်ပါရန်နှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဈေးကွက်ယှဉ်ပြိုင်စေသည့် စီမံကိန်း**

ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ဒေသတွင်း အလွယ်တကူရနိုင်သည့် သဘာဝသယံဇာတပစ္စည်းများကို ကုန်ကြမ်းအဖြစ် အသုံးပြုပြီး စားသုံးကုန်မှအစ လူသုံးကုန် အလှဆင်ပစ္စည်းများအထိ ဒေသ၏ သယံဇာတအမျိုးမျိုးကို ကုန်ချောအဖြစ် ဖန်တီးမှုကို တွန်းအားပေးပြီး နိုင်ငံတကာထိ ထိုးဖောက်နိုင်ရန် ဈေးကွက်ယှဉ်ပြိုင်စေသည့် စီမံကိန်း ဖြစ်ပါကြောင်း၊ ရွာအလိုက်၊ မြို့အလိုက်၊ ခရိုင်အလိုက် အကောင်အထည်ဖော်ကြပါကြောင်း၊ One tamboon Pne product သည် ထိုင်းဘာသာဖြင့် tamboon ဆိုသည်မှာ ရွာဟု အဓိပ္ပာယ်ရသည့်အတွက် တစ်ရွာကုန်ပစ္စည်းတစ်ခုအဖြစ် ထိုင်းဘုရင်ကြီးက ကိုယ်တိုင်အားပေးချီးမြှောက်ခဲ့သည့် ကျေးရွာ အခြေခံစီးပွားရေးစီမံကိန်းမျိုး ဖြစ်ပါကြောင်း၊ ဂျပန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်၊ ကင်ညာနိုင်ငံများအပြင် အုပ်စုအလိုက် အသိုက်အဝန်းအနေဖြင့် ကမ္ဘာ့နိုင်ငံများအကြားတွင် စီးပွားရေးအရ ယှဉ်ပြိုင်မှုများကို ရင်ပေါင်တန်းပြီး နိုင်ငံတကာဈေးကွက်ဝင် ရောင်းကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ယင်းစီမံကိန်းသည် အလွန်အရေးပါပါကြောင်း၊ ဂျပန်နိုင်ငံသည် ယင်းစီမံကိန်းကို ဒေသခံဖွံ့ဖြိုးရေး စီမံကိန်းတစ်ခုအနေဖြင့် ၁၉၇၉-၁၉၈၀ ဝန်းကျင်တွင် စတင်ပြီး One Village One Product(OVOP) ဆိုသည့်အမည်ဖြင့် အကောင်အထည်ဖော်ခဲ့ရာ အောင်မြင်သည့်အပြင် ဖွံ့ဖြိုးတိုးတက်ခဲ့သည်မှာ အားလုံးအသိ ဖြစ်ပါကြောင်း။

မိမိတို့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ကဲ့သို့ စစ်ရှောင်များ၊ ဒုက္ခသည်များ ပေါ်များရာအရပ်များတွင် သဘာဝသယံဇာတများကို အခြေခံပြီး One Village One Product မဟုတ်လျှင် One Town One Product အဖြစ်သော်လည်းကောင်း၊ One District One Product အဖြစ်သော်လည်းကောင်း လမ်းဖွင့်ပေးမည်ဆိုလျှင် သင့်မြတ်ပါကြောင်း၊ မိမိတို့သည် အစစအရာရာ ဝယ်စားမြဲဝယ်စားခဲ့ကြသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ မှ ၆၀ ယခုအထိ လူသုံးကုန်အသေးအမွှားကအစ ဘေးပတ်ဝန်းကျင်နိုင်ငံများဆီမှ တင်သွင်းနေသရွေ့ ဝယ်စားနေကြသရွေ့ ကုန်ဈေးနှုန်းသည် ကျမည်မဟုတ်သောကြောင့် ကိုယ်စွမ်းကိုယ်စ တီထွင်ကြ၊ လူသားအရင်းအမြစ် ပေါင်းစုမြှင့်၊ ဒေသထုတ်ကုန် ကမ္ဘာအနှံ့စုန်ဆိုသည့် ဆောင်ပုဒ်ကို မှီငြမ်းလိုက်နာပြီး ဒေသအချို့တွင် လုပ်နိုင်သလောက် အကောင်အထည်ဖော်မည်ဆိုလျှင် နိုင်ငံအတွက်၊ ဒေသအတွက် ကောင်းမွန်သည့် အလားအလာများ ဖန်တီးပေးရာရောက်မည် ဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှရွှေ(ခ)ဒေါ်အုန်းကြည်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေတို့က ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် ဒုတိယအကြိမ် သတ္တမ ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**




❖ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ သမဝါယမဌာနတို့မှတစ်ဆင့် မတည်ရင်းနှီး ငွေချေးပေးသည့် အတိုးစနစ်အစား၊ အလွန်သက်သာပြီး တွက်ခြေကိုက်မည့် အတိုးငွေနှင့် OVOP စနစ်ကို ကျကျနန အကောင်အထည်ဖော်စေလို

❖ ပြည်ထောင်စုအစိုးရ ဘတ်ဂျက်တစ်ခုတည်းနှင့် ဌာနဆိုင်ရာမှ ငွေချေးပေးသည့်စနစ်အစား ကိုယ်ထူကိုယ်ထ Public Service and Management နှင့် ဆောင်ရွက်

# အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)၏ ပထမအကြိမ် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ

**ဒေါက်တာဖြူဖြူဝင်း(စက်မှု)**

**မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်မြှင့်တင်နိုင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရေးအတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် အငယ်စား၊ အသေးစားနှင့်အလတ်စား Micro, Small & Medium Enterprise (MSMEs) စီးပွားရေးလုပ်ငန်းများ၏ ပထမအကြိမ် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို (၂၃.၂.၂၀၁၈)ရက်နေ့မှ (၂၅.၂.၂၀၁၈)ရက်နေ့ထိ မန္တလေးတိုင်းဒေသကြီး မန္တလာသီရိအားကစားကွင်း၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။**

အစိုးရသစ်လက်ထက်တွင် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များချမှတ်၍ အစွမ်းကုန် ကူညီပံ့ပိုးမှုများ ဆောင်ရွက်နေပြီဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ MSMEs စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော်၏ စီးပွားရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်များ (Root Industry & Enterprises) ဖြစ်ပြီး ထိုမှတစ်ဆင့် အလတ်စားနှင့် အကြီးစားလုပ်ငန်းများအဖြစ်သို့ တစ်ဆင့်ပြီး တစ်ဆင့် ကူးပြောင်းလာရခြင်း ဖြစ်ပါသည်။

**လက်တွေ့ကျသော မူဝါဒများ**

မြန်မာနိုင်ငံတွင်လည်း ၉၉ % သော MSMEs များ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ စီးပွားရေးယန္တရား လည်ပတ်မှုတွင် အဓိက မောင်းနှင်အားအဖြစ် ပါဝင်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်နိုင်ရေး၊ လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများ ရရှိရေး၊ ငွေကြေး အရင်းအနှီး ရရှိရေး၊ ကောင်းမွန်စနစ်ကျသော ထုတ်လုပ်မှု အလေ့အကျင့်ကောင်းများရှိစေရေး၊ ဈေးကွက်ရရှိရေး၊ ပြည်တွင်းဈေးကွက်မှသည် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး စသည်တို့ကို နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့ ပူးပေါင်းလျက် လက်တွေ့ကျသော မူဝါဒများ၊ ရည်မှန်းချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည် ဖြစ်သည်။

MSMEs များသည် လူ့စွမ်းအား အရင်းအမြစ်၊ နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု၊ ငွေကြေးအရင်းအမြစ်၊ အခြေခံ




**“ MSMEs များသည် လူ့စွမ်းအား အရင်းအမြစ်၊ နည်းပညာ ဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု၊ ငွေကြေး အရင်းအမြစ်၊ အခြေခံ အဆောက်အအုံ၊ သင့်လျော်သော အခွန်အကောက်စနစ် နှင့် လုပ်ထုံးလုပ်နည်းများ စသော အရင်းအမြစ်များ ပြည့်စုံမှသာ ရေရှည် ရပ်တည် နိုင်မည်ဖြစ်ပြီး လုပ်ငန်းရှင် များ ကိုယ်တိုင်ကလည်း ယှဉ်ပြိုင် နိုင်စွမ်းရှိသော၊ စွမ်းရည် ပြည့်ဝသော MSMEs များ ဖြစ်ရန် အစွမ်းကုန်ကြိုးစား သွားရမည် ”**

အဆောက်အအုံ၊ သင့်လျော်သော အခွန်အကောက်စနစ်နှင့် လုပ်ထုံးလုပ်နည်းများ စသော အရင်းအမြစ်များ ပြည့်စုံမှသာ ရေရှည် ရပ်တည်နိုင်မည်ဖြစ်ပြီး လုပ်ငန်းရှင်များ ကိုယ်တိုင်ကလည်း ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ စွမ်းရည်ပြည့်ဝသော MSMEs များဖြစ်ရန် အစွမ်းကုန်ကြိုးစားသွားရမည် ဖြစ်သည်။

လက်ရှိကာလတွင် ပြည်တွင်း MSMEs များသည် ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် ရောင်းဝယ်မှုကဏ္ဍများ၌ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ကို ပစ္စည်းအနေအထား၊ ကြံ့ခိုင်မှုအနေအထား၊ စီးပွားရေးတွက်ခြေကိုက်မှု အနေအထား၊ ဈေးနှုန်းအနေအထား၊ ထုပ်ပိုးမှု ပုံစံအနေအထားတို့တွင် ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ အဆိုပါ ပြည်ပနိုင်ငံများမှ တင်သွင်းလာသောပစ္စည်းများကြောင့် ပြည်တွင်း၌ပင် ဈေးကွက်ဝေစုရရှိမှု နည်းပါးလျက်ရှိပါသည်။

**ယှဉ်ပြိုင်ရပ်တည်နိုင်စွမ်း**

အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ရေရှည်ယှဉ်ပြိုင်ရပ်တည်နိုင်ရေးအတွက် မိမိတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်ရန်နှင့် သမားရိုးကျပုံစံများ၊ မိရိုးဖလာ လုပ်ကိုင်ဆောင်ရွက်မှုပုံစံများမှ ဖောက်ထွက်၍ တီထွင်ဆန်းသစ်ရန်လိုအပ်ပြီး ယှဉ်ပြိုင်နိုင်စွမ်းနည်းပါးသည့် လုပ်ငန်းငယ်များအား အကြံဉာဏ်များ အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းစေရန်၊ အခွင့်အလမ်းအသစ်များ ချိတ်ဆက်ဖန်တီးနိုင်ရန်၊




Supply Chain တစ်လျှောက် MSMEs အချင်းချင်း စုစည်းလုပ်ကိုင်စေခြင်းဖြင့် ယှဉ်ပြိုင်ရပ်တည်နိုင်စွမ်းရှိလာစေရန် ရည်ရွယ်၍ အဆိုပါပွဲကို ကျင်းပရခြင်း ဖြစ်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များ၌ MSMEs ထုတ်ကုန်များ ဒေသတွင်းပြပွဲနှင့် Regional Award ပြိုင်ပွဲများကို အလှည့်ကျကျင်းပပြီး ဒေသအလိုက် ဆုပေးပွဲများ ကျင်းပဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တိုင်းဒေသကြီးများ၊ ပြည်နယ်များအတွင်း စုစုပေါင်းဒေသ ကိုးခုတွင် အလှည့်ကျ ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့်အနေဖြင့် နေပြည်တော်တွင် တစ်တိုင်းပြည်လုံးအတွက် MSMEs Products ဒေသတွင်း ပြပွဲနှင့် National Award ချီးမြှင့်ပွဲကို ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ပထမအကြိမ်မြောက် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ကချင်ပြည်နယ်စိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ယခုကဲ့သို့ ကျင်းပပေးခြင်းအားဖြင့် ပြည်တွင်းစားသုံးသူများအနေဖြင့် MSMEs များ၏ ထုတ်ကုန်အရည်အသွေးများကို အကဲဖြတ်လေ့လာနိုင်ခြင်း၊ MSMEs များ၏ စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှုများကို MSMEs အချင်းချင်း သိရှိစေခြင်း၊ ကောင်းမွန်သော အချက်အလက်နှင့် ဆန်းသစ်တီထွင်မှု စိတ်ကူးကောင်းများ ဖော်ထုတ်လေ့လာနိုင်ခြင်း၊ မိမိထုတ်လုပ်မှုလုပ်ငန်းစဉ် Supply Chain တစ်လျှောက် ဆက်စပ်ပတ်သက်နေသော အခြား MSMEs များနှင့် ပေါင်းစပ်လုပ်ကိုင်လာနိုင်ခြင်း၊ ဒေသအချင်းချင်း ပေါင်းစည်းလုပ်ကိုင်လာနိုင်ခြင်း၊ ပေါင်းစည်းဆောင်ရွက်မှုများမှ International အဆင့်အထိ တက်လှမ်းနိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာ MSMEs များ အမြင်ကျယ်လာစေ၍ အသိပညာ၊ နည်းပညာ ချိတ်ဆက်




ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေမည် ဖြစ်သည်။

**ဒေသထုတ်ကုန်များ**

မန္တလေးမြို့တွင် သုံးရက်တာကျင်းပမည့် ပထမအကြိမ်မြောက် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း MSMEs များ၏ ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ၏ ဒေသထုတ်ကုန်များကို ပါဝင်ပြသရောင်းချမည်ဖြစ်ပြီး အဆိုပါဒေသများမှ လုပ်ငန်းရှင်များ၏ ဒေသထွက် ရိုးရာအစားအစာနှင့် အဖျော်ရည်အမျိုးမျိုး၊ ထုတ်ကုန်ပစ္စည်းများ၊ စက်မှု၊ လက်မှု ပစ္စည်းများ၊ လျှပ်စစ်နှင့် အိုင်တီနည်းပညာသုံး ပစ္စည်းများကိုလည်း ခင်းကျင်းပြသ ရောင်းချသွားမည် ဖြစ်ပါသည်။

ထို့ပြင် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ (MSMEs) အတွက် နည်းပညာ လွှဲပြောင်းခြင်းဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ ချေးငွေရယူခြင်းဆိုင်ရာ သိကောင်းစရာ အချက်အလက်များ၊ ထုတ်ကုန်ပြိုင်ပွဲများကို ပြည့်စုံစွာထည့်သွင်းကျင်းပရန် စီစဉ်ဆောင်ရွက်ထားပါသည်။

**ဈေးကွက်အခွင့်အလမ်းရရှိစေရန်**

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသထွက်ထုတ်ကုန်ပစ္စည်းများ ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားလာစေရန်နှင့် ဈေးကွက်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ ထုတ်ကုန်ပစ္စည်းပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ (MSMEs) ၏ တီထွင်ဖန်တီးမှု စိတ်ကူးများ၊ ထုတ်လုပ်မှုနည်းပညာ အဆင့်အတန်းများ၊ ဈေးကွက်အခွင့်အလမ်းဖန်တီးနိုင်မှုအပေါ် မူတည်ပြီး ဆုများကို အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း အရွယ်အစားအလိုက် ပထမ၊ ဒုတိယ၊ တတိယအဆင့် ဆုများကို နိုင်ငံတော်မှ အသိအမှတ်ပြုလျက် နိုင်ငံ့ဂုဏ်ဆောင် MSMEs များအဖြစ် ချီးမြှင့်သွားမည်ဖြစ်သည့်အတွက် အများပြည်သူများအနေဖြင့် အခွင့်အရေးတစ်ရပ်အား လက်လွှတ်မခံသင့်ဘဲ လာရောက်လေ့လာ ကြည့်ရှုရန် လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်အပ်ပါသည်။

ပထမအကြိမ်မြောက် ကျင်းပသည့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ၏ ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးတွင် ပါဝင်ပြသရောင်းချလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ၁၀ ပေ ပတ်လည် ဆိုင်ခန်း တစ်ခန်းလျှင် သုံးရက်အတွက် နေရာအလိုက် တစ်သိန်း၊ နှစ်သိန်း၊ သုံးသိန်းအစရှိသဖြင့် ဈေးနှုန်း အသီးသီးဖြင့် ငှားရမ်းပြသရောင်းချနိုင်မည်ဖြစ်သည်။ ပြသမည့်ဆိုင်ခန်းများနှင့် ပြိုင်ပွဲဝင်လိုသည့် လုပ်ငန်းများအနေဖြင့် ပြိုင်ပွဲဝင်ပုံစံများ ထုတ်ယူ၍ ပါဝင် ယှဉ်ပြိုင်နိုင်ကြကြောင်း အသိပေးအပ်ပါသည်။ ။

**ပြခန်းတာဝန်ခံများ**

❏ ပြခန်းတာဝန်ခံများ (ဆက်သွယ်ရန် ဖုန်းနံပါတ် နှင့် လိပ်စာ)

➢ ဒေါ်ဘောက်ရာ ဒုတိယညွှန်ကြားရေးမှူး ၀၉ ၄၀၀၄၇၇၃၇၆

➢ ဦးဇော်လွင်ဦး လက်ထောက် ညွှန်ကြားရေးမှူး ၀၉ ၂၆၁၃၉၁၈၂၉

➢ ဒေါ်ယမင်းသန့် လက်ထောက်ညွှန်ကြားရေးမှူး ၀၉ ၄၄၄၀၃၇၄၈၉

☎ ၀၂၃၉၁၃၃ ☎ ၀၂၃၉၅၇၃

emial mandalaydisi@gmail.com, smemandalay2014@gmail.com

လိပ်စာ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ပြတိုက်လမ်းနှင့် ၇၈ လမ်းထောင့်၊ မန္တလေးမြို့။

# အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပျက်စီးခဲ့ရသည့် နံ့သာတောင်ဘုန်းကြီးကျောင်းမှ သာသနိကအဆောက်အအုံများအား ပြန်လည်တည်ဆောက်မွမ်းမံ

**မောင်တော ဖေဖော်ဝါရီ ၁၉**

ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပျက်စီးခဲ့သည့် မောင်တောခရိုင် နံ့သာတောင်ပရဟိတစာသင်တိုက်နှင့် သာသနိကအဆောက်အအုံများအား ပြန်လည်မွမ်းမံပြင်ဆင်သည့် နံ့သာတောင်ကျောင်း သိမ် သမုတ်ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များက တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး သတ်မှတ်နေရာများ၌ ပန္နက်ရိုက်ပေးကြသည်။

ယနေ့ သိမ်သမုတ် ပန္နက်ရိုက်ခဲ့သည့် သိမ်တော်မှာပေ ၂၀ ပတ်လည်၊ အမြင့် ၁၁ ပေရှိ RCC အမျိုးအစား တစ်ထပ်ဆောင် ဖြစ်ကြောင်း သိရသည်။

ထို့နောက် တောင်ပြိုလက်ဝဲမြို့နယ်မြေခံတပ်ဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များသည် တမန်းသားဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပင့်သံဃာတော်များအား နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

နံ့သာတောင်ဘုန်းတော်ကြီးကျောင်း၊ စေတီပုထိုးနှင့် သာသနိကအဆောက်အအုံများ၊ ပရဟိတစာသင်ကျောင်းဆောင်များသည် ၂၀၁၇ ခုနှစ် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဖျက်ဆီးခြင်းခံခဲ့ရပြီး ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပရဟိတစာသင်ကျောင်းဆောင်များ၌ ပြန်လည်စာသင်ကြားနိုင်စေရန် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**သတင်း-ဟိန်းဇော်ထက်၊ ဓာတ်ပုံ-ရာမည**



# မောင်တောမြို့နယ် စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ လုံခြုံအေးချမ်းစွာဖြေဆိုနိုင်ရေး စီမံဆောင်ရွက်ထား

မောင်တော ဖေဖော်ဝါရီ ၁၉

**လာမည့် မတ် ၇ ရက်မှစတင်၍ တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာစစ်ဌာနများ၌ တစ်ပြိုင်တည်း ပြုလုပ်ဖြေဆိုကြရတော့မည်ဖြစ်သည်။ ထိုသို့ ဖြေဆိုကြရာ၌ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ လုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများနှင့် ပတ်သက်၍ ပညာရေးနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ဦးခင်အောင်**
**(မြို့နယ်ပညာရေးမှူး၊ ခေတ္တခရိုင်ပညာရေးမှူး)**

မောင်တောမြို့နယ်မှာ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနသုံးခု ဆောင်ရွက်ထားပါတယ်။ အဲဒါတွေကတော့ အထက(၁)မှာ နှစ်ခုနဲ့ အထက(၂)မှာ တစ်ခုတို့ ဖြစ်ပါတယ်။ အထက(၁)မှာရှိတဲ့ စာစစ်ဌာနနှစ်ခုမှာတော့ တိုင်းရင်းသားတွေအတွက် စီစဉ်ထားပြီးတော့ အထက(၂)မှာရှိတဲ့ စာစစ်ဌာနမှာတော့ ဘင်္ဂါလီကျောင်းသား ကျောင်းသူတွေအတွက် စီစဉ်ထားပါတယ်။

ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူအရေအတွက်ကတော့ စာစစ်ဌာနသုံးခု ပေါင်းလိုက်ရင် ၈၇၈ ဦးလောက် ရှိပါတယ်။ ဒါပေမယ့် အဲဒီအရေအတွက်က အပြောင်းအလဲ ရှိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တချို့ကျောင်းသား ကျောင်းသူတွေက ဒီကနေ မတင်ဘဲ သူတို့ဘာသာ စာစစ်အဖွဲ့ကို တစ်ယောက်ချင်းသွားတင်တာမျိုးတွေလည်း ရှိနေလို့ပါ။

အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ဩဂုတ် ၂၅ ရက်ကနေ ကျောင်းတွေ စတင်ပိတ်ခဲ့ရပြီး စက်တင်ဘာ ၁၉ ရက်မှာတော့ မြို့ပေါ်ကကျောင်းတွေ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ရက် ၂၀ လောက် ကျောင်းပိတ်ခဲ့ရတာကြောင့် အဲဒီရက်တွေအတွက် အချိန်ပိုပြန်လည်သင်ကြားပေးခဲ့ရပါတယ်။

စာမေးပွဲခန်းစောင့်မယ့် ဆရာ ဆရာမအရေအတွက်ကတော့ လုံလောက်မှု ရှိပါတယ်။ အဲဒီလို စောင့်တဲ့နေရာမှာ သူ့ဆရာနဲ့ သူ့တပည့် တစ်ခန်းတည်းအတူမကျအောင်၊ နောက်ပြီး မသမာမှုတွေ မဖြစ်ရအောင် မောင်တောနဲ့ ဘူးသီးတောင်မှာရှိတဲ့ ဆရာ ဆရာမတွေကို အချိုးကျ တစ်ဝက်စီပါဝင်စေမှာ ဖြစ်ပါတယ်။ ဆိုလိုတာက အခန်းစောင့်ဦးရေတစ်ဝက်က ဘူးသီးတောင်က ဆရာ ဆရာမတွေဖြစ်ပြီး ကျန်တဲ့တစ်ဝက်က မောင်တောက ဖြစ်ပါတယ်။ အလားတူပဲ ဘူးသီးတောင်စာစစ်ဌာနတွေမှာ မောင်တောက ဆရာ ဆရာမတွေက သွားရောက်တာဝန်ယူကြမှာ ဖြစ်ပါတယ်။

စာမေးပွဲစီမံချက်ရေးဆွဲပြီးတဲ့အခါ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်၊ ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေထံ စီမံချက်တွေတင်ပြီးပါပြီ။ ကျောင်းသား ကျောင်းသူတွေ လုံလုံခြုံခြုံ အေးအေးချမ်းချမ်းနဲ့ ဖြေဆိုနိုင်အောင် အကူအညီပေးဖို့ မေတ္တာရပ်ခံထားပါတယ်။ အားလုံး အေးအေးချမ်းချမ်းနဲ့ ဖြေဆိုနိုင်ကြမှာပါ။


ဦးခင်အောင်


ရဲမှူး သန့်ဇော်ဦး

**ရဲမှူး သန့်ဇော်ဦး**
**(မောင်တောမြို့မရဲစခန်းမှူး)**

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမှုနဲ့ ပတ်သက်လို့ မှုခင်းကြိုတင်ကာကွယ်ဖို့အတွက် မောင်တောမြို့မရဲစခန်းက တပ်ဖွဲ့ဝင်တွေအပြင် မောင်တောမြို့နယ်အောက်မှာရှိတဲ့ တောင်ပြိုရဲစခန်းက တပ်ဖွဲ့ဝင်တွေကိုပါ တာဝန်ချထားပေးမှာ ဖြစ်ပါတယ်။

နောက်ပြီးတော့ မေးခွန်းလွှာသယ်ဆောင်လာတဲ့အချိန်ကစပြီး မေးခွန်းလွှာ ထိန်းသိမ်းထားရှိတာ။ အဲဒီကမှ စာစစ်ဌာနကို သယ်ဆောင်တာ။ နောက်ပြီး စာမေးပွဲဖြေဆိုစဉ်၊ ဖြေဆိုပြီးနောက် အဖြေလွှာတွေ ထိန်းသိမ်းသယ်ဆောင်တဲ့အချိန်အထိ လုံခြုံရေးအစီအမံတွေ လုပ်ဆောင်ထားပါတယ်။

စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေ အနှောင့်အယှက်မဖြစ်စေဖို့၊ ဆူညံသံတွေ မဖြစ်ပေါ်စေဖို့ ကြိုတင်အသိပေးလုပ်ဆောင်တာတွေ ပြုလုပ်သွားမှာပါ။ စာမေးပွဲကာလမှာလည်း ဖြေဆိုတဲ့အချိန်၊ စာကြည့်ချိန်၊ ဖြေဆိုပြီးချိန်တွေမှာလည်း ပြဿနာတစ်စုံတစ်ရာ မဖြစ်ပွားစေဖို့အတွက် လှည့်ကင်းတွေနဲ့ ဆောင်ရွက်ပေးသွားမှာပါ။ စာမေးပွဲဖြေဆိုမယ့်ကာလမှာ ခရိုင်ဒုတိယရဲမှူးကြီးရဲ့ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုနဲ့အတူ ကျွန်တော်အပါအဝင် တပ်ဖွဲ့ဝင်တွေက တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စာမေးပွဲဖြေဆိုစဉ် မီးလန့်မှုတွေမဖြစ်ပေါ်စေဖို့အတွက် မီးသတ်ဌာနနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်သလို အခြားသော သက်ဆိုင်ရာဆက်စပ်ဌာနတွေနဲ့လည်း အတူတကွ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကြီး အေးအေးချမ်းချမ်း လုံလုံခြုံခြုံနဲ့ ပြီးမြောက်အောင်မြင်သွားအောင် အားလုံးပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မောင်တောမြို့နယ်၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုနှုန်းမှာ ၂၀၁၆ ခုနှစ်က ၁၆ ဒသမ ဝ၂ ရာခိုင်နှုန်းရှိခဲ့ပြီး ယမန်နှစ်(၂၀၁၇)က ၉ ဒသမ ၉၉၉ ရာခိုင်နှုန်းရှိခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**တွေ့ဆုံမေးမြန်း-ဟိန်းထက်ဇော်၊ သူရဇော်၊ ဓာတ်ပုံ-ရာမည**

# မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ဆေးများ ထိုးနှံကုသပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဝေသာလီ (တိုင်းရင်းသား)ကျေးရွာ၊ ရွာသာယာ(တိုင်းရင်းသား)ကျေးရွာနှင့် ရွှေရင်အေး(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်၊ ခံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း (တိုင်းရင်းသား) ကျေးရွာ၊ ရန်အောင်မြေ (တိုင်းရင်းသား)ကျေးရွာနှင့် ကြိမ်ချောင်း (ရောနှော)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင် ၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော)ကျေးရွာ၊ မြို့သစ်(တိုင်းရင်းသား)ကျေးရွာနှင့် ရွက်ညိုတောင် (တိုင်းရင်းသား) ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးသည်။


**မောင်တောမြို့နယ် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့က ကာကွယ်ဆေးထိုးနှံပေးစဉ်။**

**ဆေးကုသပေး**

ယင်းသို့ ဆောင်ရွက်ပေးရာတွင် စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားလေးကောင်နှင့် ဆိတ်ငါးကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၄၃၆ ကောင်နှင့် ဆိတ် ၈၀၄ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# လှဖိုးခေါင်ကြားစခန်းရှိ ဓာတ်အားပေးစက်ရုံတွင် အသုံးပြုရန် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**စစ်တွေ ဖေဖော်ဝါရီ ၁၉**

ရခိုင်ပြည်နယ် မောင်တောခရိုင် လှဖိုးခေါင်ကြားစခန်းရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းပိုင် ဓာတ်အားပေးစက်ရုံတွင် အသုံးပြုရန် မီးသတ်ဆေးဘူးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ အရေးပေါ်ဆေးသေတ္တာအပါအဝင် အထောက်အကူပြုပစ္စည်းများကို ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အထောက်အကူပြုပစ္စည်းများကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံထံ ကျော်ညီမြတ်ကုမ္ပဏီမှ လာရောက်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက မောင်တောဒေသအတွင်း ဖွင့်လှစ်ထားသည့် စခန်းသုံးခုမှာ လျှပ်စစ်မီးရရှိရေးအတွက် ပြည်နယ်လျှပ်စစ်ဖြန့်ဖြူးရေးဦးစီးဌာနက တပ်ဆင်ပေးထားသောမီးစက်များ ရုတ်တရက် မီးလောင်ခြင်းနှင့် ပျက်စီးခြင်း စသည့် အရေးပေါ်အခြေအနေများတွင် အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူးအပါအဝင် လိုအပ်သည့် အထောက်အကူပြုပစ္စည်းကိုးစုံ လှူပေးခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လိုအပ်သည့်နေရာများတွင် တတ်နိုင်သည့်ဘက်က လှူဒါန်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဟန်လင်းနိုင်(စစ်တွေ)**

# “မြန်မာဓာတ်ပုံဆရာများအမည်ရှိ”ဓာတ်ပုံစာအုပ် ဩစတြီးယားနိုင်ငံသားတစ်ဦး ထုတ်ဝေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ခေတ်အဆက်ဆက် မြန်မာဓာတ်ပုံဆရာများရိုက်ကူးခဲ့သော ဓာတ်ပုံများကို စုစည်း၍ “မြန်မာဓာတ်ပုံဆရာများ” အမည်ရှိ ဓာတ်ပုံစာအုပ်ကို မြန်မာနိုင်ငံရောက် ဩစတြီးယားနိုင်ငံသားတစ်ဦးက ထုတ်ဝေထားကြောင်း သိရသည်။

အဆိုပါစာအုပ်ကို ဂျာမန်ယဉ်ကျေးမှုဌာန (GOETHE INSTITUT) ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံရောက် အသက် ၃၅ နှစ်အရွယ်ရှိ ဩစတြီးယား နိုင်ငံသား ဓာတ်ပုံဆရာ( အနုပညာရှင်) Lukas Birk က စုစည်းထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ထိုသို့ ထုတ်ဝေမှုနှင့် ပတ်သက်၍ Lukas Birk က “မြန်မာနိုင်ငံက ဓာတ်ပုံဆရာတွေနဲ့ ပတ်သက်ပြီး သီးသန့်ထုတ်ဝေထားတဲ့ စာအုပ်မှတ်တမ်းမျိုး မတွေ့ခဲ့ရပါဘူး၊ ဒါကြောင့် အခုလို စာအုပ်ထုတ်ဝေဖို့ စိတ်ကူးရခဲ့တာပါ၊ မြန်မာနိုင်ငံက ဓာတ်ပုံဆရာတွေရိုက်ခဲ့တဲ့ ဓာတ်ပုံတွေကို ထိန်းသိမ်းချင်တာမျိုး အပြင် သမိုင်းကိုထိန်းသိမ်းဖို့ လိုအပ်တယ်ဆိုတာကို မြန်မာပြည်သူတွေကို သိစေချင်တဲ့အတွက် အခုလို ထုတ်ဝေရခြင်း ဖြစ်ပါတယ်၊ ဓာတ်ပုံတွေကိုတော့ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကစတင်ပြီး စုဆောင်းခဲ့တာပါ”ဟု ပြောသည်။



**ထုတ်ဝေသူ ဩစတြီးယား နိုင်ငံသား ဓာတ်ပုံဆရာ( အနုပညာရှင်) Lukas Birk**

ဆက်လက်၍ ၎င်းက “ဓာတ်ပုံတွေကို စတင်စုဆောင်းခဲ့တဲ့ အခါမှာတော့ အခုလိုမျိုး ဓာတ်ပုံတွေကို သီးသန့် စုဆောင်းတဲ့သူတွေ အများကြီးမရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ အခက်အခဲကြီးကြီးမားမား မရှိခဲ့ပါဘူး၊ လွယ်လွယ်ကူကူပဲ စုဆောင်းရရှိခဲ့ပါတယ်၊ စတင်စုဆောင်းပြီး တစ်နှစ်၊ နှစ်နှစ်လောက်အကြာမှာပဲ အဆက်အသွယ်တွေ အများကြီးရရှိခဲ့ပါတယ်၊ အဲဒီကနေ ဓာတ်ပုံတွေရဲ့ သမိုင်းကြောင်း အချက်အလက်တွေကို အများကြီးသိရှိလာပါတယ်”ဟု ပြောသည်။

၎င်းအနေဖြင့် ထိုသို့ထုတ်ဝေနိုင်ရန်အတွက် ဓာတ်ပုံများကို ငါးနှစ်ခန့် ရှာဖွေစုဆောင်းခဲ့ရာတွင် ဓာတ်ပုံပေါင်း တစ်သောင်းကျော်အထိရရှိခဲ့ပြီး ယင်းတို့အနက်မှ ဓာတ်ပုံပေါင်း ၃၀၀ ကျော်ကို အဆိုပါစာအုပ်တွင် ဖော်ပြထားသည်။

ယင်းစာအုပ်တွင် Nathalie Johnston နှင့် Christophe Loviny တို့၏ အက်ဆေးများနှင့် ဓာတ်ပုံဆရာများဖြစ်ကြသော ဟာစီရုံး၊ ဦးကြွက်၊ တေဇာအောင်၊ ဦးစန်းအောင်နှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဓာတ်ပုံဆရာတို့ ရိုက်ကူးခဲ့သော (၁၉၁၀ ပြည့်နှစ် ဝန်းကျင်ခန့်မှ စတင်၍ ယနေ့အချိန်အထိ) မြန်မာ့နိုင်ငံရေး ပြောင်းလဲမှုအဆင့်ဆင့် သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဝင်ဓာတ်ပုံများ၊ ခေတ်အဆက်ဆက် အနုပညာရှင်များ၏ အလှဓာတ်ပုံများ၊ မြန်မာ့လူနေမှု ဘဝပုံစံများ၊ ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာ မှတ်တမ်းဓာတ်ပုံများအပြင် မြန်မာ့ဓာတ်ပုံရိုက်ကူးမှု ပညာအဆင့်ဆင့် တိုးတက်ပြောင်းလဲလာသည့် ပုံရိပ်များ ပါဝင်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံသားများ ဖတ်ရှုနိုင်ရန်အတွက် မြန်မာဘာသာဖြင့် ဦးစားပေး ထုတ်ဝေထားခြင်းဖြစ်ပြီး ဆက်လက်၍လည်း အင်္ဂလိပ်၊ ဂျာမန်စသည့် ဘာသာတို့ဖြင့်လည်း ထုတ်ဝေသွားရန် စိတ်ကူးထားကြောင်း၊ ဓာတ်ပုံဝါသနာရှင်များအနေဖြင့် ၎င်းစုဆောင်းထားသည့် ဓာတ်ပုံများကို ပိုမိုသိရှိလိုပါက www.myanmarphotoarchive.com တွင်ဝင်ရောက်ရှာဖွေကြည့်ရှုနိုင်ကြောင်း Lukas Birk က ဆိုသည်။



**မြန်မာဓာတ်ပုံဆရာများစာအုပ်အတွင်း၌ ဖော်ပြထားသော မှတ်တမ်းဓာတ်ပုံတချို့။**

ထို့အပြင် ၎င်းအနေဖြင့် စုဆောင်းထားသည့် ဓာတ်ပုံများအနက်မှ ဓာတ်ပုံပေါင်း ၄၀၀ ကျော်ကို “မြန်မာဓာတ်ပုံဆရာများ”အမည်ဖြင့် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းမှစတင်၍ မတ် ၁၁ ရက်အထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်များရုံး၌ ဓာတ်ပုံပြပွဲ ကျင်းပလျက်ရှိပြီး ယင်းပြပွဲတွင် အမှတ်တရအနေဖြင့် “မြန်မာဓာတ်ပုံဆရာများ” အမည်ရှိ အဆိုပါ ဓာတ်ပုံစာအုပ်ကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယင်းစာအုပ်တွင် မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်များနှင့် ပတ်သက်သည့်မှတ်တမ်းဓာတ်ပုံများပါရှိသော်လည်း ထုတ်ဝေသူအနေဖြင့် နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးမခွဲခြားဘဲ ခေတ်အဆက်ဆက် မြန်မာဓာတ်ပုံဆရာများ ရိုက်ကူးထားသည့် ဓာတ်ပုံများကို သမိုင်းတစ်ခုအနေဖြင့်သာ ထိန်းသိမ်းစုစည်း တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ**

**( ၂၀၁၈ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်။)**

**၁၃၇၉ ခုနှစ် ၊ လ ရက်**

**( ၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

“၄။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် **နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင်** မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ အောက်ပါအချက်များပါရှိသော အသိပေးတင်ပြချက်ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ဆောင်ရွက်မည့်နေ့မတိုင်မီ အနည်းဆုံး ၄၈ နာရီကြိုတင်၍ စာဖြင့်ပေးပို့တင်ပြရမည်။ စီတန်းလှည့်လည်ရာတွင် ဖြတ်သန်းလိုသည့် မြို့နယ်များရှိပါက သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများထံ ၄၈ နာရီကြိုတင်၍ အသိပေးတင်ပြချက်မိတ္တူကို ပေးပို့ရမည်-”

၃။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဃ) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုလုပ်မည့် အစီအစဉ်၊ ခန့်မှန်းလူဦးရေ၊ **ခန့်မှန်းကုန်ကျစရိတ်နှင့် ကုန်ကျခံမည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၊**”

၄။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ အခန်း(၇)ပြစ်မှုနှင့် ပြစ်ဒဏ်များခေါင်းစဉ်၏အောက်တွင် ပုဒ်မ ၁၈ အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

**“၁၈။ မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ပျက်ပြားစေရန် အကြံဖြင့် ဖြစ်စေ၊ ထိုသို့ ပျက်ပြားတန်ရာသော အခြေအနေဖြစ်နိုင်ကြောင်း သိလျက်နှင့်ဖြစ်စေ ငွေ သို့မဟုတ် ပစ္စည်းကို သော်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုကို သော်လည်းကောင်း သုံးစွဲ၍သူတစ်ဦးဦးအား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း သို့မဟုတ် တိုက်တွန်းခြင်းကိုပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။”**

၅။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇နှင့် ၂၈ တို့ကို ပုဒ်မ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈နှင့် ၂၉ တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၆။ ပြန်လည်အမှတ်စဉ်ထားသည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေတွင် -

(က) ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၂၃။ ပုဒ်မ ၁၉၊ ၂၀၊ ၂၁ နှင့် ၂၂ တို့ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။”

(ခ) ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၂၄။ မည်သူမဆို ပုဒ်မ ၁၈ မှအပ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကိုပြစ်မှုကျူးလွန်သည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆို တင်ပို့ရမည်။”

(ဂ) ပုဒ်မ ၂၅ ပါ **“ပုဒ်မ ၁၈ နှင့် ၁၉”**ဆိုသည့်စကားရပ်ကို **“ပုဒ်မ ၁၉ နှင့် ၂၀ ”**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

# မအီ-ကျောက်ဖြူကားလမ်းပေါ် မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းများအား ပိတ်ဆို့ရှာဖွေမှုပြုလုပ်

**ရမ်းဗြဲ ဖေဖော်ဝါရီ ၁၉**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရဲတပ်ဖွဲ့အနေဖြင့် မိမိတို့မြို့နယ်အတွင်း မသမာမှုများမရှိစေရန်ရည်ရွယ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးသိန်းလှိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်စံဝင်းနှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်-ကျောက်ဖြူကားလမ်းပေါ်ရှိ ရမ်းဗြဲမြို့နယ်အပိုင်း မင်းကြောင်းချောင်းတံတား ရဲကင်းအနီး၌ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ သွားလာနေချိန်တွင် တရားမဝင် ခိုးဝင်သူများ သွားလာမှုမရှိစေရန်နှင့် မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းများ သယ်ဆောင်လာမှု ရှိ၊ မရှိကို ရှောင်တခင် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **၁၅၇**

# အဲကမ္ဘောဇလေကြောင်းလိုင်းမှ မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများအပြင် ခရီးသွားများသောမြို့များကို ချိတ်ဆက်ပျံသန်းပေးနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

အဲကမ္ဘောဇ (Air KBZ) လေကြောင်းလိုင်းမှ ရန်ကုန်မြို့ကို အခြေပြုလျက် မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများအပြင် ခရီးသွားများသော ဟဲဟိုး၊ ညောင်ဦး၊ မန္တလေး၊ သံတွဲစသည့် ခရီးစဉ်များကို တစ်မြို့နှင့်တစ်မြို့ ချိတ်ဆက်ပြေးဆွဲပျံသန်းပေးလျက် ရှိသည်။

“ခရီးသွားရာသီဖြစ်တဲ့အတွက် ဟဲဟိုး၊ ညောင်ဦး၊ မန္တလေး၊ သံတွဲ စတဲ့ ခရီးစဉ်တွေကို တစ်မြို့နဲ့တစ်မြို့ ချိတ်ဆက်ပြီး ပြေးဆွဲပေးနေပါတယ်၊ နိုင်ငံခြားသား သာမက ပြည်တွင်းခရီးသွားတွေပါ လည်ပတ်ရအဆင်ပြေစေအောင် ဟဲဟိုးကနေ ညောင်ဦး၊ ညောင်ဦးကနေ သံတွဲ၊ ဟဲဟိုးကနေ သံတွဲ စသည်ဖြင့် ပေလီသွားချင်တဲ့သူဆိုရင် သွားလို့ရအောင်လည်း Flight တွေကို ချိတ်ဆက်ပြီး ပြေးဆွဲ ပေးနေသလို နေပြည်တော်-ညောင်ဦး ခရီးစဉ်အသစ်တွေကိုလည်း တိုးချဲ့ပြေးဆွဲပေးနေပါတယ်”ဟု အဲကမ္ဘောဇလေကြောင်းလိုင်းမှ အထွေထွေမန်နေဂျာ ဒေါ်အေးမရသာက ပြောသည်။




အဲကမ္ဘောဇလေကြောင်းလိုင်းအနေဖြင့် (ATR)အေတီအာရ်အမျိုးအစားလေယာဉ် ရှစ်စင်းဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများဖြစ်သော မန္တလေး၊ ညောင်ဦး၊ မြစ်ကြီးနား၊ ကလေး၊ ဟဲဟိုး၊ လားရှိုး၊ တာချီလိတ်၊ သံတွဲ၊ စစ်တွေ၊ နေပြည်တော် စသည့်မြို့များသို့ နေ့စဉ်ပြေးဆွဲပျံသန်းလျက်ရှိသည်။

ပုံမှန်ခရီးစဉ်များအပြင် တိုးချဲ့ပြေးဆွဲနေမှုများအနေဖြင့် “နိုင်ငံခြားသားခရီးသွားများတဲ့ မန္တလေး၊ ညောင်ဦး၊ သံတွဲ၊ ဟဲဟိုး မြို့တွေကို Flight တွေ ထပ်တိုးပြီးတစ်နေ့ကို အကြိမ်ရေအများကြီး တိုးချဲ့ပျံသန်းပေးနေပါတယ်”ဟု အဲကမ္ဘောဇလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဲကမ္ဘောဇလေကြောင်းလိုင်းသည် ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ရန်ကုန်မြို့ကို အခြေပြုလျက် ဟဲဟိုး၊ မန္တလေး၊ ညောင်ဦး ခရီးစဉ်များဖြင့် စတင်ပျံသန်းခဲ့ကြောင်း သိရသည်။ **တာရာ**



## မန်းရွှေစက်တော်ဘုရားရှိ ပုသိမ်၊ မုံရွာတိုက်တန်း မီးလောင်မှုဖြစ်ပွား

**မင်းဘူး ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား အထက်ခြေတော်ရာတောင်ခြေ မန်းချောင်းနံဘေးရှိ ပုသိမ်၊ မုံရွာတိုက်တန်း၌ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၃ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

မီးလောင်ရခြင်းအကြောင်းရင်းမှာ အဆောက်အအုံမျက်နှာကြက်ရှိ ဝိုင်ယာကြိုးပေါက်ပြီးရှော့ဖြစ်ကာ မီးပွားများက အောက်ဘက်ရှိ မွေ့ရာနှင့် စောင်များပေါ်သို့ကျရောက်ပြီး မီးလောင်မှုဖြစ်ပွားရခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းက ပြောသည်။

**ဝိုင်းဝန်းငြိမ်းသတ်**

အဆိုပါ မီးလောင်သောနေရာသို့ တည်းခိုဆောင်လုပ်ငန်း လုပ်ကိုင်သူများ၊ ဈေးသည်များနှင့် ဘုရားဖူးပြည်သူများ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးတို့ ပူးပေါင်းပြီး မီးသတ်ယာဉ်နှစ်စီး၊ ရေစုပ်စက် သုံးလုံးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**မေသူလွင် (မကွေး-ကိုယ်ပွား)**

## လွိုင်ကော်မြို့နယ်၌ မီးရှို့ထားသည့် အမျိုးသမီးအလောင်းတစ်လောင်း တွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ပါလောင်းကျေးရွာ မိုင်တိုင်အမှတ် ၁၁/၂-၃ ကြား လမ်း၏အနောက်ဘက် ပေ ၁၀၀ ခန့် အကွာ လျှိုမြောင်ချောက်အတွင်း၌ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီက မီးရှို့ခံထားရသည့် အလောင်းတစ်လောင်းတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွိုင်ကော်မြို့နယ် ဒေါတခြားကျေးရွာနေ ဖရေရယ် (၃၃ နှစ် )သည် တောထဲသို့ ထင်းခုတ်ရန် သွားရောက်စဉ် အလောင်းတစ်လောင်းအား မီးရှို့ထားသည်ကိုတွေ့ရှိသဖြင့် လွိုင်ကော်မြို့မရဲစခန်းသို့ အကြောင်းကြားခဲ့သဖြင့် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီတွင် လွိုင်ကော်မြို့မ ရဲစခန်းမှူးဦးစီးသည့် တပ်ဖွဲ့ဝင်များသည် လွိုင်ကော်မြို့ရှိ KNPP ဆက်ဆံရေးရုံး၊ သက်ဆိုင်ရာ နယ်မြေခံတပ်တို့နှင့် ညှိနှိုင်း၍ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။ ထို့နောက် အလောင်းအား လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံသို့ ပို့အပ်စစ်ဆေးရာ သေဆုံးသူမှာ အမျိုးသမီးတစ်ဦးဖြစ်ကြောင်း သိရှိရသဖြင့် ပြစ်မှုကျူးလွန်သူ(စိစစ်ဆဲ)အား လွိုင်ကော်မြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိ

**ဗန်းမော် ဖေဖော်ဝါရီ ၁၉**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဖေဖော်ဝါရီ ၁၉ ရက်က နေအိမ်အတွင်းဝှက်ထားသော စိတ်ကြွရူးသွပ် ဆေးပြား ၂၁၄၀ နှင့် ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်မြင့်ထူး ဦးစီးသော တပ်ဖွဲ့ဝင်များ၊ ဗန်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီခန့်က ဗန်းမော်မြို့ သာစည်ရပ်ကွက် လျှပ်စစ်ကုန်းရပ်နေ ကျော်နိုင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၀ ကို လည်းကောင်း၊ ၎င်းအိပ်ခန်းအတွင်းမှ အလေးချိန် ၅၃ ဒသမ ၄ ဂရမ်ခန့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်မူးယစ်ဆေးဝါးများကို လက်ဝယ်တွေ့ရှိသူ ကျော်နိုင်ဝင်း(၃၃ နှစ်) ဗန်းမော်မြို့ သာစည်ရပ်ကွက်ရှိ လျှပ်စစ်ကုန်းနေသူအား ဗန်းမော်မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီက ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် မျိုးမင်းလတ် (ခ)အစိတ်သား မောင်းနှင်ပြီး ယာဉ်နောက်လိုက် လှဝင်းထိန်(ခ)အားတီ လိုက်ပါလာသော မှန်လုံယာဉ်ကို ရှာဖွေရာ လှဝင်းထိန်(ခ)အားတီထံမှ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်ပြား၊ ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်၊ ဖုန်းတစ်လုံးနှင့် ယာဉ်ပေါ်မှ အိုက်စ်တစ်ကီလိုတို့ကို လည်းကောင်း၊ ယင်းနေ့ နံနက် ၈ နာရီတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ဇွဲသီဟကားဂိုဒေါင်ကို ရှာဖွေရာ တင်ကိုထွန်း(ခ)ပေစုတ်အား ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပုလဲမင်းစစ်ဆင်ရေးအရ မူးယစ်တပ်ဖွဲ့စု (၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက်က တနင်္သာရီမြို့နယ် မောတောင်မြို့ သစ္စာလမ်းသွယ်နေ မင်းမင်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြား၊ ဘိန်းစာမှုန့် ၆၀ ဂရမ်၊ လုပ်သေနတ်တစ်လက်၊ ၅ ဒသမ ၅၆ ကျည် ၄ တောင့်နှင့် ပွိုင့် ၄၅ ကျည်တစ်တောင့်တို့ကို လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု ၃၄ ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြရည်ပုလဲလမ်းနေ အောင်ကျော်စိုး၏ နေအိမ်ကိုရှာဖွေရန် ဝင်ရောက်စဉ် အောင်ကျော်စိုးက အထုပ်နှစ်ထုပ်အား လွှင့်ပစ်သဖြင့် စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၁၀၀ အား လည်းကောင်း။

ယင်းနေ့ နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု ၃၂ မြဝတီမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ် ၅ ရပ်ကွက် ဝါးတောရပ် ဝါးစကင်း လမ်းအနီးတွင် သိန်းမြင့်ထွန်း (ခ)ကိုထွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀၀ အား လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ကလော-သာစည် သွားကားလမ်းတွင် ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ခရီးသည် မင်းဟန်ထံမှ စိတ်ကြွရူးသွပ် ဆေးပြား ၂၅၈၀ အား လည်းကောင်း။

ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ် ၁၂ ရပ်ကွက် မန်နာကျေးရွာ လွင်လွင်ဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ကို လည်းကောင်း၊ ညနေ ၄ နာရီခန့်တွင် လားရှိုးမြို့ အမှတ် ၇ ရပ်ကွက် နယ်မြေ ၁ သီတာလွင်လမ်းသွယ်နေ စိုင်းထွန်းအောင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၂၈၀ ကို လည်းကောင်း။

လားရှိုး-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၈၀/၄ အနီးတွင် ဝီလိယ(ခ)လုံးဝိ မောင်းနှင်လာသည့် ဆိုင်ကယ်အား ပိတ်ဆို့ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၂၅ ပြား၊ ပွိုင့် ၃၈ ငါးလုံးပြူး သေနတ် တစ်လက်၊ ၎င်းကျည် ခြောက်တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ ဓားမြှောင်တစ်ချောင်း၊ လက်လုပ်မိုင်းတစ်ခု၊ ဖျူး သုံးခု၊ RECEIVER သုံးခု၊ ဖုန်းအားသွင်းကြိုးတစ်ချောင်း၊ ဓာတ်ခဲအသစ် ငါးလုံး၊ ရီမုကွန်ထရိုးတစ်ခုတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## လယ်ဝေးမြို့နယ်၌ အမျိုးသားအလောင်းတွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော် လယ်ဝေးမြို့နယ်၌ ဖေဖော်ဝါရီ ၁၇ ရက်က လက်ဝတ်ရတနာများဖြင့် သေဆုံးနေသော အမျိုးသားအလောင်းတွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် ညနေ‌ာရီက နေပြည်တော် လယ်ဝေးမြို့နယ် မှန်တောကျေးရွာ အနောက်မြောက်ဘက် သချိုင်းအုတ်ဂူများနှင့် ဆည်မြောင်းကြားရှိ ပေါင်အောက်၌ အမျိုးသားတစ်ဦး၏အလောင်း တွေ့ရှိကြောင်း သတင်းအရ ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လုရီ ဦးစီးသည့်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ အမျိုးသားတစ်ဦး(စိစစ်ဆဲ)ကို စိန်နားကပ်တစ်ခု၊ ရွှေလက်စွပ်တစ်ကွင်း၊ ဖုန်းတစ်လုံးနှင့်အတူ တွေ့ရှိခဲ့သည်။

ရဲတပ်ဖွဲ့က ၎င်း၏ဖုန်းအတွင်းမှ ဖုန်းနံပါတ် တချို့ကို ဆက်သွယ်ခဲ့ရာ သေဆုံးသူ၏ မိခင်နှင့် အဆက်အသွယ်ရရှိခဲ့သည်။ သေဆုံးသူမှာ ဇမ္ဗူသီရိမြို့နယ်၊ ခရေအိမ်ရာနေသူ ဝေယံ (၂၄ နှစ်)ဖြစ်ကြောင်း၊ ၎င်းသည် လွန်ခဲ့သောတစ်လခန့်က ဆိုင်ကယ်နှင့် မတော်တဆတိုက်မိကာ ဦးခေါင်းတွင် ဒဏ်ရာရရှိထားပြီး တစ်ခါတစ်ရံ စိတ်မူမမှန်ကာ ဆူပူသောင်းကျန်းသဖြင့် ဖေဖော်ဝါရီ ၁၄ ရက်က ရန်ကုန်မြို့ စိတ်ကျန်းမာရေးဆေးရုံ(ရွာသာကြီး)တွင် ကုသမှုခံယူခဲ့ကာ နေအိမ်သို့ ပြန်လာခဲ့ကြောင်း၊ ထို့နောက် ဖေဖော်ဝါရီ ၁၆ ရက်က အိမ်မှ ထွက်သွားရာ ပြန်လည်ရောက်ရှိလာခြင်း မရှိကြောင်း၊ မိခင်ဖြစ်သူက ပြောပြသဖြင့် လယ်ဝေးမြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

## မန္တလေး၌ ဆိုင်ကယ်ခြောက်စီးခိုးယူသူအား ဖမ်းဆီးရမိ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးအောင်မြေသာစံမြို့နယ်၌ ဖေဖော်ဝါရီ ၁၅ ရက်က ဆိုင်းကယ်ရောင်းချနေသူတစ်ဦး မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ဆိုင်ကယ် ခြောက်စီးခိုးယူမှု ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

အောင်မြေသာစံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မင်းသူ ဦးစီးသော တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၅ ရက်က ၂၂ လမ်း၊ ၈၈ × ၈၉ လမ်းကြားတွင် Scoopy 110 ဆိုင်ကယ်တစ်စီးအား အရောင်းအဝယ်ပြုလုပ်နေသူ ချစ်တိုးဝေအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရာ ယခုရောင်းချနေသော ဆိုင်ကယ်တစ်စီးအပြင် ချမ်းအေးသာစံမြို့နယ် ပြည်ကျော်ဈေးအနီးရှိ နေအိမ်ခြံဝင်းအတွင်းမှ ဆိုင်ကယ်တစ်စီး၊ အမရပူရ မြို့တရားရုံးအနီး နေအိမ်တစ်အိမ်မှ ဆိုင်ကယ်တစ်စီး၊ ချမ်းမြသာစည်မြို့နယ် ၅၉ လမ်း ဆိုင်ကယ်အရောင်းဆိုင်အနီး လမ်းပေါ်တွင်ရပ်ထားသော ဆိုင်ကယ်သုံးစီး စုစုပေါင်း ဆိုင်ကယ်ခြောက်စီးအား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများမှ အမှုဖွင့်ထားကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## ဆိုင်ကယ် တစ်စီး၊ လက်တော့ပ် သုံးလုံးနှင့် ဘက်ထရီအိုး နှစ်လုံး ခိုးယူသူ နှစ်ဦး ဖမ်းဆီးရမိ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တွင် ဖေဖော်ဝါရီလဒုတိယပတ်က ဆိုင်ကယ်တစ်စီး၊ လက်တော့ပ် သုံးလုံးနှင့် ဘက်ထရီအိုးနှစ်လုံး ခိုးယူလာသူနှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှတ်(၈)မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ထင်လင်းကျော်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ ၇၆ လမ်း၊ ၃၄ × ၃၅ လမ်းကြားတွင် ဖေဖော်ဝါရီ ၁၁ ရက်က ဆိုင်ကယ်ဖြင့် မသင်္ကာဖွယ်တွေ့ရှိသူ ချမ်းမြေ့အောင်နှင့် ထွန်းထွန်းဦး အောင်မြေသာစံနေသူတို့နှစ်ဦးကို စစ်ဆေးခဲ့ရာ ဆိုင်ကယ်တစ်စီး၊ လက်တော့ပ်ကွန်ပျူတာသုံးလုံး၊ ဘက်ထရီအိုးနှစ်လုံးတို့ကို ခိုးယူလာကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှတ်(၈) မြို့မရဲစခန်းနှင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းများတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁၈ စီး ၊ သွင်းကုန် ၁၉၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး ၊ သွင်းကုန် ၁၈၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် တစ်သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၉၅ သန်းခန့် စုစုပေါင်းတားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁၈ ရက်က မူဆယ်နှင့် မန္တလေးမြို့များသို့သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့သွားရောက်မည့် Canter ၆ ဘီးယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် နှစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် တစ်သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှပ်စစ်ဓာတ်အားလိုင်းကြိုးမှ မီးပွားများ လွင့်စဉ်ကျ၍ မီးလောင်

**ကျိုက်ထို ဖေဖော်ဝါရီ ၁၉**

ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ၊ ရသေ့တောင်၊ ကျိုက်ထီးရိုးတောင်တက်ကားလမ်း မိုင်တိုင်အမှတ်(၆/၁)နှင့် (၆/၂)အကြား ကားလမ်းဘေးကမ်းပါးပေါ်ရှိ ကင်မွန်းချောင်းမှ ကျိုက်ထီးရိုးရင်ပြင်တော်သို့ သွယ်တန်းထားသည့် 11KV ဓာတ်အားလိုင်းကြိုးမှ မီးပွားများလွင့်စဉ်၍ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီခန့်က ဝါးရုံတော၌ ပေ ၂၀ ပတ်လည်ခန့် မီးလောင်သွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်သဖြင့် မွန်းလွဲ ၁ နာရီခွဲခန့်၌ မီးငြိမ်းသွားခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

# ရုရှားနိုင်ငံ၌ ရိုးရာပွဲတော်ကျင်းပနေစဉ် သေနတ်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမျိုးသမီးငါးဦးသေဆုံး



**မော်စကို ဖေဖော်ဝါရီ ၁၉**

ရုရှားပြည်ထောင်စု ဒါဂျက်စတန်၌ ရုရှားရိုးရာ Maslenitsa အားလပ်ရက်ပွဲတော်ကျင်းပနေစဉ်အတွင်း သေနတ်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အမျိုးသမီးငါးဦးသေဆုံးပြီး ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

သေနတ်ဖြင့်ပစ်ခတ်တိုက်ခိုက်မှုသည် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အမဲလိုက်ရိုင်ဖယ်ကိုင်ဆောင်ထားသည့် သေနတ်သမားတစ်ဦးသည် ဒါဂျက်စတန်ရှိ ကစ်ဇလျာမြို့၌ ကျင်းပနေသည့် Maslenitsa ပွဲတော်သို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများရှိရာ လူအုပ်ထဲသို့ သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သူများတွင် ဒေသခံပြည်သူသုံးဦး၊ ရဲအရာရှိတစ်ဦးနှင့် အစောင့်တပ်ဖွဲ့ဝင်တစ်ဦး ပါဝင်ကြောင်း ဝန်ကြီးဌာနက ဖော်ပြထားသည်။

ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည့် အမျိုးသမီးတစ်ဦးမှာ ဆေးရုံ၌ သေဆုံးသွားခဲ့ရာ သေဆုံးသူအရေအတွက်မှာ ငါးဦးဖြစ်လာခဲ့ကြောင်း ရုရှားကျန်းမာရေးဝန်ကြီးဌာန၏ပြောဆိုမှုကို အင်တာဖက်စ်သတင်းအေဂျင်စီက ကိုးကားဖော်ပြခဲ့သည်။ နောက်ထပ်ထိခိုက်ဒဏ်ရာ ရရှိသူနှစ်ဦးမှာ အရေးပေါ်အခြေအနေတွင် ရှိကြောင်း သိရသည်။သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သူကို ရဲတပ်ဖွဲ့နှင့် အစောင့်တပ်ဖွဲ့မှ အရာရှိများက အသေပစ်ခတ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

မူလကတိုက်ခိုက်သူမှာ လင်မယားနှစ်ဦးဖြစ်ကြောင်း၊ အမျိုးသမီးမှာ အမျိုးသားက သေနတ်ဖြင့် စတင်ပစ်ခတ်တိုက်ခိုက်မှုမပြုမီတွင် ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း အင်တာဖက်စ်သတင်းအရ သိရသည်။

ယင်းသေနတ်ပစ်ခတ်မှုနှင့် ပတ်သက်၍ ရုရှားစုံစမ်းစစ်ဆေးရေးကော်မတီက ရာဇဝတ်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ Maslenitsa အားလပ်ရက်သည် ရုရှားနိုင်ငံ၏အရေးအကြီးဆုံး ဘာသာရေးဆိုင်ရာ ရုံးပိတ်ရက်များ အနက်တစ်ခုဖြစ်သည်။ **ဆင်ဟွာ**

## အီရန်ဆိပ်ကမ်းစီမံကိန်း၌ အိန္ဒိယနှင့် အီရန်ပူးပေါင်းဆောင်ရွက်မည်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၉**

တရုတ်နိုင်ငံက အိန္ဒိယအိမ်နီးချင်းဒေသများ၌ ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြခဲ့ချိန်တွင် အိန္ဒိယနှင့် အီရန်တို့သည် အီရန်ဆိပ်ကမ်းစီမံကိန်းတစ်ခု၌ ပူးပေါင်းဆောင်ရွက်သွားကြရန်သဘောတူညီခဲ့ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် စနေနေ့တွင်နယူးဒေလီ၌ အီရန်သမ္မတ ဟာဆန်ရိုဟာနီနှင့် တွေ့ဆုံခဲ့သည်။ ခေါင်းဆောင်နှစ်ဦးတို့သည် အီရန်အရှေ့တောင်ပိုင်း ချာဘဟာဆိပ်ကမ်းကိုတိုးချဲ့ရန် စီမံကိန်းနှင့်ပတ်သက်၍ နှစ်နိုင်ငံသဘောတူညီခဲ့ကြသည်။ ယင်းဆိပ်ကမ်းစီမံကိန်းတွင် ရထားသံလမ်းဖောက်လုပ်မှုများလည်း ပါဝင်သည်။

လုပ်ငန်းအစီအစဉ်အောက်တွင် အီရန်သည်ဆိပ်ကမ်း၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခွင့်တစ်စိတ်တစ်ပိုင်းကို အိန္ဒိယသို့ ငှားရမ်းမည်ဖြစ်ကြောင်းဖော်ပြထားသည်။ Belt and Road စီးပွားရေးကြိုးပမ်းမှုအောက်တွင် တရုတ်နိုင်ငံကဒေသတွင်း၌ ၎င်း၏ပါဝင်တည်ရှိမှုကို တိုးချဲ့လာချိန်တွင် အဆိုပါသဘောတူညီမှုဝင်ရောက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ပါကစ္စတန်ကဲ့သို့ အိန္ဒိယ၏ အိမ်နီးချင်းနိုင်ငံများ၌ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လာခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲ၌ ဝန်ကြီးချုပ်မိုဒီက အိန္ဒိယသည် ချာဘဟာဆိပ်ကမ်းစီမံကိန်းမှတစ်ဆင့် ဒေသတွင်း၌ နိုင်ငံ၏ဆက်ဆံမှုများကို ခိုင်မာအောင်အားဖြည့်ဆောင်ရွက်သွားလိုကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## အီရန်လေယာဉ်ပျက်ကျခဲ့မှုအတွက် သမ္မတပူတင် ဝမ်းနည်းကြေကွဲကြောင်းဖော်ပြ

**မော်စကို ဖေဖော်ဝါရီ ၁၉**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အီရန်ဂျက်လေယာဉ် ပျက်ကျမှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည်များနှင့် လေယာဉ်အမှုထမ်း အပါအဝင် ၆၆ ဦးတို့ သေဆုံးသွားခဲ့သည့်အတွက် ဝမ်းနည်းကြေကွဲကြောင်း မက်ဆေ့ချ် တစ်စောင် ကို အီရန်သမ္မတ ဟာဆန်ရိုဟာနီထံသို့ ပေးပို့ခဲ့ကြောင်း ကရင်မလင်နန်းတော်က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။




လေယာဉ်ပျက်ကျမှုတွင် ပါဝင်ခဲ့ရသူများ၏ မိသားစုဝင်များဝမ်းနည်းပူဆွေးနေသည့် မြင်ကွင်းကို တွေ့ရစဉ်။

အီရန်ခရီးသည်တင် လေယာဉ်သည် အီရန်အလယ်ပိုင်း အစ်ဖာဟန်ပြည်နယ်ရှိ ဒီနာတောင်တန်းပေါ်သို့ တနင်္ဂနွေနေ့ နံနက်ပိုင်းက ပျက်ကျသွားခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ၆၆ ဦးလုံးသေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း အီရန်ပြည်တွင်းလေကြောင်းအဖွဲ့က အတည်ပြုခဲ့သည်။

ရုရှားသမ္မတပူတင်က ဝမ်းနည်းကြေကွဲဖွယ်လေယာဉ်ပျက်ကျမှုဖြစ်စဉ်အတွင်း မိသားစုဝင်များနှင့် ဆွေမျိုးသားချင်းမိတ်ဆွေများကို ဆုံးရှုံးသွားခဲ့ရသူများနှင့် ထပ်တူကြေကွဲဝမ်းနည်းမိပါကြောင်းနှင့် ယခုအချိန်တွင် သတ္တိနှင့်ခွန်အားရရှိစေလိုကြောင်း ဆန္ဒပြုခဲ့သည်ဟု ကရင်မလင်သတင်းထုတ်ပြန်မှုအဖွဲ့က သမ္မတ၏ ပြောဆိုမှုကို ကိုးကားဖော်ပြခဲ့သည်။

**ဆင်ဟွာ**




## ပြုံချမ်းအိုလံပစ်အားကစားပြိုင်ပွဲ၌ ရုရှားကစားသမားတစ်ဦး မူးယစ်ဆေးသုံးစွဲသည်ဟု သံသယရှိ

**ပြုံချမ်း ဖေဖော်ဝါရီ ၁၉**

တောင်ကိုရီးယားနိုင်ငံ ပြုံချမ်း၌ကျင်းပလျက်ရှိသည့် ဆောင်းရာသီအိုလံပစ်အားကစားပွဲတွင် ရုရှားနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်နေသည့် ကစားသမားတစ်ဦးမှာ မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိ မရှိစစ်ဆေးစမ်းသပ်မှုကို အောင်မြင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ကနဦးဆေးစစ်မှု၌ Aleksandr Krushelnitcki သည် မယ်ဒိုနီယမ်ဆေးဝါးသုံးစွဲမှုပေါ်ပေါက်ခဲ့ကြောင်း ရုရှားအိုလံပစ်ကော်မတီနှင့်နီးကပ်သည့် သတင်းရင်းမြစ်တစ်ခုကပြောကြားခဲ့ကြောင်း ရုရှားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ ၎င်းသည် ပြုံချမ်းအိုလံပစ်ကစားပွဲ၌ ကြေးတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သည်။

ရုရှားအိုလံပစ်ကော်မတီသည် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍ နိုင်ငံတကာအိုလံပစ်ကော်မတီထံမှ အာဏာပိုင်တစ်ဦး၏ သတိပေးချက်ကို လက်ခံရရှိခဲ့ကြောင်း ရုရှားသတင်းအေဂျင်စီကဖော်ပြထားသည်။ နောက်ထပ်စစ်ဆေးမှုရလဒ်များကို ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

လတ်တလောတွင် စစ်ဆေးစမ်းသပ်မှုများကို လုပ်ဆောင်နေဆဲကာလ၌ တစ်ဦးချင်းကိစ္စရပ်များနှင့်ပတ်သက်၍ မှတ်ချက်ပေးနိုင်ခြင်းမရှိသေးကြောင်း အိုင်အိုစီကဖော်ပြခဲ့သည်။ သို့သော် အိုလံပစ်ကော်မတီသည် အားကစားပြိုင်ပွဲအတွင်း၌ တားမြစ်ထားသည့်ဆေးဝါးများကို အသုံးပြုခဲ့သည်ဟု ကြားသိရချိန်တွင် များစွာစိတ်ကသိကအောက်ဖြစ်ရကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ရုရှားကစားသမားက ၎င်းသည်တားမြစ်ထားသည့်မည်သည့်အရာကိုမျှသုံးစွဲခဲ့ခြင်းမရှိကြောင်းနှင့် ဆေးစစ်ချက်ရလဒ်နှင့်ပတ်သက်၍ နားမလည်နိုင်အောင်ဖြစ်ရကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### USS Carl Vinson သင်္ဘော မနီလာ၌ ရပ်တန့်

**မနီလာ ဖေဖော်ဝါရီ ၁၉**

နျူကလီးယားစွမ်းအင်သုံး အမေရိကန် လေယာဉ်တင်သင်္ဘောကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဆိုက်ကပ်ထားရာ ယူအက်စ်အက်စ် ကာလ်ဗင်ဆန်သင်္ဘောသည် တရုတ်နိုင်ငံ၏ ရေကြောင်းသွားလာလှုပ်ရှားမှုကို စောင့်ကြည့်စစ်ဆေးရန် သိသာထင်ရှားသည့် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း၌ သွားလာမှုကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် စနေနေ့တွင် လေယာဉ်တင်သင်္ဘောပေါ်သို့ သတင်းထောက်များအား ဖိတ်ခေါ်ခဲ့သည်။ သင်္ဘောကုန်းပတ်ပေါ်တွင် အက်ဖ် ၁၈ တိုက်ခိုက်ရေးလေယာဉ်များနှင့် အခြားလေယာဉ်များ အပါအဝင် လေယာဉ်အစင်းပေါင်း ၇၀ ခန့် ရှိနေခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံနှင့် တင်းမာမှုပြဿနာများရှိနေချိန်တွင် ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယာဂို၌ အခြေစိုက်ထားသည့် အဆိုပါ လေယာဉ်တင်သင်္ဘောကို ကိုရီးယားကျွန်းဆွယ်ဆီသို့ ဦးစွာစေလွှတ်ခဲ့သည်။ ထို့နောက်တွင် လေယာဉ်တင်သင်္ဘောသည် တောင်တရုတ်ပင်လယ်အတွင်းသို့ ထပ်မံခုတ်မောင်းခဲ့သည်။ တောင်တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားစပရက်လေကျွန်းစုအနီးတစ်ဝိုက်တွင် တရုတ်နိုင်ငံက လူလုပ်ကျွန်း ခုနစ်ကျွန်းတည်ဆောက်ထားသည်။

**အင်န်အိတ်ချ်ကေ**

### ဥရောပနှင့် လုံခြုံရေးဆိုင်ရာ သဘောတူညီမှုအသစ်တစ်ရပ် ချုပ်ဆိုသွားရန် ဗြိတိန်ဝန်ကြီးချုပ် ကြိုးပမ်း

**လန်ဒန် ဖေဖော်ဝါရီ ၁၉**

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် ဥရောပသမဂ္ဂနှင့် လုံခြုံရေးဆိုင်ရာ သဘောတူညီမှုအသစ် ပြုလုပ်သွားရန် ကြိုးပမ်းလျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ လုံခြုံရေးဆိုင်ရာ နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုသည် ဗြိတိန်က ဒေသတွင်းမှ ခွဲထွက်သွားပြီးသည့်တိုင်အောင် လိုအပ်နေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မေက အခိုင်အမာပြောကြားခဲ့သည်။

မေသည် စနေနေ့တွင် ဂျာမနီ၌ ကျင်းပသည့် မြူးနစ်ချ် လုံခြုံရေးကွန်ဖရင့် အစည်းအဝေးတွင် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ပြီးနောက် လုံခြုံရေးအကြောင်း အရာနှင့်ပတ်သက်၍ စကားပြောဆိုခဲ့သည်။ အစည်းအဝေးသို့ ကမ္ဘာ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ဝန်ကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနှင့် စစ်ရေးအရဆောင်ရွက်မှုများတွင် ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့အကြား အတိတ်ကာလက ပူးပေါင်းဆောင်ရွက်ခဲ့မှုကို အသိအမှတ်ပြုကြောင်း မေက ဖော်ပြခဲ့သည်။ စစ်ရေးမှသည် လေပိုင်နက်ဖွံ့ဖြိုးရေးအထိ ကျယ်ပြန့်သည့် နယ်ပယ်ကဏ္ဍတို့တွင် ယင်းပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းသွားရန်အတွက် သဘောတူညီမှုအသစ်တစ်ရပ် လိုအပ်ကြောင်း ၎င်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ကလေးများနဲ့ စတေးခံသူတွေအတွက် တရားမျှတမှုတွေ ဆောင်ယူနိုင်ပါစေ

**တင်လင်းအောင်**

မုန်းစရာကောင်းတဲ့ ရာဇဝတ်ကောင် အိုင်အက်စ် အကြမ်းဖက်သမားတွေက ကျွန်တော်တို့ ကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် ကျွန်တော်တို့ဆီက ယူယူသွားတယ်လို့ ကလေးမိဘတွေက ရင်နာနာနဲ့ပြောခဲ့ပါတယ်။ ဂျိမ်းဖိုလေးရဲ့မိဘတွေဖြစ်တဲ့ ဒိုင်ယာနီနဲ့ ဂျွန်ဖိုလေး၊ ကာလာမူလာရဲ့မိဘတွေဖြစ်တဲ့ မာရှာနဲ့ ကားလ်မူလာ၊ စတီဗင်ဆော့လော့တ်ရဲ့ မိဘတွေဖြစ်တဲ့ ရှာလေးနဲ့ အာသာဆော့လော့တ်၊ ပီတာကက်ဆစ်ရဲ့ မိဘတွေဖြစ်တဲ့ ပေါ်လာနဲ့ အက်ဒ်ကက်ဆစ်တို့က ပြောခဲ့တာ ဖြစ်ပါတယ်။ သူတို့ဟာ ကမ္ဘာကြီးရဲ့ တစ်နေရာတည်းက မဟုတ်ပါဘူး။ ကမ္ဘာကြီးရဲ့အနောက်ခြမ်း၊ အရှေ့ခြမ်းနဲ့သာမက ကမ္ဘာ့အနှံ့ နေရာစုံလို့ပါပဲ။

နောက်ဆုံးတော့ တရားမျှတမှုအတွက် အချိန်ကျရောက်လို့လာခဲ့ပါပြီ။ ရက်စက်မှုအပေါင်းသရဖူဆောင်းပြီး ကျွန်တော်တို့ရဲ့ကလေးတွေကို ဆီးရီးယားမှာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့ ဗြိတိသျှဂျီဟတ်အဖွဲ့မှ အလက်ဇန္ဒာကိုတေးနဲ့ အယ်လ်ရှာဖီးအယ်လ်ရှိတ်လို့ခေါ်တဲ့ အိုင်အက်စ်အကြမ်းဖက်သမားနှစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ပါပြီ။ အဲဒီအကြမ်းဖက်ကောင်တွေကို လွန်ခဲ့တဲ့လက ဖမ်းဆီးနိုင်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၊ အက်ဖ်ဘီအိုင်မှ သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ အမေရိကန်ပြည်ထောင်စုမှ တပ်ဖွဲ့ဝင်တွေနဲ့ မဟာမိတ်အဖွဲ့တွေကို ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်လို့ မိဘတွေက ပြောခဲ့ပါတယ်။

အဲဒီ ရက်စက်ကြမ်းကြုတ်တဲ့ အိုင်အက်စ် အကြမ်းဖက်သမားတွေ ဘာဖြစ်မလဲဆိုတာ အခုတော့ မေးခွန်းမေးရမယ့်အချိန် ကျရောက်လာခဲ့ပါပြီ။ အက်ဖ်ဘီအိုင်ကလည်း သူတို့ကို စစ်ကြောရေးများ လုပ်ဆောင်ခဲ့ပါတယ်။ ဗြိတိသျှအစိုးရကလည်း သူတို့ရဲ့ နိုင်ငံသားဖြစ်မှုကို ရှေးမဆွကပင် ပယ်ဖျက်ပြီးဖြစ်သလို သူတို့နဲ့ ဘာမှဆက်လက်လုပ်လိုတဲ့ သဘောရှိဟန်လည်း မတူပါဘူး။ သူတို့ကို တရားရင်ဆိုင်ရန် အမေရိကန်ပြည်ထောင်စုသို့ ခေါ်ဆောင်သွားမှာပဲ ဖြစ်ပါတယ်။

ကမ္ဘာကြီးကို ကျွန်တော်တို့ သိစေချင်တာ ကျွန်တော်တို့ဟာ အခုလိုမျိုး လူသတ်သမားတွေကို ဂွမ်တာနာမိုစစ်အကျဉ်းထောင် သို့မဟုတ် သေမိန့်ချရန် တရားရုံးသို့ ပို့ဆောင်တာဟာ မှားယွင်းတယ်ဆိုတဲ့ ဗြိတိသျှအစိုးရနဲ့ရပ်တည်ချက်နဲ့ သဘောချင်းတူတယ်ဆိုတာပဲ ဖြစ်ပါတယ်။ အခုလိုသူတို့ရဲ့လုပ်ဆောင်ချက်တွေဟာ သူတို့လို နကန်းတစ်လုံးမှ မသိတဲ့ သူတို့ရဲ့ နောက်လိုက်တွေ အနေနဲ့ ကြည့်မယ်ဆိုရင် သူရဲကောင်းလုပ်ရပ်လို့ ထင်မြင်စရာရှိကောင်းရှိနိုင်ပါတယ်။



အဲဒီအကြမ်းဖက်သမားတွေဟာ ကျွန်တော်တို့ရဲ့ မျှတပြီး ပွင့်လင်းတဲ့ တရားရေးစနစ်ကို စမ်းသပ်မှုတွေလုပ်ချင်နေတယ်။ ဒါမှမဟုတ် အပြည်ပြည်ဆိုင်ရာ တရားမျှတမှုကို စိန်ခေါ်ချင်နေပုံရတယ်။ သူတို့ရဲ့ဘဝတွေကို ထောင်ထဲမှာပဲ အချိန်ကုန်ခံပြီး သေဆုံးချင်နေတယ်လို့ ကလေးတွေအဖမ်းခံခဲ့ရတဲ့ မိဘတွေက ပြောပါတယ်။

ကိုတေးနဲ့ အယ်လ်ရှိတ်ဟာ ကျွန်တော်တို့ရဲ့ ကလေးတွေကို ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်မှာ ဖမ်းဆီးခဲ့ပါတယ်။ ထို့အတူပဲ သူတို့ဟာ တခြားသူတွေကိုလည်း လူသစ်စုဆောင်းမှုတွေပြုလုပ်ခဲ့ပါတယ်။ သူတို့ဟာ အမေရိကန်တွေကို မုန်းတီးမှုနဲ့အတူ လက်စားချေလိုတဲ့အတွက် အခုလိုမျိုးတွေ လုပ်နေသလားဆိုတာတော့ မပြောတတ်ပါဘူး။ စက်တင်ဘာ ၁၁ ရက် (၉/၁၁) တိုက်ခိုက်မှုကို ကြည့်ရင် ရက်စက်ကြမ်းကြုတ်တဲ့ တိုက်ခိုက်မှုတစ်ခုဆိုတာ သိသာပါတယ်။ ထို့အတူ ကေလာ၊ ဂျင်၊ စတီဗင်နဲ့ ပီတာတို့ကို ခေါင်းဖြတ်သတ်ခဲ့တာဟာ ကျွန်တော်တို့ အားလုံးကို စော်ကားတာပဲ ဖြစ်ပါတယ်လို့ အဆိုပါမိဘတွေက ပြောခဲ့ပါတယ်။

ဂျင်၊စတီဗင်၊ ပီတာနှင့် ကေလာတို့ဟာ ကျွန်တော်တို့ရဲ့ သားနဲ့ သမီးတွေပဲ ဖြစ်ပါတယ်။ သူတို့ဟာ ငယ်ရွယ်တဲ့ အမေရိကန်တွေဖြစ်ပါတယ်။ ဆီးရီးယား အရေးစိုးရိမ်တဲ့အထဲမှာ သူတို့လည်းပါပါတယ်။ ဂျင်နဲ့ စတီဗင်တို့ဟာ သတ္တိရှိတဲ့ ပဋိပက္ခသတင်းတွေရေးတဲ့ သတင်းသမားတွေဖြစ်ပါတယ်။ လွတ်လပ်မှုဆာလောင်တဲ့ ဆီးရီးယားပြည်သူတွေအတွက်နဲ့ အကြမ်းဖက်ဂျီဟတ်တွေအကြောင်း ကိုယ်ကျိုးမဖက်ဘဲ အမှန်ကို တင်ပြရဲတဲ့ သူတွေဖြစ်သလို ပီတာနဲ့ ကေလာကလည်း ဆီးရီးယားရဲ့ ဒုက္ခအပေါင်းကို လူသားချင်းစာနာ နားလည်တဲ့သူတွေပဲ ဖြစ်ပါတယ်။ သူတို့လုပ်ဆောင်သလို အခြားသူတွေလည်း သူတို့နေရာမှာဆိုရင် အခုလိုမျိုးလုပ်ဆောင်ကြမှာပဲဖြစ်ပါတယ်။

အန္တရာယ်ကောင်တွေကို အမှန်တရားဖြစ်အောင် တရားရေးဆိုင်ရာအရ ဆောင်ရွက်မှုဟာ အခြားအကြမ်းဖက်သမားတွေကိုလည်း ဖမ်းဆီးနိုင်ဖို့ ကူညီရာရောက်မှာဖြစ်ပါတယ်။ ထို့အတူပဲ အိုင်အက်စ်အကြမ်းဖက်ဝါဒပျံ့နှံ့စေမှုကို နိဂုံးချုပ်နိုင်မှာပဲ ဖြစ်ပါတယ်။

အစ္စလာမ့်စစ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ဟာ ဂျီဟတ်စစ်ပွဲဆင်နွှဲနိုင်ရေး တစ်ကမ္ဘာလုံးအကြမ်းဖက်ဝါဒပြန့်ပွားရေးကို နည်းအမျိုးမျိုးနဲ့ပြုလုပ်လျက်ရှိပါတယ်။ အစ္စလာမ့်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ရဲ့ အကြမ်းဖက်ဝါဒဟာ ဘယ်လောက်တောင် ကြောက်စရာကောင်းလဲဆိုရင် ၎င်းတို့ အခြေပြုရာ အီရတ်၊ အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ဆီးရီးယားမှသည် အရှေ့တောင်အာရှ၊ ထို့မှတစ်ခါ ပြင်သစ်၊ အမေရိကန်၊ ဩစတြေးလျစတဲ့ နိုင်ငံတွေအထိတောင်မက တစ်ကမ္ဘာလုံးအထိ ကူးစက်ပျံ့နှံ့လာခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။

အရှေ့တောင်အာရှနိုင်ငံတွေမှာဆိုရင် ဖိလစ်ပိုင် မာရဝီမြို့ဟာ လတ်တလောမှာ အစ္စလာမ့်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့နဲ့ ဆက်နွှယ်နေတဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့လက်အောက်ကို ကျရောက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ မကြာသေးမီက ဖိလစ်ပိုင်သမ္မတကြီး ဒူတာတေးဟာ အဆိုပါဒေသကို စည်းလုံးမှုသည် အင်အားဆိုသည့် သဘောကို တိုက်ပွဲဝင်တပ်ဖွဲ့ဝင်များ သိစေရန် တတိယအကြိမ်သွားရောက်ခဲ့တယ်လို့ သိရပါတယ်။

အဲဒီမှာ သူဘာပြောခဲ့သလဲဆိုရင် ရန်သူကိုတိုက်ခိုက်တဲ့အခါ၊ အကြမ်းဖက်မှုတွေကိုနှိမ်နင်းတဲ့အခါမှာ “စည်းလုံးညီညွတ်မှုကို ပြသဖို့ ငါမင်းတို့နဲ့အတူရှိနေမယ်” လို့ ပြောခဲ့ပါတယ်။ အကယ်၍ ဖိလစ်ပိုင်တောင်ပိုင်းမှာ အကြမ်းဖက်သမားတွေကို ဖြိုခွဲနိုင်ခဲ့တယ်ဆိုရင်တောင် မွတ်စလင်အများစုကြီးစိုးရာ ထိုင်းနိုင်ငံတောင်ပိုင်းမှာလည်း အလားတူ ပဋိပက္ခတွေ၊ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ အေးချမ်းမှုကို နှောင့်ယှက်ထိပါးစေသော ဆူပူအုံကြွမှုတွေ မကြာခဏဖြစ်ပွားခဲ့ပါတယ်။

လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီ တည်ထောင်ခဲ့တဲ့ အိန္ဒိယနိုင်ငံကိုပြန်ကြည့်မယ်ဆိုရင်လည်း အင်အားများတဲ့ မွတ်စလင်တွေက ၁၉၄၇ ခုနှစ်မှာ တိုင်းပြည်တစ်ခုခွဲထွက်ဖို့ တောင်းဆိုခဲ့တာကို သမိုင်းက သက်သေခံလျက်ရှိပါတယ်။ ယနေ့ အိန္ဒိယနဲ့ ပါကစ္စတန်ဘာတွေဖြစ်သလဲကြည့်မယ်ဆိုရင် ကက်ရှ်မီးယားအရေးနဲ့ပတ်သက်ပြီး သူတို့တွေ စိတ်မအေးခဲ့ရပါဘူး။ ဘာကြောင့်လဲ။ အကြမ်းဖက်မှုတွေ ပဋိပက္ခတွေကတစ်ဆင့် မြစ်ဖျားခံလာခဲ့လို့ပဲဖြစ်ပါတယ်။

အကြမ်းဖက်မှုတွေရှိရင် အဲဒီဒေသ၊ အဲဒီနိုင်ငံဟာ ဘယ်တော့မှ အေးချမ်းမှာ မဟုတ်ပါဘူး။ မအေးချမ်းတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုလည်း အားစိုက်မဆောင်ရွက်နိုင်သလို စီးပွားရေးမှာလည်း တိုးတက်လာမှာ မဟုတ်ပါဘူး။ နောက်ဆုံးမှာတော့ ငြိမ်းချမ်းရေးကိုပါ ထိခိုက်လာနိုင်ပါတယ်။ ဒါဟာ ကြောက်စရာကောင်းလှပါတယ်။ သူတို့ကို အမြစ်မြေလှန်ရှင်းလင်းနိုင်မှ တော်ကာကျမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ပါးနပ်စွာလုပ်ကိုင်တတ်ဖို့ လိုအပ်ပါတယ်။

အခုလို နည်းပညာတိုးတက်လာတဲ့ခေတ်ကြီးမှာ အစ္စလာမ့်အစွန်းရောက်အဖွဲ့ဟာ လူမှုဆက်သွယ်ရေး မီဒီယာတွေကတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်တာတွေလုပ်နေတာကို မျက်ဝါးထင်ထင်တွေ့ရမှာဖြစ်ပါတယ်။ မကြာသေးမီက ထုတ်လွှင့်လိုက်တဲ့ ရုပ်သံဖိုင်တစ်ခုမှာ အစ္စလာမ့်အစွန်းရောက်အဖွဲ့က ဘာတွေတိုက်တွန်းခဲ့သလဲဆိုရင် အရှေ့တောင်အာရှမှာရှိတဲ့ မွတ်စလင်အကြမ်းဖက်သမားတွေအားလုံး ဂျီဟတ်စစ်ပွဲဆင်နွှဲဖို့တိုက်တွန်းခဲ့ပါတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့ နေရာအတော်များများမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုဆိုရင် အစ္စလာမ့် အစွန်းရောက်အဖွဲ့ရဲ့ လက်ချက်ကင်းတယ်ရယ်လို့ မရှိပါဘူး။ ဝမ်းနည်းကြေကွဲမှုရက်စွဲတွေ၊ သွေးဖုံးလွှမ်းသောနေ့တွေဆိုတာ အကြမ်းဖက်ဝါဒကို စွဲကိုင်ထားတဲ့ အကြမ်းဖက်သမားတွေရဲ့ မညှာမတာ လုပ်ရပ်တွေကြောင့်ပဲ ဖြစ်ပေါ်လာတာပါ။

ဒါကြောင့် အမေရိကန်ဟာ အကြမ်းဖက်ဝါဒတွေမွေးဖွားပေါ်ပေါက်ရာ ဟိုးအရင် အိုစမာဘင်လာဒင်လက်ထက်သာမက ယခု ရက်စက်မှုနေရာမှာ သရဖူဆောင်းတဲ့ အိုင်အက်စ်အဖွဲ့တို့ကို ဆက်လက် နှိမ်နင်းမှုတွေ လုပ်ဆောင်နေရဆဲရှိပါသေးတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် ကမ္ဘာကြီးအတွက် ရဲဝံ့စွာအသက်စွန့်လွှတ်သွားတဲ့ ဂျင်၊ စတီဗင်၊ ပီတာနဲ့ ကေလာတို့ရဲ့စွန့်လွှတ်မှုကို အလကားအဖြစ်မခံဘဲ ကမ္ဘာကြီးနဲ့ လူ့ဘောင်အဖွဲ့အစည်းအတွက် တရားမျှတမှုတွေ၊ လူသားဆန်မှုတွေ ရရှိလာအောင် ဆောင်ရွက်ပြီး ကမ္ဘာ့အနှံ့မှ ကလေးတွေအတွက်နဲ့ ကျွန်တော်တို့ကိုယ်တိုင်အတွက် တရားမျှတမှုတွေ ဆောင်ကြဉ်းယူဆောင်လာပါစေလို့ ဆန္ဒပြုလိုက်သလို အမှန်တရားအတွက် ရဲရဲရပ်တည်ကြပါစို့ဟု ပြောကြားလိုက်ပါတယ်။ ။

**ကိုးကား- သည်နယူးယောက်တိုင်းမ်**

“လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီ တည်ထောင်ခဲ့တဲ့ အိန္ဒိယနိုင်ငံကို ပြန်ကြည့်မယ်ဆိုရင်လည်း အင်အားများတဲ့ မွတ်စလင်တွေက ၁၉၄၇ ခုနှစ်မှာ တိုင်းပြည်တစ်ခုခွဲထွက်ဖို့ တောင်းဆိုခဲ့တာကို သမိုင်းက သက်သေခံလျက်ရှိ”

# ရှုထောင့်တစ်နေရာမှ အတွေးတစ်စ

## အန်ကယ်ပညာ

၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းက ယခင်နေထိုင်ခဲ့ဖူးသည့် ရေစကြို မြို့နယ် ပညင်းကျေးရွာသို့ ရောက်ဖြစ်ခဲ့သည်။ ဇာတိရပ်မြေ မဟုတ်သလို ဆွေမျိုးသားချင်းတစ်ဦးတစ်ယောက်မျှရှိသည်လည်း မဟုတ်ပါ။ ထိုနေရာနှင့် ပတ်သက်ဆက်နွယ်နေသည့် လုပ်ငန်းကိုင်ငန်းလည်း မရှိ။ သို့ရာတွင် အကြောင်းတိုက်ဆိုင်မှု ရှိတိုင်း မိသားစုနှင့်တစ်ဖုံ၊ လင်မယားတစ်စုံတည်းတစ်သွယ် ထိုနေရာသို့ ရောက်ဖြစ်ခဲ့လေသည်။ အကြောင်းရင်းကို ဆန်းစစ်ကြည့်လျှင် ဘဝတစ်ကွေ့တွင် တွေ့ဆုံခင်မင်ခဲ့ကြသည့် ရွာဦးကျောင်း ကိုယ်တော်အပါအဝင် ရွာသူရွာသားများနှင့် သွားရောက်အလွမ်းသယ်ကြခြင်းသာ ဖြစ်ပါသည်။ ခင်ရာဆွေမျိုးဆိုသည် မဟုတ်ပါလား။

ထိုရွာကလေးသို့ ညအိပ်ညနေသွားရောက်လည်ပတ်ခြင်းလည်း ရှိသည်။ ဖြတ်သွားဖြတ်လာ ဝင်ရောက်သည်လည်းရှိခဲ့ပါသည်။ ဖြတ်သွားဖြတ်လာ ဆိုသည့်အခါတွင်လည်း လှမ်း၍ နှုတ်ဆက်ရုံမျှတော့ မဟုတ်ပေ။ အနည်းဆုံး ရပ်ရှင်တစ်ကားစာအချိန်မျှတော့ သံယောဇဉ်ရှည်သွားတတ်သည် ချည်းပင်ဖြစ်၏။ အကြောင်းမှာမိမိတို့ ရှေးဟောင်းနှောင်းဖြစ်များကို ရေနွေးနေကြချိန်တွင် အိမ်ပြန်လက်ဆောင်ပေးမည့် ဒေသထွက်ပစ္စည်းများကို သွားရောက်ယူဆောင်နေကြသည့် ခြေမြန်တော်များ ပြန်အရောက်ကို စောင့်ဆိုင်းနေရခြင်းကြောင့်ဖြစ်၏။

### အိမ်ပြန်လက်ဆောင်

ပညင်းရွာသူ ရွာသားတို့သည် ခင်မင်ရင်းစွဲသံယောဇဉ်ရှိကြသည်နှင့်အညီ ဒေသထွက်များဖြစ်သည့် ရှင်မတောင်သနပ်ခါးတုံးများ၊ ထန်းလျက်များနှင့် ရေစကြိုထန်းသီးမုန့်တို့ကို အိမ်ပြန်လက်ဆောင်အဖြစ် ထည့်ပေးကြမြဲဖြစ်၏။ ထန်းလျက်ချက်လုပ်သည့်လုပ်ငန်းသည် ထိုရွာသူ ရွာသားတို့၏ မိရိုးဖလာလုပ်ငန်းလည်းဖြစ်သလို အဓိကအသက်မွေးဝမ်းကျောင်းလည်းဖြစ်ခဲ့၏။ ထန်းလျက်ပေါ၏။ ထန်းလျက်အမျိုးအစားမျိုးစုံထွက်၏။ သို့ဖြစ်၍ တစ်ခါတစ်ခါပေးသည့် လက်ဆောင်ထဲတွင် ဖြူဖြူနုနု ထန်းလျက်၊ ညိုညိုရှုရှုထန်းလျက်၊ မည်းမည်းနက်နက်ထန်းလျက်စသည့်မျိုးစုံ အချိန် ၂၀ ခန့်ပါမြဲဖြစ်၏။ များလွန်း၍ လျှော့ပါဦးဟုပြော၍လည်း မရ။ ကားဆံ့လျှင် တင်သွားပါဟူ၍သာ ထိုးသိပ်တင်ပေးလိုက်ကြသည် ချည်းပင်ဖြစ်၏။

ပြီးခဲ့သည့်တစ်ခေါက်ထိုရွာသို့ ရောက်ဖြစ်ရာတွင်မူကား ဒီရွာတွင်ထန်းလျက် အထွက်နည်းသွားသည့်အတွက် ယခင်လို ပေါပေါများများမပေးလိုက်နိုင်သည်ကို စိတ်မကောင်းကြောင်း စကားဆိုကြ၏။ ရလိုမှုကြောင့်မဟုတ်ဘဲ အကြောင်းရင်းကိုသာ သိလိုသည့်စိတ်ဖြင့် မေးမြန်းကြည့်ရာနောက်ပေါက် လူငယ်များပြည်ပနိုင်ငံများသို့ အလုပ်သွားလုပ်ကြသဖြင့် ထန်းတက်လုပ်ငန်း လက်ဆင့်ကမ်းလုပ်ကိုင်မည့်သူများ နည်းပါးသွားခြင်းကြောင့်ဖြစ်ကြောင်း သိခဲ့ရ၏။ ထန်းတက်လုပ်ငန်းသည် ပင်ပန်းသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရှိထားသော်လည်း ဤသို့ ကြားသိရသည်ကိုမူ စိတ်မကောင်းဖြစ်မိလေသည်။

### အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်

ထို့ကြောင့်ပင် မိမိ၏စိတ်အစဉ်တွင် အလုပ်အကိုင်အခွင့်အလမ်းဆိုသည်နှင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းဆိုသည့် နှစ်ချက်ကို ထိုရွာကလေးအပေါ်အခြေခံ၍ နှိုင်းယှဉ်စဉ်းစားနေခဲ့မိပါသည်။ ထို့အပြင် ထိုနှစ်ချက်နှင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဆိုသည့်အချက်တို့ကိုပေါင်းစပ်၍လည်း အတွေးနယ်ချဲ့မိပြန်ပါသည်။

ထန်းတက်လုပ်ငန်းသည် ပင်ပန်းသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း ပြောခဲ့ပါသည်။ ထိုရွာတွင် နေခဲ့စဉ်က ရွာပတ်ချာလည်ရှိ ထန်းတောများသို့ မကြာခဏရောက်ဖြစ်ပါသည်။ ညိုမှိုင်းနေသည့် ထန်းတောထဲတွင် တစ်ပင်တက်တစ်ပင်ဆင်းဖြင့် ထန်းတက်ထန်းလှီးနေကြသည့် ရွာသားများ၊ ထန်းပင်ခြေမှ ထန်းဖိုတဲသို့ မြူအိုးများကို သယ်ဆောင်နေကြသည့် လူငယ်လူရွယ်ကလေးငယ်များ၊ ထန်းဖိုတဲအတွင်းတွင် ထင်းထည့်မီးထိုး ထန်းလျက်အိုးမွှေနေကြသူ မိန်းမငယ်များ၊ ထန်းလျက်ခဲလုံးနေကြသည့်အဘိုးအိုအဘွားအိုများ သူ့နေရာနှင့်သူအလုပ်ရှုပ်နေကြသည်ကို တွေ့ရပေသည်။

### လေသင့်ရာမွှေး

ထန်းတက်ထန်းလှီးကြသူတို့၏ ပင်မြင့်ထက်က တေးသံသာတို့ကလည်း ထန်းတောတစ်ခွင်ပျံ့လွင့်လျက်ရှိသလို ထန်းလျက်ဖိုများမှထွက်ပေါ်လာသည့် သကာရနံ့တို့ကလည်း လေသင့်ရာမွှေး ဟူ၍ ဆိုရပေမည်။ ပင်ပန်းသည့်လုပ်ငန်းဟုဆိုသော်လည်း ကိုယ့်မြေကိုယ့်ရေ ကိုယ့်ဌာနေတွင် အိုးမကွာ အိမ်မကွာနေထိုင်ကြရင်း နေ့စဉ်နှင့်အမျှသော ကောင်းမြတ်သောအမြင် အသံ၊ အနံ့၊ အာရုံတို့ကြားက ပျော်မွေ့ဖွယ်ကောင်းသည့် သမ္မာအာဇီဝလုပ်ငန်းတစ်ခုဟု ဆိုနိုင်ပါသည်။ ထို့အပြင် ထိုထန်းတောကြီးများသည် ထိုရွာရှိလူငယ်တို့အတွက် ရှေးလူတို့ဖန်တီးပေးခဲ့သည့် အသင့်ရှိနေပြီးဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းများပင် မဟုတ်ပါလား။

ပြည်ပနိုင်ငံများသို့ အလုပ်သွားလုပ်ကြသည်ဆိုရာတွင် ဉာဏကိုအရင်းပြု လုပ်ကြသည်ရှိသလို ကာယနှင့် ရင်းနှီးလုပ်ကိုင်ကြရသည်လည်း ရှိပါသည်။ သို့ရာတွင် ကာယနှင့် ရင်းနှီးလုပ်ကိုင်ကြရသည်က များပါသည်။ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့အနေဖြင့် မိရိုးဖလာလုပ်ငန်းတစ်ခုမှ ဖောက်ထွက်လုပ်ကိုင်လိုစိတ်၊ သူတစ်ပါးကို အားကျအထင်ကြီးစိတ်၊ စွန့်စားကြည့်လိုစိတ်တို့ကြောင့် ဖြစ်နိုင်သလို ဘေးပယောဂများကြောင့်လည်း သွားဖြစ်ကြသည်ဟု ဆိုနိုင်ပါသည်။

> **“မည်သည့်အကြောင်းကြောင့်ဖြစ်စေ ပြည်ပနိုင်ငံရှိ လုပ်ငန်းရှင်များအနေဖြင့် ကာယ ဉာဏလုပ်အားတို့ကို တန်အောင်ညှစ်ထုတ် ယူကြမည်သာ ဖြစ်ပေသည်၊ သို့ဖြစ်၍ ပြည်တွင်းထက် နေ့တွက်နှင့်လစာပိုရသည်မှန်သော်လည်း ကာယနှင့်ရင်းနှီး လုပ်ကိုင်ကြရသူတို့အဖို့ သက်သာကြမည်ကား မဟုတ်ကြပေ”**

### လွတ်လပ်လုံခြုံမှုမရှိ

မည်သည့်အကြောင်းကြောင့်ဖြစ်စေ ပြည်ပနိုင်ငံရှိလုပ်ငန်းရှင်များအနေဖြင့် ကာယဉာဏလုပ်အားတို့ကို တန်အောင်ညှစ်ထုတ်ယူကြမည်သာ ဖြစ်ပေသည်။ သို့ဖြစ်၍ ပြည်တွင်းထက် နေ့တွက်နှင့် လစာပိုရသည်မှန်သော်လည်း ကာယနှင့် ရင်းနှီးလုပ်ကိုင်ကြရသူတို့အဖို့ သက်သာကြမည်ကား မဟုတ်ကြပေ။ ထိုသို့သွားရောက်လုပ်ကိုင်သူတို့အနေဖြင့် ထိုနိုင်ငံတို့တွင် တရားဝင်သည် မဝင်သည်၊ လုံခြုံမှုရှိသည် မရှိသည်ဆိုသည့်ကိစ္စရပ်များမှာ အဆင်မပြေမှုတစ်စုံတစ်ရာ ပေါ်ပေါက်သည့်အခါမှသာ အသံထွက်လာလေ့ရှိတတ်သကဲ့သို့ မိမိရပ်ရွာတွင် နေထိုင်ကြရသလို အိမ်ရှင်သဖွယ် လွတ်လပ်လုံခြုံမှုရှိမည်ကားမသေချာပေ။

မိမိနိုင်ငံအတွင်း၌ အလုပ်အကိုင်ရှားသည်၊ ငွေရှာရခက်သည်၊ စီးပွားရေးကျပ်တည်းလွန်းသဖြင့် ပြည်ပနိုင်ငံများသို့ ရောက်ကုန်ကြသည်ဟူသည့် ဖော်ပြချက်တို့ကိုလည်း တွေ့နေရပေသည်။ တစ်ချိန်တည်းမှာပင် မိသားစုစီးပွားရေးအတွက် အလုပ်အကိုင်တစ်ခုကိုလုပ်ကိုင်ရင်းဝင်ငွေရအောင် ရှာနိုင်ကြသည့်သူတို့ကိုလည်း ဤနိုင်ငံအနှံ့အပြားတွင် တွေ့နေရပြန်သည်။ တရားသဖြင့်ဝင်ငွေရရှိရန် မည်သည့် အလုပ်ကိုလုပ်ကိုင်ကြသည်ဖြစ်စေ လုပ်ငန်းပမာဏ အကြီးအသေးသာ ကွာခြားနေမည်ဖြစ်သော်လည်း ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုဟူသည့် လုပ်ငန်းသုံးသွယ်မှ လွတ်ကင်းခြင်းမရှိသည်ကို တွေ့ရပေသည်။ လူတို့သည် ထိုလုပ်ငန်း သုံးသွယ်အနက်မှ တစ်ခုခုကို ကိုယ့်ပမာဏကိုယ်ဆ၍ စတင်လုပ်ကိုင်ကြရန် လက်တွန့်၍ နေတတ်ကြပေသည်။ သိမ်ငယ်နေတတ်၊ စိုးရိမ်နေတတ်ကြ ပြန်သည်။ ခေါင်းရွက်ဗျပ်ထိုးသည် လည်းကောင်း၊ ရေထမ်းသမားသည် လည်းကောင်း၊ လမ်းဘေးက မုန့်အိုးကင်းကပ်သည်လည်းကောင်း ခေါင်းရွက်မြဲ၊ ပုံးထမ်းမြဲ၊ ဆောင့်ကြောင့် ထိုင်မြဲတွေ့မြင်ရလေ့ရှိသော်လည်း ကိုယ်တိုင်ထိုသို့ပြုရန်ကိုကား လက်တွန့် နေတတ်ကြသည့် သဘောပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုခေါင်းရွက်သူ၊ ပုံးထမ်းသူ၊ လမ်းဘေးတွင်ဆောင့်ကြောင့်ထိုင်သူတို့သည် သူ့အလုပ်နှင့်သူ၊ သူ့ဖောက်သည်နှင့်သူ အဆင်ပြေနေကြသည်ကို တွေ့ရပေမည်။

### အားတက်ဖွယ်

ဤသည်မှာ ကိုယ်တတ်နိုင်သည့်ပမာဏနှင့် ချိန်ဆ၍ အလုပ်တစ်ခုကို စတင်ဖြစ်သွားရန်သာ လိုသည်ဆိုသည့် သဘောပင်ဖြစ်ပေသည်။ ထိုလုပ်ငန်းတွင် ကျွမ်းကျင်သွားရန် ထိုအလုပ်ကပင် သင်ကြားပေးပေလိမ့်မည်။ ထိုလုပ်ငန်း ရေရှည်တည်မြဲရန်နှင့် အောင်မြင်တိုးတက်နိုင်ရန်အတွက် လုပ်ငန်းအပေါ်ထားရှိသော စိတ်စေတနာကောင်းက ဆွဲခေါ်သွားပါလိမ့်မည်။ သို့ရာတွင် သိရှိနားလည်ထားရမည်မှာ မည်သည့် အသက်မွေးဝမ်းကျောင်းအလုပ်မဆို သူ့နေရာနှင့်သူ အခက်အခဲရှိကြမြဲဖြစ်သည် ဆိုသည့်အချက်ပင် ဖြစ်ပေသည်။ ဤအချက်သည် သူဌေးတစ်ဦးနှင့် ဆင်းရဲသားတစ်ဦး တူညီနေသည့်အချက်ဖြစ်ပေရာ အလုပ်အတွက် စိတ်ပျက်အားငယ်နေရန်မလိုဘဲ တွေးရင်းပင် အားတက်ဖွယ်ဖြစ်ပါသည်။

အချို့သောသူတို့အနေဖြင့် ဆိုခဲ့သည့်အတိုင်း ဝင်ငွေရသည့် သမ္မာအာဇီဝအလုပ်ကို လုပ်ကိုင်ရန် စိုးရွံ့လက်တွန့်နေကြသော်လည်း မတရားရလိုမှုဖြင့် လုယက်လုသတ်သည့်ဘက်တွင် လက်ရဲဇက်ရဲနိုင်ကြသည်ကိုတွေ့နေရပြန်သည်။ မည်မျှအော့နှလုံးနာစရာ ကောင်းပါသနည်း။ ထာဝရဝမ်းမီးငြိမ်းသွားမည့် အလုပ်လည်းမဟုတ်၊ လူလူချင်းအတူတူ အောက်တန်းကျသည့် အလုပ်ကိုလုပ်သူများသာ ဖြစ်ပေသည်။ သမ္မာအာဇီဝကျသည့် အလုပ်အကိုင်အတွက် ရွေးချယ်စရာလမ်းကြောင်းများစွာရှိနေပါလျက် မိစ္ဆာဇီဝအလုပ်ကို ဘာကြောင့်လုပ်နေကြပါသနည်း။ သမ္မာအာဇီဝ အလုပ်သည်သာ ငါသူတစ်ပါးဆိုသည့် မိမိနှင့်ပတ်ဝန်းကျင်ငြိမ်းချမ်းနေမည် မဟုတ်ပါလား။

ဤသို့ဖြင့် အညာပြန်ခရီးသွားတစ်ယောက်အနေဖြင့် ထိုနေရာ၊ ထိုဒေသတွင် ကြုံတွေ့ခဲ့ရသည့်အပေါ် အခြေခံ၍ အလုပ်အကိုင်အခွင့်အလမ်း၊ ပြည်ပသို့ထွက်ခွာအလုပ်လုပ်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းအလုပ်တို့ကို ဆက်စပ် တွေးတောနေခဲ့မိပါသည်။ ဆက်စပ်တွေးတောမိသည့်အကြောင်းအရာတို့၏ နယ်ပယ်တို့မှာလည်း များစွာကျယ်ဝန်းနက်နဲနေပါလိမ့်မည်။ အခြားသောအကြောင်းရင်းများနှင့်လည်း ဆက်နွယ်နေကြပါလိမ့်မည်။သို့ရာတွင် ဤအမြင် ဤအတွေးတို့သည် ရှုထောင့်တစ်နေရာက ကြည့်လျှင် ဤအတိုင်းပင် မြင်တွေ့နေရပါသည်။ ။

# မြောင်မြို့၌ မြန်မာ့ရိုးရာ လှည်းယဉ်ကျော့ပြိုင်ပွဲ ဖွင့်လှစ်

**မြောင် ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့တွင် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုခြင်းအနေဖြင့် မြန်မာ့ရိုးရာ လှည်းယဉ်ကျော့ပြိုင်ပွဲ ဖွင့်လှစ်ခြင်းကို ဖေဖော်ဝါရီ ၁၈ရက်က မြောင်မြို့တောင်ရပ်ကွက် ပြိုင်ပွဲကျင်းပရာ ကွင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်သည့် ဒေါက်တာ ကျော်နိုင်ထွန်း၊ ဒေါ်အေးမြတ်မွန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်သန်း၊ မြို့နယ် ရဲတပ်ဖွဲ့ ရဲမှူးသောင်းငွေနှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ ဒီပွဲပြုလုပ်ပေးရခြင်းကတော့ ရိုးရာမပျက် လှည်းယဉ်ကျော့ပြိုင်ပွဲကို ထိန်းသိမ်းပြီး ယခုခေတ်လူငယ်တွေသိမြင်စေချင်တဲ့ ရည်ရွယ်ချက်လည်းပါတယ်၊ နောက်ပြီးတောင်သူတွေရဲ့ ဘဝစိတ်ဓာတ်မြှင့်တင်ရေးနဲ့ တောင်သူလယ်သမားနေ့ ဖြစ်ပေါ်လာရခြင်းကိုလည်း မြို့နယ်အတွင်းရှိ ပြည်သူတွေ သိစေချင်တယ်၊ ပြိုင်ပွဲမှာ အငယ်တန်း၊ အလတ်တန်းနှင့် အကြီးတန်းလို့ သတ်မှတ်ပြီး ပြိုင်ပွဲကျင်းပသွားမှာပါ၊ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ဖြစ်ပါတယ်” ဟု ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးတင့်လွင်စိုးက ပြောသည်။

**တင်ကိုကို**

# မန္တလေးတိုင်းဒေသကြီးဂေါက်သီးရိုက်အသင်းသား ဂုဏ်ပြု

**မန္တလေး ဖေဖော်ဝါရီ ၁၉**

နေပြည်တော်မြို့တော် ဂေါက်ကွင်း၌ ကျင်းပသော တိုင်းဒေသကြီးနှင့်ပြည်နယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင်ယှဉ်ပြိုင်ခဲ့သော မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအမျိုးသမီးဂေါက်သီးရိုက်အသင်းသည် အသင်းလိုက် အကျော့ ပေးပြိုင်ပွဲတွင် ပထမဆု၊ အမျိုးသား အမျိုးသမီးအကျော့မဲ့ပြိုင်ပွဲများတွင် စုစုပေါင်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ကြေးတံဆိပ်တစ်ခုရရှိခဲ့ရာ ဂုဏ်ပြုပွဲနှင့်ညစာစားပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က မန္တလေးချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးရှိ ကိုလာလာ စားသောက်ဆိုင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အောင်ပွဲရအသင်းအား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းအား ချီးမြှင့်သည်။ ထို့နောက်အောင်ပွဲရအသင်းအတွက် အထက်မြန်မာပြည် ဂေါက်သီးရိုက် အသင်းဥက္ကဋ္ဌ ဦးတင်ကိုကိုနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်

**မင်းပြား ဖေဖော်ဝါရီ ၁၉**

မင်းပြားမြို့နယ် ဘားဘူတောင် ကျေးရွာအုပ်စု ငတန်ပျင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာအဝင် ယခင်မြေသားလမ်းကို လမ်းအလျား ပေ ၂၅၀၀ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိနေကြောင်း မြို့နယ်ဦးစီးမှူး ဦးသန်းစိုးဦးထံမှ ဖေဖော်ဝါရီ ၁၆ ရက်က သိရသည်။

အထက်ပါ လုပ်ငန်းဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေသိန်း ၁၀၀၊ ကျေးရွာ လူထုမှ ထည့်ဝင်ငွေကျပ်သိန်း ၁၀ စုစုပေါင်း ငွေကျပ်သိန်း ၁၁၀ ဖြင့် လက်ရှိဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **၁၅၇**

# မြန်မာ့သမိုင်းထဲမှ မက္ခရာ

## မောင်သာ(ရှေးဟောင်းသုတေသန)

သမိုင်းတစ်လျှောက် မြန်မာနိုင်ငံအတွင်းတည်ထားခဲ့သည့် မြို့ရွာများအနက် မက္ခရာသည် ထင်ရှားသော မြို့ဟောင်းတစ်ခုဖြစ်ကာ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် တည်ရှိသည်။ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးတွင် တည်ရှိသည့် စဉ့်ကိုင်မြို့သည် မော်တော်ကားလမ်းအတိုင်း ရန်ကုန်မြို့မှ ၄၁၃ မိုင်နှင့် မန္တလေးမြို့မှ ၂၁ မိုင် ကွာဝေးသည်။

စဉ့်ကိုင်မြို့နယ်သည် အရှေ့အနောက် ၁၅ မိုင်၊ တောင်မြောက် ၁၃ မိုင် ကျယ်ဝန်းပြီး မြို့နယ်အတွင်း၌ ကျောက်ခေတ်နှင့် ပျူခေတ် အသုံးအဆောင်များကို တွေ့ရှိခဲ့ရသကဲ့သို့ မက္ခရာမြို့ဟောင်းအပါအဝင် သမိုင်းဝင် ကင်းတပ်မြို့များလည်း တည်ရှိခဲ့သည်။ မက္ခရာမြို့ဟောင်းသို့ သွားရောက်နိုင်ရန် စဉ့်ကိုင်မြို့နယ်အတွင်း ရန်ကုန်-မန္တလေး မော်တော်ကားလမ်းဟောင်းပေါ် ညှော့်ပြရွာအနီး မိုင်တိုင်အမှတ်(၄၁၃/၆) ၌ မက္ခရာ သမိုင်းဝင်ရှေးဟောင်းစေတီတော်များဆီသို့ဟူသည့် လမ်းညွှန်ဆိုင်းဘုတ်ကို စိုက်ထူထားသည်။

### မက္ခရာနယ်မြေ

ကျောက်ဆည်လွင်ပြင်ရှိ မြစ်ငယ်မြစ်နှင့် ဇော်ဂျီမြစ်တို့ ပေါင်းဆုံသည့်နေရာတွင် တည်ထားခဲ့သည့် မက္ခရာမြို့ဟောင်းကို ခေတ်ဟောင်းရာဇဝင်ကျမ်းများတွင် ဂေါတမဘုရားရှင် ဗျာဒိတ်ပေးခဲ့သည့်မြို့ဟု ဆိုသည်။ မှန်နန်းရာဇဝင်တွင် မက္ခရာသည် ကကုသန်ဘုရားရှင်လက်ထက်တွင် မဂရေဇ်၊ ကောဏဂုံဘုရားရှင် လက်ထက်တွင် မဟာဂရစ်၊ ကဿပဘုရားရှင်လက်ထက်တွင် မက္ခရေဇ်နှင့် ဂေါတမဘုရားရှင်လက်ထက်တွင် မက္ခရာဟု အမည်တွင်ခဲ့ကြောင်း ရေးသားခဲ့သည်။

တွင်းသင်းမြန်မာရာဇဝင်သစ်အရ ခရစ်နှစ် ၁၂၉၈ ခုနှစ်၌ ရှမ်းညီနောင်သုံးဦးက ပုဂံဘုရင်ကျော်စွာ(ခရစ်နှစ် ၁၂၈၇-၁၂၉၈)ကို ဖမ်းဆီးခဲ့ပြီးနောက် နောင်တော် ရာဇသင်္ကြန်က မြင်စိုင်း၊ ညီတော် အသင်္ခယာက မက္ခရာနှင့် ညီတော် သီဟသူက ပင်လယ်တွင် မင်းပြုခဲ့ကြသည်။ မြင်စိုင်းမြို့ဟောင်းသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းမှ တောင်ဘက် ၁၉ မိုင်အကွာတွင်လည်းကောင်း၊ ပင်လယ်မြို့ဟောင်းသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့မှ အရှေ့တောင်ဘက် ငါးမိုင်အကွာတွင်လည်းကောင်း တည်ရှိသည်။ မက္ခရာကို တည်ခဲ့သည့်နှစ်ကို သက္ကရာဇ် ၆၆၆ ခုနှစ် (သောသောသာ မက္ခရာ)ဟု အဆိုရှိခဲ့သဖြင့် ခရစ်နှစ်ဖြင့်ဖလှယ်ပါက ပုဂံဘုရင် စောနစ်မင်း(ခရစ်နှစ် ၁၂၉၈-၁၃၂၅)လက်ထက် ၁၃၀၄ ခုနှစ်ဖြစ်ပေသည်။

### ပုဂံခေတ် မက္ခရာ

ပုဂံဘုရင် အနော်ရထာသည် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်သည်များစုဆောင်းနိုင်ရန် သိမ်းပြု၊ သောင်းပြု၊ ထောင်ပြု၊ ရာပြု၊ ဆယ်ပြု မြို့များကို ဖွဲ့စည်းခဲ့သည်။ ဝင်ထွက်သွားလာမှုကို စစ်ဆေး၍ အခွန်အတုပ်များ စည်းကြပ်ကောက်ခံနိုင်ရန် ကင်းတပ်မြို့ ၄၃ မြို့ကို ထူထောင်ခဲ့ရာ မက္ခရာသည် စဉ့်ကိုင်မြို့နယ်အတွင်း တအုံ၊ မြစ်သာတို့နှင့်အတူ ကင်းတပ်မြို့တစ်ခုအဖြစ် ပါဝင်ခဲ့သည်။ ကင်းတပ်မြို့ဟူသည် ရှေးမြန်မာမင်းများလက်ထက်က နေပြည်တော်မှအဝေးရှိ မြို့ကျေးလက်များတွင် ဝင်ထွက်သွားလာမှုကို စစ်ဆေး၍ အကောက်ခွန်စည်းကြပ်ကောက်ခံသည့်နေရာဖြစ်သည်။

အနော်ရထာဘုရင်လက်ထက်တွင် မက္ခရာသည် မြစ်ငယ်တောင်ကြားပေါက်ကို အဓိကပိတ်ဆို့သည့် ကင်းမြို့ဖြစ်ခဲ့သည်။ ယင်းတောင်ကြားပေါက်သည် ကျောက်ဆည်လွင်ပြင်သို့ ရန်သူများဝင်ရောက်နိုင်သည့် ဝင်ပေါက်ဖြစ်နေခဲ့သဖြင့် လုံခြုံရေးအရ အလွန်အရေးပါခဲ့သည်။ ထို့ကြောင့် အနော်ရထာသည် မြစ်ငယ်တောင်ကြားပေါက်ကို မက္ခရာကင်းတပ်မြို့ဖြင့် ကာဆီးခဲ့ကာ ပို၍လုံခြုံစိတ်ချရစေရန် မြစ်ငယ်မြစ်မှ နှစ်မိုင်ကွာဝေးသည့် မက္ခရာ၏ အနောက်မြောက်ဘက်ယွန်းယွန်း နေရာတွင် တအုံ ကင်းတပ်မြို့ကို ထပ်မံတည်ဆောက်ခဲ့သည်။

### မက္ခရာမြို့ဟောင်း

မက္ခရာမြို့ဟောင်းသည် မြို့ရိုးနှစ်ထပ်ရှိခဲ့ပြီး လက်ရှိ အပြင်မြို့ရိုးသည် အရှေ့မှ အနောက်သို့ နှစ်ဖာလုံ (၁၃၂၀ ပေ)၊ မြောက်မှတောင်သို့ နှစ်ဖာလုံခွဲ (၁၆၅၀ ပေ) ရှိကာ တောင်ဘက်မြို့ရိုးသည် အရှေ့ဘက်သို့ ပေ ၂၀၀ ကျော် ချိုးကွေ့နေသဖြင့် မြို့ရိုး ပတ်လည်သည် ၄၉၅၀ ပေရှိသည်။ မက္ခရာမြို့ကို တည်ခဲ့စဉ်က ၅၆ ပေ ကျယ်သည့်ကျုံးကို တူးဖော်ခဲ့ကာ အရှေ့ဘက်မြို့ရိုးတွင် မင်္ဂလာတံခါးပေါက် ရှိခဲ့သည်ဟု ဆိုသည်။ ဦးကုလားရာဇဝင်အရ အင်းဝရွှေနန်း၊ နန်းစဉ်စာရင်းချုပ်တွင် မက္ခရာသည် တစ်ရာပြု မြို့စာရင်းတွင် ပါဝင်ပြီး တာပေါင်း ၄၇၀ အကျယ်အဝန်းရှိသည်ဟု ဖော်ပြခဲ့သည်။ နိုင်ငံတော်က မက္ခရာမြို့ဟောင်းကို ရှေးဟောင်းယဉ်ကျေးမှုဇုန်အဖြစ် ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် သတ်မှတ်ခဲ့သည်။

လက်ရှိအချိန်တွင် မက္ခရာမြို့ကို သွားရောက်လေ့လာနိုင်ကြသော်လည်း မက္ခရာမြို့နှင့်အတူ တည်ထားခဲ့သည့် ရွှေစည်းခုံစေတီတော်နှင့် နန်းတော်တို့ကိုမူ မမြင်တွေ့နိုင်တော့ပါချေ။ မက္ခရာမြို့ဟောင်းအတွင်း ရှေးဟောင်းစေတီ ၅၀ ကျော်ကို ပြန်လည်ပြုပြင်ထားခဲ့ကာ စေတီပုထိုးအချို့တွင် နံရံဆေးရေးပန်းချီများကို လေ့လာနိုင်ကြသည်။

### မက္ခရာ ကျောက်စာနှစ်ချပ်

မက္ခရာဒေသတွင် ကျောက်ခေတ်လူသားများ နေထိုင်ကျက်စားခဲ့သည့် အထောက်အထားတစ်ရပ်အဖြစ် မြို့ဟောင်းအတွင်းမှ ကျောက်ကြမ်းနှင့် ကျောက်ချော လက်နက်များ ရရှိခဲ့သည်။ မြို့ဟောင်းအနောက်မြောက်ဘက်ရှိ ရာဇကြီးဝင်းအတွင်း စေတီများနှင့် ရှင်ပင်ဆိပ်ဦးစေတီများ အနီးတစ်ဝိုက်တွင်လည်း ကျောက်လက်နက်များ တွေ့ရှိခဲ့သည်။ မက္ခရာမြို့ဟောင်းသို့အဝင် ညှော့်ပြရွာမြောက်ဘက်တစ်ဖာလုံတွင် ယခင်က ကျောက်ခေတ်သစ်လက်ရာ ကျောက်လက်နက်ဖွဲ့စများ အများအပြားရှိခဲ့သည်။

သုတေသီစာရေးဆရာ တိုက်ကြည်(စဉ့်ကိုင်)၏ သုတေသနပြုချက်များအရ စဉ့်ကိုင်မြို့နယ်အတွင်း ရှေးဟောင်းကျောက်စာ ၂၂ ချပ် ရှိသည့်အနက် စည်းခုံကျောင်း ကျောက်စာနှင့် ပန်းရန်ဆရာအလှူမှတ်တမ်း ကျောက်စာတို့သည် မက္ခရာမြို့ဟောင်းအတွင်း၌ တည်ရှိနေကြသည်။

### စည်းခုံကျောင်းကျောက်စာ

စည်းခုံကျောင်းကျောက်စာသည် ဘိုးတော်ဘုရားလက်ထက်က ဦးစွာရေးထိုးခဲ့ပြီး ခေတ်အပိုင်းအခြားအလိုက် သုံးကြိမ်ရေးထိုးခဲ့သည့် ကျောက်စာတစ်ချပ်ဖြစ်သည်။ အမြင့် ခြောက်ပေ ခြောက်လက်မ၊ အကျယ် သုံးပေ တစ်လက်မနှင့် အထူ ခြောက်လက်မရှိသည့် ယင်းကျောက်စာကို မက္ခရာမြို့ဟောင်းအတွင်းရှိ မင်းကြီးရန်နောင်ဂူ မြောက်ဘက်အဝင်မုခ်အနီးမှ ၂၀၀၈ ခုနှစ် ဧပြီလ ၂၃ ရက်တွင် တွေ့ရှိခဲ့သည်။ မက္ခရာ ရွှေစည်းခုံစေတီတော်ကြီးနှင့် ဆက်နွယ်နေသည့် ယင်းကျောက်စာကို ဝေဘူကျောက်ဖြင့် ပြုလုပ်ထားသည်။

ပင်လယ်မြို့ကိုစားခဲ့သည့် သီဟသူသည် ခရစ်နှစ် ၁၃၁၃ ခုနှစ်တွင် ပင်းယမြို့ကို တည်ထောင်ခဲ့ပြီး ၁၃၂၂ ခုနှစ်တွင် နတ်ရွာစံခဲ့ရာ သားတော်ဥစ္စနာက ပင်းယနန်းကို ဆက်ခံခဲ့၍ ဇမ္ဗူကာ၊ ဝေဠုဝန်၊ အိမ်နိမ့်၊ ဇေတဝန်၊ ကုလားကျောင်း၊ တောင်စွန်ကျောင်းနှင့် မြောက်စွန်ကျောင်းဟူသည့် စကားကျောင်း ခုနစ်ကျောင်းကို ဆောက်လုပ် လှူဒါန်းခဲ့သည်။ ထို့အတူ ဥစ္စနာမင်းသည် ခမည်းတော် သီဟသူမင်းကြီး တည်ထားခဲ့သည့် ပင်းယရွှေစည်းခုံစေတီတော်ကို အပြီးသတ်တည်ဆောက်ခဲ့ပြီး ခရစ်နှစ် ၁၃၄၄ ခုနှစ်တွင် ညီတော် ငါးစီးရှင်ကျော်စွာကို နန်းလွှဲ၍ မက္ခရာအရပ်သို့ တောဝင်ခဲ့သည်။



ဥစ္စနာမင်းကြီးသည် ညောင်ဦးရွှေစည်းခုံနှင့် ပင်းယရွှေစည်းခုံ စေတီတော်များ၏ အကောင်းဆုံးပုံစံများကိုယူကာ သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သည့် မုဋ္ဌောပုထိုးတော်ကို ငုံလျက် မက္ခရာရွှေစည်းခုံ စေတီတော်ကို ဖိနပ်တော် ၁၅၀ ပေ၊ ဉာဏ်တော် ၁၃၅ ပေ အတိုင်းအတာဖြင့် တည်ထားခဲ့သည်။ မူလ ရွှေစည်းခုံစေတီကြီးသည် နှစ်ကာလကြာရှည်လာချိန်တွင် ယိုယွင်းပျက်စီးလာခဲ့ကာ အုတ်ပုံကြီးတစ်ခုအသွင်ဖြစ်နေခဲ့သဖြင့် ၁၃၇၀ ပြည့်နှစ်တွင် စေတီတော်ကြီးကို ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည်။

ကြောင်းရေ ၂၀ ပါရှိသည့် စည်းခုံကျောင်းကျောက်စာတွင် ကြောင်းရေ(၁)မှ (၆)အထိကို ပင်းယနန်းစံဘုရင် ဥစ္စနာမင်းကြီးက မြန်မာသက္ကရာဇ် ၆၈၇ ခုနှစ်တွင် ရေးထိုးခဲ့ပြီး ကျောက်စာပါ စာသားများသည် မြေနှင့် အမှုလုပ်ကျွန်များ လှူခဲ့သည့် မှတ်တမ်းဖြစ်သည်။ ဥစ္စနာမင်းကြီးသည် မူလကျောက်စာကိုရေးထိုးပြီး ၂၉ နှစ်အကြာ မြန်မာသက္ကရာဇ် ၇၁၆ ခုနှစ်တွင် စေတီတော်ကြီးသို့ ထန်းပင်များလှူဒါန်းသည့် မှတ်တမ်းကို မူလကျောက်စာရေးထိုးထားသည့် စာကြောင်းခြောက်ကြောင်း၏ အောက်၌ ကြောင်းရေ ၇ မှ ၁၅ အထိ ရေးထိုးခဲ့သည်။

ကျောက်စာ၏ အောက်ဆုံးကြောင်းရေ ၁၆ မှ ၂၀ ကို ဥစ္စနာမင်းကြီး၏မြေးမက္ခရာနယ်စားက ရေးထိုးခဲ့သည်။ အဘိုးဖြစ်သူ ဥစ္စနာမင်းကြီး မက္ခရာရွှေစည်းခုံစေတီသို့ လှူဒါန်းခဲ့သည့် မြေပယ် ၂၇၀ သည် တိမ်ကော၍ တောမထွင်နိုင်သဖြင့် ပြန်လည်ခုတ်ထွင်၍ လယ်သစ်တည်ကာ ရွှေစည်းခုံစေတီတော်သို့ လှူဒါန်းသည့် မှတ်တမ်းဖြစ်သည်။ ကျောက်စာရေးထိုးခဲ့ချိန်သည် သက္ကရာဇ် ၁၂ ခုနှစ်ဖြစ်သဖြင့် မိုးညှင်းမင်းတရား(ခရစ်နှစ် ၁၄၂၆-၁၄၃၉)က ၈၀၀ ပြည့်နှစ်ကို ၂ ခုနှစ်အဖြစ် သက္ကရာဇ်ဖြိုခဲ့သည့်နောက်ပိုင်း ခုနှစ်သက္ကရာဇ် ဖြစ်သည်။ သို့သော် မိုးညှင်းမင်းတရားဖြိုခဲ့သည့် သက္ကရာဇ်သည် မပြိုခဲ့ချေ။

ကျောက်စာပါမှတ်တမ်းအရ စည်းခုံတော်စေတီ၏ နယ်နိမိတ်သည် အရှေ့ဘက်တွင် ချောင်း၊ အနောက်ဘက်တွင် ဝတ်ကြီး၊ တောင်ဘက်တွင် ကျောက်ဆည်နှင့်မြောက်ဘက်တွင် ကြက်ဆူချိုင့်ဟု မှတ်သားရပေသည်။

### ပန်းရန်ဆရာအလှူမှတ်တမ်း ကျောက်စာ

မက္ခရာရှေးဟောင်းနယ်မြေ ရှေးဟောင်းအဆောက်အအုံ အမှတ်(၄၃)ဖြစ်သည့် မြို့ရိုးစေတီတွင် ပုဂံခေတ် ပန်းရန်ဆရာတစ်ဦး၏ အလှူမှတ်တမ်း ကျောက်စာငယ်တစ်ချပ်ကို မြင်တွေ့နိုင်သည်။ တစ်ပေပတ်လည်သာရှိသည့် ယင်းကျောက်စာတွင် စာကြောင်း ၁၀ ကြောင်း ပါရှိကာ သက္ကရာဇ် ၆၈၇ ခုနှစ်က ရေးထိုးခဲ့သဖြင့် စစ်ကိုင်းမင်းဆက် တရာ့ဖျားမင်းလက်ထက်(ခရစ်နှစ် ၁၃၂၂-၁၃၃၆)တွင် ထိုးခဲ့သည့် ကျောက်စာဖြစ်သည်။ ပုဂံသား ပန်းရန်ဆရာတစ်ဦးက စေတီတော်၌ ဆီမီးတိုင်ပြု၍ နိဗ္ဗာန်ဆုတောင်းခဲ့သည့် အလှူမှတ်တမ်းဖြစ်သည်။

### မက္ခရာမင်းသားနှစ်ပါး

မြန်မာဘုရင်များလက်ထက်တွင် မက္ခရာကိုစားခဲ့ရသည့် မင်းသားနှစ်ပါး ရှိခဲ့ရာ ပထမ မက္ခရာမင်းသားသည် အင်္ဂလိပ်-မြန်မာ အဘိဓာန်ကျမ်းကို ပြုစုခဲ့သည့် မက္ခရာမင်းသားကြီးဖြစ်သည်။ မက္ခရာမင်းသားကြီးကို ဘိုးတော်ဘုရား ဗဒုံမင်းနှင့် ဒုတိယနန်းတည်မိဖုရား သီရိမဟာ ရတနာဒေဝီတို့က မြန်မာသက္ကရာဇ် ၁၁၅၃ ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး ငယ်နာမည်မှာ မောင်ပျိုးဖြစ်သည်။ မွေးချင်းနှစ်ဦးရှိ၍ နှမတော်မှာ မြစ်သားမြို့စား မင်းသမီး ရွှေနန်းမြင့်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၅၉ ခုနှစ်တွင် မင်းရဲကျော်စွာဘွဲ့၊ ၁၁၆၄ ခုနှစ်တွင် သတိုးမင်းလုကျော်စွာဘွဲ့နှင့် ၁၁၆၈ ခုနှစ်တွင် မဟာသီရိဓမ္မရာဇာဘွဲ့တို့ကို ရရှိခဲ့သော်လည်း မက္ခရာစားဟုသာ ထင်ရှားခဲ့သည်။ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်တွင် မလွန်ကို စားခဲ့ရသဖြင့် မလွန်မင်းသားကြီးဟုလည်း အမည်တွင်ခဲ့သည်။

မက္ခရာမင်းသားကြီးသည် နိုင်ငံရေးထက် မြန်မာတို့ ခေတ်မီတိုးတက်ရေးကို ပိုမိုစိတ်အားသန်ခဲ့ကာ ဗြိတိသျှကုန်သည် မစ္စတာရော်ဂျာထံမှ အင်္ဂလိပ်စာကို သင်ယူခဲ့သည်။ မင်းသားကြီးသည် သဘော်မာလိန်မှူး မစ္စတာလိန်း မှာယူပေးသည့် သိပ္ပံစွယ်စုံကျမ်း (Science Encylopedia)ကို အခြေခံ၍ မစ္စတာလိန်းနှင့်အတူ အင်္ဂလိပ်-မြန်မာ အဘိဓာန်ကျမ်းကို ၁၈၃၀ ပြည့်နှစ်မှ ၁၈၃၅ ခုနှစ်တိုင် ငါးနှစ်ကြာ ပြုစုခဲ့သည်။

မက္ခရာမင်းသားကြီးပြုစုခဲ့သည့် ၁၀ လက်မ × ၈ လက်မ အရွယ်၊ စာမျက်နှာ ၄၆၈ မျက်နှာရှိသည့် မြန်မာ့ပထမဆုံး အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်ကို ၁၈၄၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ နှစ်ခြင်းခရစ်ယာန်ပုံနှိပ်တိုက်တွင် ပုံနှိပ်၍ ဗြိတိသျှစာကြည့်တိုက်က ထုတ်ဝေခဲ့သည်။ ပထမ မက္ခရာမင်းသားကြီးသည် မြန်မာသက္ကရာဇ် ၁၂၁၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်(ခရစ်နှစ် ၁၈၄၈ ခုနှစ် ဇူလိုင် ၁ ရက်) စနေနေ့တွင် ကွယ်လွန်ခဲ့သည်။

ဒုတိယ မက္ခရာမင်းသားသည် မင်းတုန်းမင်း၏သားတော်ဖြစ်ကာ ကနောင်မင်းသား လုပ်ကြံခံရပြီးချိန်တွင် ကနောင်မင်းသားတည်ထောင်ခဲ့သည့် စက်ရုံ အလုပ်ရုံများကို စီမံအုပ်ချုပ်ခဲ့သူဖြစ်သည်။ မင်းတုန်းမင်း နတ်ရွာစံပြီးနောက် သီပေါမင်းသားကိုနန်းတင်ရန် ဖြစ်ပေါ်ခဲ့သည့် နန်းတွင်းအရှုပ်အထွေးများအတွင်း ၁၈၇၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် အဆုံးစီရင်ခြင်း ခံခဲ့ရသည်။

### မြို့စားကောင်းမှုတော် ခေါင်းလောင်း

မက္ခရာမြို့ဟောင်းအတွင်း ချိတ်ဆွဲထားသည့် ခေါင်းလောင်းတစ်လုံးတွင် သက္ကရာဇ် ၁၁၇၆ ခု တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့တွင် “မက္ခရာမြို့စားမင်းမောင်ရွှေမင် ဇနီးမောင်နှံကောင်းမှု၊ နိဗ္ဗာန်ဆု သာဓုခေါ်စေသော၀်၊ ကြေးချိန် ၁၈၂ ကျော်”ဟု ရေးထိုးထားသဖြင့် ခေါင်းလောင်းပါ ရက်စွဲသည် ၁၈၁၅ ခုနှစ် မတ်လ ၄ ရက် စနေနေ့ဖြစ်သည်။ ယင်းအချိန်သည် ဘိုးတော်ဘုရား ဗဒုံမင်းလက်ထက် (၁၇၈၂-၁၈၁၉) ဖြစ်သဖြင့် မက္ခရာမြို့စားတစ်ဦး ရှိခဲ့ကြောင်းလည်း ယူဆနိုင်ဖွယ်ဖြစ်ပေသည်။

မက္ခရာမြို့စားကောင်းမှုတော် ခေါင်းလောင်းသည် စဉ့်ကိုင်မြို့ရှိ ဖားလင်ပိုးကျောင်းတိုက်တွင် ချိတ်ဆွဲထားရာမှ ဖားလင်ပိုးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဗလက မက္ခရာမြို့ဟောင်းရှိ စေတီတော်များသို့ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်တွင် ပြန်လည်လှူဒါန်းခဲ့သည်။ ယခုအခါတွင် ယင်းခေါင်းလောင်းတော်ကို မက္ခရာမြို့ဟောင်းအတွင်းရှိ ခေါင်းလောင်းစင်တွင် ချိတ်ဆွဲ ထိန်းသိမ်းထားသည်။

### မက္ခရာ အန္ဒဂူရုပ်ကြွ

မြန်မာနိုင်ငံတွင် ဗုဒ္ဓဆင်းတုများကို ခေတ်အဆက်ဆက် မြေ၊ အုတ်၊ အင်္ဂတေ၊ သစ်၊ ကျောက်၊ ရွှေ၊ ငွေ၊ ကြေး၊ ပဉ္စလောဟာ စသည်တို့ဖြင့် ထုလုပ်ခဲ့ကြပြီး အန္ဒဂူဟုခေါ်သည့် Dolomite ကျောက်များဖြင့်လည်း ဆင်းတုများကို ထုလုပ်ခဲ့သည်။ သို့သော် အန္ဒဂူဆင်းတုတော်များသည် အရေအတွက် အလွန်နည်းပါးခဲ့သဖြင့် ယခုအခါ ငါးဆူသာ ဖူးမြင်နိုင်ကြရာ ပုဂံမှရရှိခဲ့သည့် အန္ဒဂူရုပ်ပွားသုံးဆူကို အမျိုးသားပြတိုက်များတွင် ပြသထားပြီး မက္ခရာမြို့ဟောင်းနှင့် တမုတ်ရွှေဂူကြီးတွင် တစ်ဆူစီပြသထားသည်။ မက္ခရာ အန္ဒဂူရုပ်ကြွကို ရွှေရောင်တော်စေတီပြတိုက်တွင် အများပြည်သူများအား ပြသထားသည်။

ထုံးကျောက်တစ်မျိုးဖြစ်သည့် အန္ဒဂူကျောက်သည် တွင်းထွက် ကာဗွန်နိတ်ပစ္စည်းတစ်မျိုးဖြစ်သည့် ကယ်လ်ဆီယမ် မဂ္ဂနီဆီယမ်ကာဗွန်နိတ်(CaMg(Co3)2) ဖြစ်ကာ အဖြူရောင်၊ ပန်းရောင်နှင့် မီးခိုးရောင်များရှိ၍ အနည်းငယ် ကြွပ်ဆတ်သည်။ ရောမမြို့ဟောင်း အဆောက်အအုံများ တည်ဆောက်ခဲ့စဉ် အန္ဒဂူကျောက်များကို ပထမဆုံး အသုံးပြုခဲ့သည်ဟု ဆိုသည်။ အန္ဒဂူကျောက်ပေါ်တွင် ထွင်းထုထားသည့် ဗုဒ္ဓဝင်ရှစ်ခန်း ရုပ်ကြွများကို မြန်မာနိုင်ငံအပြင် အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာ၊ နာလန္ဒ တက္ကသိုလ်ဟောင်း၊ ဘီဟာပြည်နယ်နှင့် ဘင်္ဂလားပြည်နယ်တို့တွင်လည်း တွေ့ရှိရသည်။ အိန္ဒိယမှ အန္ဒဂူရုပ်ကြွများကို ကြီးမားသောကျောက်ချပ်များပေါ်တွင် ထုလုပ်ထားပြီး မြန်မာနိုင်ငံမှ အန္ဒဂူရုပ်ကြွများကို သေးငယ်သော ကျောက်ပြားပေါ်တွင် လက်ရာပိုမိုကောင်းမွန်သေသပ်စွာ အနုစိတ်ထုလုပ်ခဲ့သည်။

### ရွှေရောင်တော်စေတီပြတိုက်

မက္ခရာမြို့ဟောင်းအတွင်းရှိ ရွှေရောင်တော်စေတီတွင် ဖွင့်လှစ်ထားသည့် ပြတိုက်တွင် မက္ခရာမြို့ဟောင်းမှ ရရှိခဲ့သည့် ကျောက်ခေတ်၊ ပျူခေတ် ရှေးဟောင်းပစ္စည်းများနှင့် မက္ခရာမြို့ဟောင်းအတွင်းမှ စေတီတော်များ မပြုပြင်မီက မှတ်တမ်းပုံများကို ချိတ်ဆွဲပြသထားပေသည်။

ပုဂံခေတ်နှောင်းပိုင်းတွင် အထင်အရှားတည်ရှိခဲ့သည့် မက္ခရာမြို့ဟောင်းသည် မြန်မာ့သမိုင်း တစ်စွန်းတစ်စကို ဖော်ညွှန်းပြသနေသကဲ့သို့ မြို့ဟောင်းအတွင်းမှ ရရှိခဲ့သည့် ကျောက်ခေတ်၊ ပျူခေတ်လက်ရာ အသုံးအဆောင်များကလည်း မက္ခရာသည် ကျောက်ခေတ်မှစ၍ ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယ၊ အင်းဝနှင့် ကုန်းဘောင်ခေတ်များအထိ ထွန်းကားခဲ့သည့် ရှေးဟောင်း မြို့ပြတစ်ခုဖြစ်ကြောင်း သက်သေထူလျက် ရှိနေပေသည်။ ။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)**
**(၂) တွင်းသင်း မြန်မာရာဇဝင်သစ်၊ ပထမတွဲ(မဟာစည်သူ ဦးထွန်းညို)**
**(၃) သမိုင်းမှတ်တိုင် မြစ်သား ဆယ့်တစ်ခရိုင် (လင်းထိုက်တင်လှိုင်၊ ကျောက်ဆည်)**
**(၄) သမိုင်းရနံ့သင်းကြိုင် လယ်တွင်းမြေမှ မြို့စဉ့်ကိုင်**
**(တိုက်ကြည်၊ စဉ့်ကိုင်)**

# ဘုရားပြန်လည်ပြုပြင်ရန် ဆောင်ရွက်စဉ် ရွှေတံခွန်၊ ရွှေသားကြုတ်နှင့် ဓာတ်တော်များတွေ့ရှိ

**စဉ့်ကူး ဖေဖော်ဝါရီ ၁၉**
လွန်ခဲ့သော ခြောက်နှစ်ခန့်(၂၀၁၂ နိုဝင်ဘာ ၁၁ ရက်)က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများ ပြိုကျ ကွဲအက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ရှေးဟောင်းဘုရားတစ်ဆူဖြစ်သော ပေါ်တော်မူ ဆုတောင်းပြည့်ဘုရားလည်း ကွဲအက်ပျက်စီးမှုများ ရှိခဲ့သည်။



ငလျင်ဒဏ်ကြောင့် ကွဲအက်ရာမှ ပြိုကျတော့မည့် အခြေအနေ ရှိနေသည့် အဆိုပါစေတီတော်ကြီးအား ပြန်လည်ပြုပြင် တည်ထားရန်အတွက် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ဘုရားဂေါပကအဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့များ၊ ပန်းရန်ဆရာအဖွဲ့များနှင့်အတူ ဘုရားမှ အက်ကြောင်းများကို ဖေဖော်ဝါရီ ၁၇ ရက်က ရှင်းလင်းဆောင်ရွက်စဉ် ရှေးဟောင်း ရွှေ၊ ငွေ၊ ကြေး ဘုရားစေတီ ဌာပနာများနှင့် ဓာတ်တော်များကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဘုရားဂေါပကအဖွဲ့ဘဏ္ဍာတော်ထိန်း ဦးတင်မောင်ဝင်းက "ယခု စေတီတော်ကြီးက ရှေးဟောင်းစေတီတော်ကြီးပါ၊ စေတီတော်တည်ဆောက်ခဲ့တဲ့ပုံစံက ပုဂံခေတ်နောက်ပိုင်း ညောင်ရမ်းခေတ်မှာ တည်ထားခဲ့တယ်လို့ သိရပါတယ်၊ ပထမ အုတ်ပုံဘဝကနေ ဘုရားစတည်တုန်းကလည်း ရွှေဆွဲပြားအပါအဝင် ဌာပနာပစ္စည်း ၂၅ မျိုး တူးဖော်ရရှိခဲ့ပါတယ်၊ ယခု ဒုတိယအကြိမ်မှာလည်း ငလျင်ဒဏ်ကြောင့် ကွဲအက်သွားလို့ ပြန်လည်ပြုပြင်ဖို့လုပ်တော့ ရွှေဆင်းတုတစ်ဆူ၊ ငွေဆင်းတု ငါးဆူ၊ ကြေးဆင်းတု တစ်ဆူ၊ ရွှေသားကြုတ်တစ်ခု၊ ငွေစေတီ နှစ်ဆူ၊ ဓာတ်တော်ကြုတ် တစ်ခု၊ ဓာတ်တော်အိုး စုစုပေါင်း ဌာပနာပစ္စည်း ၁၄ မျိုးကို တွေ့ရှိခဲ့တာဖြစ်ပါတယ်၊ သမိုင်းတန်ဖိုးကြီးမားတော့ ဌာပနာပစ္စည်းများကို လုံခြုံစိတ်ချရအောင် မြို့မရဲစခန်းမှာ အပ်နှံထားပါတယ်"ဟု ပြောသည်။

အဆိုပါ ရှေးဟောင်း ပေါ်တော်မူ ဆုတောင်းပြည့်ဘုရားကြီးအား ရှေးမူမပျက် ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်သွားမည်ဖြစ်ရာ ပါဝင်ကုသိုလ်ယူလိုသော အလှူရှင်များအနေဖြင့် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း-၀၉-၇၇၇၇၄၀၁၇၈၊ အတွင်းရေးမှူး ဖုန်း-၀၉-၄၀၂၇၇၈၇၉၇ နှင့် ဘုရားဘဏ္ဍာထိန်း ဦးတင်မောင်ဝင်း ဖုန်း-၀၉-၄၂၇၂၃၄၆၁၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းမောင်**



# ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ် ဖွင့်လှစ်

**မော်လိုက် ဖေဖော်ဝါရီ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ကင်းတပ်စံပြကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ယု၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသံလွင်ထွန်းနှင့် တိုက်နယ်ဆေးရုံသစ်အလှူရှင် ဦးမြင့်စိုးဆင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက တိုက်နယ်ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပြီး အမှာစကားပြောကြားကာ ဆေးရုံသစ်အလှူရှင် ဟိန်းဇာနည်ယူနတီ မိသားစုမှ ဦးမြင့်စိုးဆင့်က တိုက်နယ်ဆေးရုံသစ် အဆောက်အအုံကို ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးက လက်ခံရယူခဲ့သည်။ ထို့နောက် တိုက်နယ်ဆေးရုံ ပင်မဆောင်အလှူရှင်နှင့် ကျန်အဆောက်အအုံ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အဆိုပါ ကင်းတပ်စံပြကျေးရွာ တိုက်နယ်ဆေးရုံ ပင်မဆောင်ကို ဟိန်းဇာနည်ယူနတီမိသားစုမှ လှူဒါန်းငွေကျပ် ၂၈၀၆ သိန်းကျော်ဖြင့် တည်ဆောက်ခဲ့ပြီး အလျား ၁၂၈ ပေ၊ အနံ ၁၀၃ ပေခွဲ၊ အမြင့် ၁၄ ပေရှိကာ ကျန်အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ဆရာဝန်နေအိမ်၊ ရေစင်၊ မီးစက်၊ မီးစက်ရုံတို့ကိုလည်း ဆောက်လုပ်နိုင်ခဲ့ကြောင်း၊ ကျန်းမာရေးဦးစီးဌာနကလည်း ခုတင်များ၊ ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း၊ ယခု တိုက်နယ်ဆေးရုံသစ်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ပြီဖြစ်သဖြင့် ကင်းတပ်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**

## ဓာတ်တော်ကျောင်းတိုက်စေတီ၌ ဆွမ်းဆန်စိမ်းလောင်းလှူ

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ ဓာတ်တော်ကျောင်းတိုက်၌ တည်ထားကိုးကွယ်သော ဆုတောင်းပြည့် ဓာတ်တော်စေတီ၏ (၁၂)ကြိမ်မြောက် သံဃိတဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က အဆိုပါ စေတီတော်၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။(ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လွိုင်လင်မြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျောင်း ၁၇ ကျောင်းမှ သံဃာအပါး ၃၀၀ ကျော် ကြွရောက်ခဲ့ကြသည်။)

မိုးလွင်ဦး(လွိုင်လင်)



# မြိတ်မြို့ မင်္ဂလာကန် အဆင့်မြှင့်တင်ရေး ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ပေးအပ်

**မြိတ် ဖေဖော်ဝါရီ ၁၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၏ သမိုင်းဝင်ရေကန်တစ်ခုဖြစ်သော မြစ်ငယ်ရပ်ကွက်တွင် နှစ်ပေါင်း ၂၀၀ ကျော် သက်တမ်းရှိ မြိတ်မင်္ဂလာကန် ရေကန်ပေါင် အဆင့်မြှင့်တင်ခြင်းနှင့် တူးဖော်ရေးလုပ်ငန်းအတွက် ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဖေဖော်ဝါရီ ၁၆ ရက်တွင် ပေးအပ်ခဲ့သည်။



မြိတ်ရေကန်ပေါင်အဆင့်မြှင့်တင်ရေးကော်မတီ ရုံးခန်း၌ ကျင်းပသည့် ရန်ပုံငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ရန်ပုံငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရေကန်ပေါင်အဆင့်မြှင့်တင်တူးဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုက ရေကန်ပေါင်တူးဖော်ခြင်းနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ရေကန်ပေါင် အဆင့်မြှင့်တင်တူးဖော်ရေးလုပ်ငန်းအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က ပေးအပ်သည့် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ကို ဝန်ကြီးချုပ်က ကော်မတီဥက္ကဋ္ဌထံ ပေးအပ်ခဲ့သည်။

ရေကန်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေသယ်ကား ၂၆ စီး၊ မြေတူးယန္တရား ယာဉ် ၁၃ စီးဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိကာ ကန်အတွင်းရှိ မြေ ၇၀ ရာခိုင်နှုန်းကို တူးဖော်သယ်ပို့ပြီးဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် မြိတ်ဒေသခံပြည်သူလူထု၏ လှူဒါန်းငွေကျပ်သိန်း ၃၀၀၀ ကျော်ကိုလည်း ရရှိထားပြီးဖြစ်ကြောင်း၊ ရေကန်တူးဖော်ရာတွင် ပထမအဆင့်အဖြစ် မူလရေကန်အနက် ကိုးပေတွင် နောက်ထပ်ကိုးပေ ထပ်မံတူးဖော်လျက်ရှိရာ ပြီးစီးပါက စုစုပေါင်းအနက် ၁၈ ပေ ရှိလာမည်ဖြစ်၍ ရေကန်သည် ယခင်ကထက် ရေပိုမိုဝင်ဆံ့လာမည်ဖြစ်ကြောင်း ရေကန်ပေါင် အဆင့်မြှင့်တင်တူးဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်နိုင်ရန် အားကစားပစ္စည်းများပေးအပ်

**ဆော ဖေဖော်ဝါရီ ၁၉**
မကွေးတိုင်းဒေသကြီး ဆောမြို့နယ်တွင် နွေရာသီကာလအတွင်း၌ အားကစားသင်တန်းများ ဖွင့်လှစ်သွားနိုင်ရေးအတွက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ဆောမြို့မအားကစားကွင်း အားကစားရုံ၌ ကျင်းပခဲ့သည်။

အားကစားပစ္စည်းများ ပေးအပ်ပွဲတွင် ဂန့်ဂေါခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဦးဇော်ဝင်းကိုက ထောက်ပံ့ပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အားကစားနည်းပြများထံသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများမှာ ဘောလုံး၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော စသည့် အားကစားနည်းများအတွက် ဆက်စပ်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

(၁၀၁)




# ဓမ္မဉာဏ်ဥ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF) က ဆိုလာနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၉**
ဓမ္မဉာဏ်ဥတိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF) က ဆိုလာနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်းမှုကို ဖေဖော်ဝါရီ ၁၇ ရက်က မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ခြေ ရှင်တော်ကုန်းအုပ်စုရှိ ဓမ္မဉာဏ်ဥတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးကျောင်း၌ ကျင်းပခဲ့သည်။

ပေးအပ်လှူဒါန်းမှုတွင် ဓမ္မဉာဏ်ဥတိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေးကျောင်း တည်ထောင်အုပ်ချုပ်သူ ဘဒ္ဒန္တအရှင်ဟိတာနန္ဒ (BA Buddhism) ဗုဒ္ဓတက္ကသိုလ်-မန္တလေးသို့ MWCDF အသင်းသူများက ငွေကျပ်လေးသိန်းကျော်တန်ဖိုးရှိ ဆိုလာ၊ အင်ဗာတာ၊ ဘက်ထရီ၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ်တစ်သိန်း၊ ဆန်နှင့်စားသောက်ကုန်များကို ဆက်ကပ်လှူဒါန်းသည်။

ဓမ္မဉာဏ်ဥတိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေးကျောင်းအား ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ကာ တိုင်းရင်းသား ကလေးငယ် KG တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ၁၅၀ ရှိရာ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး သုံးရပ်သော သင်ကြားပျိုးထောင်ပေးသောပညာရေး စာသင်ကျောင်းတစ်ကျောင်းဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# အေးချမ်းသာယာရေး ပညာပေးဆွေးနွေးပွဲဖိုရမ် ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရတနာမြေ လူမှုဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ အေးချမ်းသာယာရေး ပညာပေးဆွေးနွေးပွဲ(Peace Education Forum)ဖိုရမ်ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ City Hotel ၌ ပြုလုပ်ခဲ့သည်။

"ဖိုရမ်ရဲ့ အဓိကရည်ရွယ်ချက်က မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူပြည်သားအားလုံး အေးချမ်းသာယာစွာ နေထိုင်နိုင်ရန်အတွက် ဘာသာရေးအခြေပြု ပညာသင်ကျောင်းတွေကနေ ပညာပေးအစီအစဉ်တွေကို သင်တန်းဆရာများအချင်းချင်း ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ အတွေ့အကြုံ နည်းပညာတွေ ဖလှယ်ရန်နှင့် အလှူရှင်အဖွဲ့အစည်းများ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ နည်းပညာ၊ ရန်ပုံငွေ အစရှိတဲ့ ပံ့ပိုးမှုတွေရရှိနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပါတယ်"ဟု ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာနှင်းအေးကိုက ပြောသည်။

သုံးရက်ကြာကျင်းပခဲ့သည့် အဆိုပါဖိုရမ်တွင် ဘာသာရေးအဖွဲ့အစည်းများနှင့် သီတဂူ ဗုဒ္ဓတက္ကသိုလ်(သံလျင်)၊ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်(ပုသိမ်သာသနာ)၊ အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်၊ မြန်မာ ဟိန္ဒီစာပေအသင်း၊ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ



ဓမ္မတက္ကသိုလ်၊ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ အစ္စလာမ့်ဗိမာန်၊ ယူနက်စကို၊ မုခ်ဦးပညာရေးအဖွဲ့၊ ဒေါက်တာစောမြအောင်ဖောင်ဒေးရှင်းနှင့် ဟိန္ဒူအမျိုးသမီး ကွန်ရက်အဖွဲ့

တို့မှ အဖွဲ့အစည်းဝင်များက စာတမ်းများ ဖတ်ကြားခဲ့ကြသည်။

ထို့အပြင် ဘာသာရေးအသင်းအဖွဲ့များက မိမိတို့ လက်ရှိဆောင်ရွက်လျက်ရှိသော အေးချမ်းသာယာရေး ပညာပေးခြင်းနှင့် သက်ဆိုင်သည့် ရည်ရွယ်ချက်များ၊ လုပ်ဆောင်နေမှုများ၊ တွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲများ၊ စိန်ခေါ်မှုများကို တင်ပြကြပြီး အနယ်နယ်အရပ်ရပ်မှ ကိုယ်စားလှယ် ၂၆၀ တို့က သိလိုသည်များကို မေးမြန်းဆွေးနွေးခြင်း၊ အဖွဲ့များခွဲ၍ဆွေးနွေးခြင်း၊ အကြံပြုခြင်း၊ တိုက်တွန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အေးချမ်းသာယာရေး ပညာပေးဆွေးနွေးပွဲ ဖိုရမ်သို့ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ် စုစုပေါင်း ၂၆၀ တက်ရောက်ခဲ့ကြပြီး ဖိုရမ်တွင် ဆွေးနွေးချက်များအရ ဘာသာရေးအခြေပြုကျောင်းများ၌ လက်ရှိဆောင်ရွက်နေသော အသင်းအဖွဲ့များ၏ အေးချမ်းသာယာရေး ပညာပေးသင်တန်း အစီအစဉ်များတွင် လက်တွေ့ဖြစ်ရပ်များနှင့်ကိုက်ညီမည့် သင်ကြားမှုပုံစံအဖြစ် တိုးတက်လာအောင် ဆရာ ဆရာမများအား မွမ်းမံသင်တန်းများပေးခြင်း၊ ကျွမ်းကျင်မှုဆန်းစစ်ခြင်း၊ သင်ရိုးညွှန်းတမ်းပြင်ဆင်ခြင်း၊ လေ့လာကြိုးကြပ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် စဉ်ဆက်မပြတ် သုတေသနပြုခြင်းတို့ကို ဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# ရှေးဟောင်းနံရံဆေးရေးပန်းချီ လက်ရာများကို ထိန်းသိမ်းပေးရန် လိုလား

**မလှိုင် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မြင်းတွင်းအုပ်စု မြင်းတွင်းကျေးရွာ ရွှေဂူကြီးကျောင်းမှ ရှေးဟောင်းနံရံဆေးပန်းချီများ ပြည့်နှက်နေသည့် ရှေးဟောင်းအုတ်ကျောင်းကြီးကို ပြုပြင်ထိန်းသိမ်းပေးရန် ဒေသခံပြည်သူအချို့က လိုလားမျှော်လင့်နေကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းအုတ်ကျောင်းကြီးမှာ မြင်းတွင်းကျေးရွာအရှေ့ဘက်တွင် တည်ရှိကာ ကျောင်းတော်ကြီးအား အခန်းခြောက်ခန်းဖြင့် ဖွဲ့စည်းထားပြီး လေဝင်ပေါက်ဆယ်ပေါက်ဖြင့် တည်ဆောက်ထား၍ ကျောင်းတော်ကြီးအတွင်းဝင်ရန် ဝင်ပေါက်တစ်ခုရှိသည်ကို မြင်တွေ့ရသည်။ ကျောင်းတော်ကြီးကို အုတ်များဖြင့် တည်ဆောက်ထားရှိပြီး ကျောင်းတော်ဝင်ပေါက်အထက် နံရံတွင် ဘုရားရှင်၏ခြေတော်ရာပုံများကို ၁၇ ရာစု နံရံဆေးပန်းချီဟု ယူဆရသည့် ဆေးပန်းချီများဖြင့် ရေးဆွဲထားကာ အတွင်းဘက် ဘေးအုတ်နံရံများတွင် အပေါ်ဘက်အပိုင်း၌ နတ်နန်းနတ်ဘုံများ၊ အောက်ဘက်အပိုင်းတွင် ငရဲခန်း ငရဲဘုံများအကြောင်းကို နံရံဆေးရေးပန်းချီများအဖြစ် တွေ့မြင်နိုင်သည်။

ယခုလက်ရှိတွင် ကျောင်းတော်ကြီး၌ ဆရာတော်တစ်ဦးက စောင့်ရှောက်လျက်ရှိပြီး ကျောင်းဆောင်ကြီးအတွင်းမှ ရှေးဟောင်းဆင်းတုတော်များကိုလည်း အနီးရှိ ဘုရားသုံးဆူသို့ ပြောင်းရွှေ့ပူဇော်ထားသည်ကို တွေ့ရှိရသည်။ ဘုရားသုံးဆူအတွင်းရှိ အဆိုပါ ဘုရားဆင်းတုတော်များနှင့် နံရံဆေးရေးပန်းချီများမှာ ၁၇ ရာစု ညောင်ရမ်းခေတ်လက်ရာများဖြစ်ကြောင်း သမိုင်းပညာရှင်တစ်ဦးက ဆိုသည်။

ထို့ကြောင့် ရွှေဂူကြီး ရှေးဟောင်းအုတ်ကျောင်းကြီး အတွင်းရှိ ရှေးကျလှသော ၁၇ ရာစု ညောင်ရမ်းခေတ်လက်ရာ နှစ်ပေါင်း ၃၀၀ ခန့်သက်တမ်းရှိ နံရံဆေးရေးပန်းချီများအား သက်ဆိုင်ရာ ဌာနများက တာဝန်ယူ၍ စောင့်ရှောက်ထိန်းသိမ်းပေးရန် ဒေသခံပြည်သူအချို့က မျှော်လင့်နေကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်ပေးမည်

**လွိုင်ကော် ဖေဖော်ဝါရီ ၁၉**

ကယားပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံမှ ပလတ်စတစ်ဆာဂျရီ ဆရာဝန်အဖွဲ့တို့ ပူးပေါင်း၍ ပြည်နယ်အတွင်းမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူးနှင့် မီးလောင်ဒဏ်ရာရရှိသောလူနာများအား လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၁၉ရက်မှ မတ် ၁ ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရက်များအတွင်း လာရောက်ဆေးကုသမှုခံယူမည့် လူနာနှင့် လူနာစောင့်များ နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် လွိုင်ကော်မြို့ သီတဂူမျက်စိဆေးရုံတွင် နေထိုင်နိုင်အောင် လူမှုကူညီရေးအသင်းနှင့် ကြက်ခြေနီအဖွဲ့တို့ ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးသွားမည့်အပြင် လာရောက်ဆေးကုသသည့် လူနာများအနေဖြင့် နေရပ်ပြန်ရန် အခက်အခဲရှိပါက အသွား အပြန် လမ်းစရိတ်များကိုလည်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ဆောက်လုပ်ရေးကဏ္ဍတိုးတက်ရေး နိုင်ငံတော်မှကူညီပေးရန် လုပ်ငန်းရှင်များတင်ပြ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ဆောက်လုပ်ရေးကဏ္ဍတွင် တွေ့ကြုံနေရသော အခက်အခဲများ ဖြေရှင်းရေးနှင့် လုပ်ငန်းများ ရေရှည်တိုးတက်ရေးအတွက် နိုင်ငံတော်မှ ကူညီဖြေရှင်းပံ့ပိုးပေးနိုင်ပါရန် တင်ပြခြင်းနှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း အပိုဒ်(၂၅)တွင် ဖော်ပြထားသောအချက်များကို ကြိုဆိုကြောင်း ထောက်ခံပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားရာတွင် နိုင်ငံ၏ အရေးအကြီးဆုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလိုအပ်ဆုံး ကဏ္ဍနယ်ပယ်များတွင် ဆောက်လုပ်ရေးကဏ္ဍလည်း ပါဝင်ကြောင်း၊ နိုင်ငံကိုတည်ဆောက်ရမည့် အချိန်ကာလတွင် ဆောက်လုပ်ရေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် အလွန်မြန်ဆန်ကြောင်း၊ နည်းပညာများ ပြောင်းလဲသွားခဲ့ပြီး တည်ဆောက်ရေးစနစ်များလည်း အမျိုးမျိုး ဖွံ့ဖြိုးတိုးတက်လာသည့် အခြေအနေများကို တွေ့မြင်ရကြောင်းနှင့် ဆောက်လုပ်ရေးကဏ္ဍ နယ်ပယ်အတွင်းသို့ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာနေသည်မှာ ပိုမိုများပြားလာကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဆောက်လုပ်ရေးကဏ္ဍ နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက ၎င်းတို့တွေ့ကြုံနေရသော အခက်အခဲများနှင့် လုပ်ငန်းများ ရေရှည်တိုးတက်ရေးအတွက် နိုင်ငံတော်မှ ကူညီဖြေရှင်းပံ့ပိုးပေးရန် လိုအပ်ချက်များ



ကို ရှင်းလင်းတင်ပြခဲ့ကြကာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနား၌ ဆောက်လုပ်ရေးကဏ္ဍတွင် တွေ့ကြုံနေရသောအခက်အခဲများ တင်ပြခြင်းအပြင် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း အပိုဒ်(၂၅)ပါ(ပထမခြောက်လ ဝင်ငွေခွန် ၃ ရာခိုင်နှုန်း၊ ဒုတိယခြောက်လ ဝင်ငွေခွန် ၅ ရာခိုင်နှုန်း)သည် တိုင်းပြည်စီးပွားရေးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေသဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြောင်းနှင့် ဆောလျင်စွာ အတည်ပြုကြေညာပေးနိုင်ရေး ထောက်ခံခဲ့ကြသည်။

လုပ်ငန်းများ ရေရှည်တိုးတက်ရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးဖြေရှင်းပေးရမည့် အချက်များ တင်ပြရာတွင် အိမ်ခြံမြေတိုက်ခန်း အရောင်းအဝယ်အခွန်များကို ၃၀ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ ယာယီ နှစ်နှစ်ခန့် လျှော့ချပေးနိုင်ရေး၊ စီမံကိန်းများကို အာမခံထား၍ စီမံကိန်းအကြီးအသေးအပေါ်မူတည်ကာ သုံးနှစ်မှ ၁၀ နှစ်အထိ ဘဏ်ချေးငွေ ရရှိရေး၊ ဘဏ်ချေးငွေ အတိုးနှုန်းများကို ၁၃ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းသို့ လျှော့ချပေးနိုင်ရေး၊ အိမ်ရာ ဝယ်ယူသူများအတွက် ၁၅ နှစ်မှ နှစ် ၂၀ အထိ ဘဏ်ချေးငွေများဖြင့် ဝယ်ယူခွင့် ထိထိရောက်ရောက် ရရှိနိုင်ရေး၊ တည်ဆောက်ရေးဆိုင်ရာ ခွင့်ပြုမိန့်များ ထုတ်ပေးမည့် ကာလသတ်မှတ်ချက် ကြေညာပေးနိုင်ရေး(ဥပမာ- ရှစ်ထပ်ခွဲနှင့်အောက်ကို တစ်လအတွင်း၊ ၁၂ ထပ်အထိ နှစ်လအတွင်း၊ ၁၂ ထပ်နှင့်အထက်ကို ခြောက်လအတွင်း စသည်ဖြင့် ကာလတစ်ခု သတ်မှတ်ပေးနိုင်ရေး)နှင့် နိုင်ငံတော်ဘတ်ဂျက်ငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း အရေအတွက်များများ အကောင်အထည်ဖော်ပေးနိုင်ရေးစသည့် အချက်ခြောက်ချက်ကို အဓိကထား တင်ပြခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

# ပီလောပီနံစိုက်ပျိုးရေး သိကောင်းစရာများဟောပြော

**သုဝဏ္ဏဝတီ ဖေဖော်ဝါရီ ၁၉**

အော်ဂဲနစ်နည်းပညာဖြင့် ဝင်ငွေတိုး ပီလောပီနံစိုက်ပျိုးရေးနှင့် သက်ဆိုင်သော



သိကောင်းစရာများ ရှင်းလင်းဟောပြောပွဲကို မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပခဲ့ပြီး ဟောပြောပွဲသို့ ဒေသခံ တောင်သူများ တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် ဆရာသက်ပိုင်ထွန်း(ပြင်ဦးလွင်)က "ခြံတောင်သူများက အရင်းနည်းပြီး အမြတ်များများရနိုင်မယ့် သီးနှံဖြစ်တဲ့ ပီလောပီနံသီးနှံကို စိုက်ပျိုးဖို့ စိတ်ဝင်စားမယ်ဆိုရင် မြေအမျိုးအစားတွေကို လိုက်လံကြည့်ရှုပြီး တောင်သူတွေကို ပီလောပီနံမျိုးနဲ့ စိုက်ပျိုးတဲ့နည်းပညာပေးပြီး သဘာဝ ဓာတ်မြေဩဇာတွေကို ကုမ္ပဏီနဲ့ တောင်သူတွေ အကျိုးတူပူးပေါင်းရင် ပံ့ပိုးကူညီပေးမှာပါ"ဟု ပြောသည်။

အဆိုပါဆွေးနွေးပွဲသို့ သုဝဏ္ဏဝတီမြို့အုပ်ချုပ်ရေးမှူး ဦးစိုးသူရနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့အနီးပတ်ဝန်းကျင် ကျေးရွာများမှ စိတ်ဝင်စားသည့် ခြံတောင်သူများ တက်ရောက်ကြပြီး တောင်သူများသိရှိလိုသည့် မေးမြန်းမှုများကို တင့်တင့်မြန်မာကုမ္ပဏီမှ တာဝန်ရှိသူ ကိုသားကြီးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ဝင်ငွေတိုး ပီလောပီနံစိုက်ပျိုးရေးဆိုင်ရာ အလားတူ ဆွေးနွေးပွဲများကို ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာ ခဲမောက်ကျောင်း၌ ထိုနေ့ညနေပိုင်းက ကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၁၇ ရက်တွင်လည်း ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာ ရွာလယ်မဏ္ဍပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# အောင်လံမြို့နယ်တွင် မိုးတွင်းစမ်းကျေးရွာသစ် ဖွင့်ပွဲကျင်းပ

**အောင်လံ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် မြင်းကပိုင်ကျေးရွာအုပ်စု၌ မိုးတွင်းစမ်းကျေးရွာကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀-၁၂-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၇၉၉/၂၀၁၇)ဖြင့် ကျေးရွာအသစ် တိုးချဲ့ပြင်ဆင်ခွင့်ပြုခဲ့ရာ ကျေးရွာသစ်ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။ ကျေးရွာသစ်ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမောင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ တက်ရောက်ပြီး ဒုတိယအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ ကျေးရွာဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးခဲ့သည်။ မိုးတွင်းစမ်း ကျေးရွာသစ်တွင် အိမ်ခြေ ၅၃ အိမ်ရှိပြီး လူဦးရေ ၂၅၂ ဦး မှီတင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# သဖန်းဆိပ်ရေလှောင်တမံမှရေဖြင့် ယခုနှစ်တွင် နွေစပါး ဧကခြောက်သောင်းကျော် ပိုမိုစိုက်ပျိုးနိုင်မည်

**ခင်ဦး ဖေဖော်ဝါရီ ၁၉**

ပြီးခဲ့သည့် မိုးရာသီကာလတွင် မိုးရွာသွန်းမှု အားကောင်းခဲ့သောကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံတွင် ကန်ရေပြည့်နီးပါး ဧကပေ ၂၆ သိန်းခန့် သိုလှောင်ထားရှိနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ကာ သဖန်းဆိပ်ရေလှောင်တမံမှ တူးမြောင်းမကြီး လေးမြောင်း (အလျား ၁၇၈ ဒသမ ၃၃ မိုင်)၊ မြောင်းခွဲ သုံးမြောင်း(အလျား ၁၁၃ ဒသမ ၇၉ မိုင်)နှင့် လက်တံမြောင်း ၉၆ မြောင်း(အလျား ၂၁၁ ဒသမ ၄၃ မိုင်)တို့ဖြင့် နွေစပါးနှင့် နွေသီးနှံများအတွက် စိုက်ပျိုးရေ ပေးဝေနေပြီဖြစ်သည်။

ဆည်အတွင်းသို့ ရေဝင်ရောက်မှု အားကောင်းခဲ့ခြင်းကြောင့်သာမက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့်လည်း သဖန်းဆိပ်ဆည် ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများကို ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် တူးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဌာနမှ လုပ်သားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ယခုနှစ်တွင် ယခင်နှစ်ကထက် နွေစပါး ဧက ၆၁၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဆွေ၏ ပြောကြားချက်အရ သိရသည်။



ထို့အပြင် ရေယူမည့်တောင်သူများ လိုက်နာရမည့် ဆည်မြောင်းဥပဒေဆိုင်းဘုတ်များ၊ စိုက်ပျိုးရေလိုအပ်ပါက ဆက်သွယ်ရမည့် ပြည်သူ့ဝန်ထမ်းများနှင့် တောင်သူမိတ်ဖက်တို့၏ ဖုန်းနံပါတ်များ၊ မည်သည့်ရက်တွင် ရေစတင်ပေးဝေမည်၊ မည်သည့်နေရာအထိ စိုက်ပျိုးရေရောက်ရှိမည်စသည့် အသိပေးဆိုင်းဘုတ်များ စိုက်ထူခြင်းလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်၍ ပိုမိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သဖန်းဆိပ်ဆည် ရေသောက်ဧရိယာအတွင်းရှိ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်၊ ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်၊ တန့်ဆည်မြို့နယ်၊ ရေဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်နှင့် အရာတော်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် ယခင်နှစ်က နွေစပါး ၂၄၅၃၁၃ ဧကနှင့် အခြားသီးနှံ ၁၁၃၉၃၆ ဧက၊ စုစုပေါင်း ဧက ၃၆၀၀၀၀ နီးပါးကို စိုက်ပျိုးနိုင်ခဲ့ရာ ယခုနှစ်တွင် နွေစပါး ၃၀၆၇၄၁ ဧကနှင့် နွေသီးနှံ ၇၀၃၇၀ ဧက၊ စုစုပေါင်း ၃၇၇၁၁၁ ဧကကို အောင်မြင်စွာ ရေပေးဝေနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စီမံဆောင်ရွက် လျာထားပြီးဖြစ်သည့်အပြင် ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါး ပျိုးထောင်ရေအတွက်ပါ ပြည့်စုံလုံလောက်စွာ ရေသိုလှောင်ထိန်းသိမ်းထားပြီးဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ရေးမြို့၌ ရေးမြစ်ကမ်းပါးမြေထိန်းနံရံ တည်ဆောက်နေ

**ရေး ဖေဖော်ဝါရီ ၁၉**

မွန်ပြည်နယ် ရေးမြို့၌ ရေးမြစ်ကမ်းပါး သာယာလှပပြီး အများပြည်သူအပန်းဖြေရာ နေရာတစ်ခု ဖြစ်လာစေရေးနှင့် ရေတိုက်စားခြင်းဒဏ် ကာကွယ်နိုင်ရေးအတွက် မြစ်ကမ်းပါးမြေထိန်းနံရံကို တည်ဆောက်လျက်ရှိကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မြေထိန်းနံရံကို မွန်ပြည်နယ်အစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၂၅၉ သန်း အကုန်အကျခံ၍ ဘိုးပိုင်အခြေပြု ပေ ၄၀၀ ကျောက်စီမြေထိန်းနံရံအဖြစ် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် S Galacticos ကုမ္ပဏီလီမိတက်က တာဝန်ယူပြီး ဇန်နဝါရီလအတွင်းမှစ၍ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေးမြစ်ကမ်းပါး မြေထိန်းနံရံတည်ဆောက်မှုများ ပြီးစီးပါက မြစ်ကမ်းပါး ရေတိုက်စားခြင်းကြောင့် ပြိုကျပျက်စီးခြင်းဒဏ်များကို ကာကွယ်နိုင်မည့်အပြင် မြစ်ကမ်းပါးကိုလည်း သာယာလှပစေပြီး အများပြည်သူ အပန်းဖြေအနားယူစရာနေရာတစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း ရေးမြို့နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **နေမျိုးထွဋ်(ရေး)**





# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# မန္တလေးအဝေးသင်တက္ကသိုလ်
# အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

မန္တလေးအဝေးသင်တက္ကသိုလ်၏ ၂၀၁၆ ပညာသင်နှစ် ၂၀၁၆ခုနှစ် အောက်တိုဘာ/နိုဝင်ဘာလများတွင် ကျင်းပခဲ့ပြီးသော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့ စာမေးပွဲများကို အောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန် လျှောက်ထားပြီးသော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ်နယ်မြေဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)အနက်မှ မိမိကြိုက်နှစ်သက်ရာ ဝတ်စုံအပြည့်အစုံဝတ်ဆင်၍ အောက်ဖော်ပြပါအစီစဉ်အတိုင်း တက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား အစီအစဉ်**

**၁။ ၂၆-၂-၂၀၁၈ရက် (ပထမနေ့)နံနက် ၉း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၂၅-၂-၂၀၁၈ နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | တောင်ကြီး | ၄-မ-၁ | မှ | ၄-မ-၁၂၈ |
| | | သမိုင်းအထူးပြု | တောင်ကြီး | ၄-သ-၂ | | ၄-သ-၉၂ |
| | | | မကွေး | ၄-သ-၄ | မှ | ၄-သ-၁၃၇ |
| ခ | ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု | တောင်ကြီး | ၅-ဥ-၁ | | ၅-ဥ-၆၉ |
| | | | မကွေး | ၅-ဥ-၁ | မှ | ၅-ဥ-၁၃၃ |
| ဂ | ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု | တောင်ကြီး | ၄-အ-၁ | | ၄-အ-၈၉ |
| | | | မကွေး | ၄-အ-၅ | မှ | ၄-အ-၆၆ |
| | | ပထဝီဝင်အထူးပြု | မကွေး | ၄-ပ-၇ | | ၄-ပ-၅၆ |
| | | | မိုးညှင်း | ၄-ပ-၁ | မှ | ၄-ပ-၆၆ |

**၂။၂၆-၂-၂၀၁၈ရက်(ပထမနေ့) မွန်းလွဲ ၂း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၂၅-၂-၂၀၁၈ နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | တောင်ကြီး | ၄-မ-၁၃၀ | မှ | ၄-မ-၂၆၇ |
| | | သမိုင်းအထူးပြု | မိတ္ထီလာ | ၄-သ-၁ | | ၄-သ-၈၂ |
| | | | မကွေး | ၄-သ-၁၃၉ | မှ | ၄-သ-၂၈၆ |
| ခ | ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု | မိတ္ထီလာ | ၅-ဥ-၁ | | ၅-ဥ-၉၀ |
| | | | လှိုင်ကော် | ၅-ဥ-၂ | | ၅-ဥ-၁၅ |
| | | | ပခုက္ကူ | ၅-ဥ-၁ | မှ | ၅-ဥ-၃၆ |
| ဂ | ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု | တောင်ကြီး | ၄-အ-၉၀ | | ၄-အ-၁၇၄ |
| | | | မကွေး | ၄-အ-၆၇ | မှ | ၄-အ-၁၀၉ |
| | | ပထဝီဝင်အထူးပြု | မကွေး | ၄-ပ-၅၇ | | ၄-ပ-၁၁၆ |
| | | | မိုးညှင်း | ၄-ပ-၆၇ | မှ | ၄-ပ-၁၃၆ |

**၃။ ၂၇-၂-၂၀၁၈ရက်(ဒုတိယနေ့)နံနက် ၉း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၂၅-၂-၂၀၁၈ နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | တောင်ကြီး | ၄-မ-၂၆၈ | မှ | ၄-မ-၄၀၀ |
| | | သမိုင်းအထူးပြု | မကွေး | ၄-သ-၂၈၇ | | ၄-သ-၄၄၁ |
| | | | မိတ္ထီလာ | ၄-သ-၈၃ | မှ | ၄-သ-၁၇၉ |
| ခ | ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု | ကျိုင်းတုံ | ၅-ဥ-၁ | | ၅-ဥ-၂၅ |
| | | | မုံရွာ | ၅-ဥ-၃ | မှ | ၅-ဥ-၁၃၂ |
| ဂ | ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု | တောင်ကြီး | ၄-အ-၁၇၅ | | ၄-အ-၂၆၁ |
| | | | မကွေး | ၄-အ-၁၁၁ | မှ | ၄-အ-၁၆၇ |
| | | ပထဝီဝင်အထူးပြု | မကွေး | ၄-ပ-၁၁၇ | | ၄-ပ-၂၄၄ |
| | | | မိုးညှင်း | ၄-ပ-၁၃၇ | မှ | ၄-ပ-၁၈၀ |

**၄။၂၇-၂-၂၀၁၈ရက်(ဒုတိယနေ့)မွန်းလွဲ ၂း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၂၅-၂-၂၀၁၈ ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | တောင်ကြီး | ၄-မ-၄၀၁ | မှ | ၄-မ-၅၀၄ |
| | | သမိုင်းအထူးပြု | မြစ်ကြီးနား | ၄-သ-၁ | | ၄-သ-၈၀ |
| | | | ကျောက်ဆည် | ၄-သ-၁ | မှ | ၄-သ-၆၂ |
| ခ | ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု | မြစ်ကြီးနား | ၅-ဥ-၁ | | ၅-ဥ-၁၁၁ |
| | | | မုံရွာ | ၅-ဥ-၁၃၃ | မှ | ၅-ဥ-၂၈၉ |
| ဂ | ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု | တောင်ကြီး | ၄-အ-၂၆၂ | | ၄-အ-၃၅၇ |
| | | | မကွေး | ၄-အ-၁၇၀ | မှ | ၄-အ-၂၁၁ |
| | | ပထဝီဝင်အထူးပြု | ကျိုင်းတုံ | ၄-ပ-၁ | | ၄-ပ-၁၀၅ |
| | | | မကွေး | ၄-ပ-၂၄၅ | မှ | ၄-ပ-၃၂၇ |

**၅။ ၂၈-၂-၂၀၁၈ရက်(တတိယနေ့)နံနက်၉း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၂၅-၂-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | တောင်ကြီး | ၄-မ-၅၀၅ | | ၄-မ-၅၃၃ |
| | | | ကျောက်ဆည် | ၄-မ-၁ | မှ | ၄-မ-၉၆ |
| | | သမိုင်းအထူးပြု | မုံရွာ | ၄-သ-၁ | | ၄-သ-၄၉ |
| | | | မြစ်ကြီးနား | ၄-သ-၈၁ | မှ | ၄-သ-၁၈၄ |
| ခ | ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု | မုံရွာ | ၅-ဥ-၂၉၁ | | ၅-ဥ-၃၆၉ |
| | | | မြစ်ကြီးနား | ၅-ဥ-၁၁၅ | မှ | ၅-ဥ-၁၉၅ |
| ဂ | ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု | တောင်ကြီး | ၄-အ-၃၅၈ | | ၄-အ-၄၁၀ |
| | | | မကွေး | ၄-အ-၂၁၃ | မှ | ၄-အ-၃၈၆ |
| | | ပထဝီဝင်အထူးပြု | ရေနံချောင်း | ၄-ပ-၁ | မှ | ၄-ပ-၁၉၂ |

**၆။ ၂၈-၂-၂၀၁၈ရက်(တတိယနေ့)မွန်းလွဲ၂း၀၀နာရီအစမ်းလေ့ကျင့်ရက် ၂၅-၂-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ကျောက်ဆည် | ၄-မ-၉၇ | မှ | ၄-မ-၂၂၆ |
| | | ရသစာပေအထူးပြု | ဌာနခွဲအားလုံး | | | |
| | | သမိုင်းအထူးပြု | ကျိုင်းတုံ | ၄-သ-၂ | မှ | ၄-သ-၅၇ |
| | | | ကျောက်ဆည် | ၄-သ-၆၆ | မှ | ၄-သ-၂၀၅ |
| ခ | ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု | ကျောက်ဆည် | ၅-ဥ-၂ | မှ | ၅-ဥ-၆၇ |
| | | | လားရှိုး | ၅-ဥ-၁ | မှ | ၅-ဥ-၇၇ |
| ဂ | ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု | မကွေး | ၄-အ-၃၈၇ | မှ | ၄-အ-၄၉၅ |
| | | | ကျိုင်းတုံ | ၄-အ-၁ | မှ | ၄-အ-၆၉ |
| | | ပထဝီဝင်အထူးပြု | ပင်လုံ | ၄-ပ-၁ | မှ | ၄-ပ-၂၆ |
| | | | မကွေး | ၄-ပ-၃၂၉ | မှ | ၄-ပ-၃၉၃ |
| | | | ကျိုင်းတုံ | ၄-ပ-၁၀၇ | မှ | ၄-ပ-၁၄၅ |

**၇။ ၄-၃-၂၀၁၈ရက် (ပထမနေ့)နံနက် ၉း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၃-၃-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မြင်းခြံ | ၄-မ-၁ | မှ | ၄-မ-၅၄ |
| | | | မုံရွာ | ၄-မ-၁ | မှ | ၄-မ-၆၉ |
| | | သမိုင်းအထူးပြု | ရွှေဘို | ၄-သ-၁ | မှ | ၄-သ-၄၁ |
| | | | မုံရွာ | ၄-သ-၅၀ | မှ | ၄-သ-၁၂၅ |
| ခ | ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု | ကျောက်ဆည် | ၅-ဥ-၆၈ | မှ | ၅-ဥ-၂၁၇ |
| ဂ | ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု | ရတနာပုံ | ၄-အ-၁ | မှ | ၄-အ-၈၈ |
| | | | မကွေး | ၄-အ-၄၉၆ | မှ | ၄-အ-၅၄၇ |
| | | ပထဝီဝင်အထူးပြု | မကွေး | ၄-ပ-၃၉၄ | မှ | ၄-ပ-၅၄၆ |
| | | | ကျောက်ဆည် | ၄-ပ-၁ | မှ | ၄-ပ-၃၅ |

**၈။ ၄-၃-၂၀၁၈ရက်(ပထမနေ့)မွန်းလွဲ ၂း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၃-၃-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မြင်းခြံ | ၄-မ-၅၅ | မှ | ၄-မ-၁၁၆ |
| | | | မုံရွာ | ၄-မ-၇၀ | မှ | ၄-မ-၁၄၄ |
| | | သမိုင်းအထူးပြု | ရွှေဘို | ၄-သ-၄၂ | မှ | ၄-သ-၁၃၃ |
| | | | မုံရွာ | ၄-သ-၁၂၆ | မှ | ၄-သ-၁၆၁ |
| | | | ပင်လုံ | ၄-သ-၁ | မှ | ၄-သ-၁၆ |
| ခ | ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု | ကျောက်ဆည် | ၅-ဥ-၂၁၈ | မှ | ၅-ဥ-၂၈၇ |
| | | | ရတနာပုံ | ၅-ဥ-၁ | မှ | ၅-ဥ-၄၅ |
| | | | ပင်လုံ | ၅-ဥ-၁ | မှ | ၅-ဥ-၃၈ |
| ဂ | ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု | ရတနာပုံ | ၄-အ-၈၉ | မှ | ၄-အ-၁၈၃ |
| | | | မကွေး | ၄-အ-၅၄၈ | မှ | ၄-အ-၅၉၇ |
| | | ပထဝီဝင်အထူးပြု | မကွေး | ၄-ပ-၅၅၁ | မှ | ၄-ပ-၆၃၀ |
| | | | ကျောက်ဆည် | ၄-ပ-၃၆ | မှ | ၄-ပ-၁၁၀ |

**၉။ ၅-၃-၂၀၁၈ရက် (ဒုတိယနေ့) နံနက်၉း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၃-၃-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မုံရွာ | ၄-မ-၁၄၅ | မှ | ၄-မ-၂၈၃ |
| | | သမိုင်းအထူးပြု | ရွှေဘို | ၄-သ-၁၃၄ | | ၄-သ-၂၁၄ |
| | | | မုံရွာ | ၄-သ-၁၆၂ | မှ | ၄-သ-၂၀၀ |
| ခ | ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု | ရတနာပုံ | ၅-ဥ-၄၆ | | ၅-ဥ-၁၂၉ |
| | | | ကလေး | ၅-ဥ-၂ | မှ | ၅-ဥ-၅၆ |
| ဂ | ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု | ရတနာပုံ | ၄-အ-၁၈၄ | | ၄-အ-၂၇၁ |
| | | | မကွေး | ၄-အ-၅၉၈ | မှ | ၄-အ-၆၅၄ |
| | | ပထဝီဝင်အထူးပြု | မကွေး | ၄-ပ-၆၃၁ | | ၄-ပ-၇၀၇ |
| | | | ကျောက်ဆည် | ၄-ပ-၁၁၁ | မှ | ၄-ပ-၂၀၅ |
| | | | လှိုင်ကော် | ၄-ပ-၁ | | ၄-ပ-၁၆ |

**၁၀။ ၅-၃-၂၀၁၈ရက်(ဒုတိယနေ့) မွန်းလွဲ ၂း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၃-၃-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မြင်းခြံ | ၄-မ-၁၁၇ | မှ | ၄-မ-၁၇၁ |
| | | | မုံရွာ | ၄-မ-၂၈၄ | | ၄-မ-၃၅၄ |
| | | သမိုင်းအထူးပြု | မုံရွာ | ၄-သ-၂၀၁ | | ၄-သ-၂၃၉ |
| | | | ပခုက္ကူ | ၄-သ-၁ | မှ | ၄-သ-၁၀၈ |
| | | | ရွှေဘို | ၄-သ-၂၁၅ | | ၄-သ-၂၈၉ |
| ခ | ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု | ရတနာပုံ | ၅-ဥ-၁၃၁ | မှ | ၅-ဥ-၂၃၀ |
| | | | ဇန်းမော် | ၅-ဥ-၁ | | ၅-ဥ-၁၈ |
| ဂ | ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု | ရတနာပုံ | ၄-အ-၂၇၂ | မှ | ၄-အ-၃၆၄ |
| | | | မကွေး | ၄-အ-၆၅၅ | | ၄-အ-၇၁၀ |
| | | ပထဝီဝင်အထူးပြု | မကွေး | ၄-ပ-၇၀၈ | မှ | ၄-ပ-၉၅၃ |

**၁၁။ ၆-၃-၂၀၁၈ရက်(တတိယနေ့)နံနက် ၉း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၃-၃-၂၀၁၈ ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မုံရွာ | ၄-မ-၃၅၅ | မှ | ၄-မ-၄၂၁ |
| | | | မြင်းခြံ | ၄-မ-၁၇၂ | | ၄-မ-၂၂၄ |
| | | သမိုင်းအထူးပြု | ရွှေဘို | ၄-သ-၂၉၀ | မှ | ၄-သ-၃၅၇ |
| | | | မုံရွာ | ၄-သ-၂၄၀ | | ၄-သ-၂၇၈ |
| | | စီးပွားရေးပညာအထူးပြု | မုံရွာ | ၄-စီး-၁ | မှ | ၄-စီး-၂၁၉ |
| | | အင်္ဂလိပ်စာအထူးပြု | ရတနာပုံ | ၄-အ-၃၆၅ | မှ | ၄-အ-၄၄၈ |
| | | | မကွေး | ၄-အ-၇၁၂ | | ၄-အ-၇၆၉ |
| | | ပထဝီဝင်အထူးပြု | ကျောက်ဆည် | ၄-ပ-၂၀၆ | မှ | ၄-ပ-၃၇၉ |

**၁၂။ ၆-၃-၂၀၁၈ရက်(တတိယနေ့)မွန်းလွဲ ၂း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၃-၃-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မုံရွာ | ၄-မ-၄၂၂ | | ၄-မ-၄၆၉ |
| | | | မိတ္ထီလာ | ၄-မ-၁ | မှ | ၄-မ-၄၆ |
| | | | လှိုင်ကော် | ၄-မ-၃ | | ၄-မ-၄၉ |
| | | သမိုင်းအထူးပြု | ရွှေဘို | ၄-သ-၃၅၈ | မှ | ၄-သ-၄၄၁ |
| | | | မုံရွာ | ၄-သ-၂၇၉ | | ၄-သ-၃၁၆ |
| | | စီးပွားရေးပညာအထူးပြု | မုံရွာ | ၄-စီး-၂၂၀ | မှ | ၄-စီး-၃၆၄ |
| | | အင်္ဂလိပ်စာအထူးပြု | မကွေး | ၄-အ-၇၇၀ | မှ | ၄-အ-၈၁၈ |
| | | | ရတနာပုံ | ၄-အ-၄၄၉ | | ၄-အ-၅၃၃ |
| | | ပထဝီဝင်အထူးပြု | ကျောက်ဆည် | ၄-ပ-၃၈၁ | မှ | ၄-ပ-၅၄၅ |

**၁၃။ ၉-၃-၂၀၁၈ ရက် (ပထမနေ့) နံနက်၉း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၈-၃-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မိုးညှင်း | ၄-မ-၁ | | ၄-မ-၅၂ |
| | | | မုံရွာ | ၄-မ-၄၇၀ | မှ | ၄-မ-၅၁၁ |
| | | | မြင်းခြံ | ၄-မ-၂၂၆ | | ၄-မ-၂၈၅ |
| | | သမိုင်းအထူးပြု | ရွှေဘို | ၄-သ-၄၄၂ | မှ | ၄-သ-၅၂၆ |
| | | | မုံရွာ | ၄-သ-၃၁၉ | | ၄-သ-၃၅၉ |
| ခ | သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြု | တောင်ကြီး | ၄-ဓ-၁ | | ၄-ဓ-၇၃ |
| | | | ပခုက္ကူ | ၄-ဓ-၁ | မှ | ၄-ဓ-၁၆ |
| | | | မုံရွာ | ၄-ဓ-၁ | | ၄-ဓ-၃၆ |
| ဂ | ဝိဇ္ဇာဘွဲ့ | စီးပွားရေးပညာအထူးပြု | မုံရွာ | ၄-စီး-၃၆၅ | မှ | ၄-စီး-၄၉၅ |
| | | | မြစ်ကြီးနား | ၄-စီး-၅ | | ၄-စီး-၉၀ |
| | | ပထဝီဝင်အထူးပြု | တောင်ကြီး | ၄-ပ-၁ | မှ | ၄-ပ-၈၈ |
| | | | မကွေး | ၄-ပ-၉၅၄ | | ၄-ပ-၁၀၄၂ |

**၁၄။ ၉-၃-၂၀၁၈ရက်(ပထမနေ့)မွန်းလွဲ ၂း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၈-၃-၂၀၁၈ ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ပင်လုံ | ၄-မ-၁ | | ၄-မ-၆၈ |
| | | | လှိုင်ကော် | ၄-မ-၅၀ | မှ | ၄-မ-၉၂ |
| | | | မုံရွာ | ၄-မ-၅၁၂ | | ၄-မ-၅၆၁ |
| | | အင်္ဂလိပ်စာအထူးပြု | မုံရွာ | ၄-အ-၁ | မှ | ၄-အ-၃၆ |
| | | | မိတ္ထီလာ | ၄-အ-၁ | | ၄-အ-၈၇ |
| | | စီးပွားရေးပညာအထူးပြု | ကလေး | ၄-စီး-၁ | မှ | ၄-စီး-၅၉ |
| | | | တောင်ကြီး | ၄-စီး-၁ | | ၄-စီး-၉၅ |
| | | ပထဝီဝင်အထူးပြု | လားရှိုး | ၄-ပ-၁ | မှ | ၄-ပ-၂၅ |
| | | | ပင်လုံ | ၄-ပ-၂၇ | | ၄-ပ-၁၂၂ |
| ခ | သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြု | မိတ္ထီလာ | ၄-ဓ-၁ | | ၄-ဓ-၃၇ |
| | | | လားရှိုး | ၄-ဓ-၁ | | ၄-ဓ-၂၅ |
| | | | မိုးညှင်း | ၄-ဓ-၁ | မှ | ၄-ဓ-၃၄ |
| | | | လှိုင်ကော် | ၄-ဓ-၁ | | ၄-ဓ-၂၂ |
| | | | မြင်းခြံ | ၄-ဓ-၁ | | ၄-ဓ-၂၃ |

**၁၅။ ၁၀-၃-၂၀၁၈ရက်(ဒုတိယနေ့)နံနက် ၉း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၈-၃-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မြစ်ကြီးနား | ၄-မ-၁ | | ၄-မ-၄၇ |
| | | | လားရှိုး | ၄-မ-၁ | မှ | ၄-မ-၄၉ |
| | | | ပခုက္ကူ | ၄-မ-၄ | | ၄-မ-၉၁ |
| | | သမိုင်းအထူးပြု | ရွှေဘို | ၄-သ-၅၂၇ | မှ | ၄-သ-၆၀၆ |
| | | | မုံရွာ | ၄-သ-၃၆၀ | | ၄-သ-၃၉၆ |
| ခ | သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြု | ရတနာပုံ | ၄-ဓ-၁ | မှ | ၄-ဓ-၁၂၈ |
| | | | ကျိုင်းတုံ | ၄-ဓ-၁ | | ၄-ဓ-၈ |
| ဂ | ဝိဇ္ဇာဘွဲ့ | စီးပွားရေးပညာအထူးပြု | မုံရွာ | ၄-စီး-၄၉၈ | မှ | ၄-စီး-၆၀၇ |
| | | | တောင်ကြီး | ၄-စီး-၉၆ | | ၄-စီး-၁၈၉ |
| | | ပထဝီဝင်အထူးပြု | ကလေး | ၄-ပ-၁ | မှ | ၄-ပ-၁၂၄ |
| | | | မကွေး | ၄-ပ-၁၀၄၅ | | ၄-ပ-၁၁၁၉ |

**၁၆။ ၁၀-၃-၂၀၁၈ရက်(ဒုတိယနေ့)မွန်းလွဲ ၂း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၈-၃-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မြစ်ကြီးနား | ၄-မ-၄၈ | | ၄-မ-၉၅ |
| | | | လားရှိုး | ၄-မ-၅၀ | မှ | ၄-မ-၉၅ |
| | | | မုံရွာ | ၄-မ-၅၆၂ | | ၄-မ-၆၀၇ |
| | | အင်္ဂလိပ်စာအထူးပြု | မိတ္ထီလာ | ၄-အ-၈၈ | မှ | ၄-အ-၁၇၅ |
| | | | မုံရွာ | ၄-အ-၃၇ | | ၄-အ-၇၀ |
| ခ | သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြု | မကွေး | ၄-ဓ-၁ | | ၄-ဓ-၄၆ |
| | | | မြစ်ကြီးနား | ၄-ဓ-၁ | မှ | ၄-ဓ-၅၀ |
| | | | စစ်ကိုင်း | ၄-ဓ-၁ | | ၄-ဓ-၂၀ |
| ဂ | ဝိဇ္ဇာဘွဲ့ | စီးပွားရေးပညာအထူးပြု | ပင်လုံ | ၄-စီး-၁ | မှ | ၄-စီး-၁၁ |
| | | | မကွေး | ၄-စီး-၁ | | ၄-စီး-၂၀၇ |
| | | ပထဝီဝင်အထူးပြု | ကလေး | ၄-ပ-၁၂၇ | မှ | ၄-ပ-၁၉၃ |
| | | | မကွေး | ၄-ပ-၁၁၂၆ | | ၄-ပ-၁၂၉၈ |

**၁၇။ ၁၁-၃-၂၀၁၈ရက်(တတိယနေ့)နံနက် ၉း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၈-၃-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မြစ်ကြီးနား | ၄-မ-၉၆ | မှ | ၄-မ-၁၇၅ |
| | | | မုံရွာ | ၄-မ-၆၀၈ | | ၄-မ-၆၅၃ |
| | | အင်္ဂလိပ်စာအထူးပြု | မိတ္ထီလာ | ၄-အ-၁၇၆ | မှ | ၄-အ-၂၆၇ |
| | | | မုံရွာ | ၄-အ-၇၁ | | ၄-အ-၁၀၅ |
| ခ | သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြု | ကျောက်ဆည် | ၄-ဓ-၁ | | ၄-ဓ-၂၉ |
| | | | ကလေး | ၄-ဓ-၁ | | ၄-ဓ-၁၂ |
| | | | ရေနံချောင်း | ၄-ဓ-၂ | မှ | ၄-ဓ-၁၆ |
| | | | ဇန်းမော် | ၄-ဓ-၁ | | ၄-ဓ-၁၁ |
| | | | ရွှေဘို | ၄-ဓ-၁ | | ၄-ဓ-၃၈ |
| ဂ | ဝိဇ္ဇာဘွဲ့ | စီးပွားရေးပညာအထူးပြု | မုံရွာ | ၄-စီး-၆၀၈ | မှ | ၄-စီး-၈၁၅ |
| | | ပထဝီဝင်အထူးပြု | မကွေး | ၄-ပ-၁၂၉၉ | မှ | ၄-ပ-၁၄၅၉ |
| | | | မြင်းခြံ | ၄-ပ-၁ | | ၄-ပ-၇၆ |

**၁၈။၁၁-၃-၂၀၁၈ရက်(တတိယနေ့)မွန်းလွဲ ၂း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၈-၃-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မြင်းခြံ | ၄-မ-၂၈၆ | | ၄-မ-၃၄၁ |
| | | | လားရှိုး | ၄-မ-၉၆ | မှ | ၄-မ-၁၄၄ |
| | | | မုံရွာ | ၄-မ-၆၅၄ | | ၄-မ-၇၀၀ |
| | | သမိုင်းအထူးပြု | ရွှေဘို | ၄-သ-၆၀၇ | မှ | ၄-သ-၆၉၅ |
| | | | မုံရွာ | ၄-သ-၃၉၇ | | ၄-သ-၄၄၀ |
| | | စီးပွားရေးပညာအထူးပြု | မြစ်ကြီးနား | ၄-စီး-၉၂ | မှ | ၄-စီး-၂၃၃ |
| | | | မကွေး | ၄-စီး-၂၀၈ | | ၄-စီး-၂၇၂ |
| | | အင်္ဂလိပ်စာအထူးပြု | မိတ္ထီလာ | ၄-အ-၂၆၈ | မှ | ၄-အ-၃၇၁ |
| | | | မုံရွာ | ၄-အ-၁၀၆ | မှ | ၄-အ-၁၄၆ |
| | | ပထဝီဝင်အထူးပြု | လှိုင်ကော် | ၄-ပ-၁၇ | မှ | ၄-ပ-၁၄၇ |

**၁၉။၁၄-၃-၂၀၁၈ရက်(ပထမနေ့) နံနက်၉း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၁၃-၃-၂၀၁၈ ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မိတ္ထီလာ | ၄-မ-၄၇ | | ၄-မ-၁၅၃ |
| | | | ပခုက္ကူ | ၄-မ-၉၂ | မှ | ၄-မ-၁၄၂ |
| | | | မကွေး | ၄-မ-၁ | | ၄-မ-၃၄ |
| | | သမိုင်းအထူးပြု | ရတနာပုံ | ၄-သ-၁ | မှ | ၄-သ-၁၂၀ |
| | | စီးပွားရေးပညာအထူးပြု | လှိုင်ကော် | ၄-စီး-၁ | မှ | ၄-စီး-၂၇ |
| | | | ကျောက်ဆည် | ၄-စီး-၁ | မှ | ၄-စီး-၅၈ |
| | | | မုံရွာ | ၄-စီး-၈၁၇ | မှ | ၄-စီး-၉၅၆ |
| | | အင်္ဂလိပ်စာအထူးပြု | ကျောက်ဆည် | ၄-အ-၁ | မှ | ၄-အ-၈၈ |
| | | | မုံရွာ | ၄-အ-၁၄၇ | မှ | ၄-အ-၁၈၂ |
| | | ပထဝီဝင်အထူးပြု | လားရှိုး | ၄-ပ-၂၆ | မှ | ၄-ပ-၁၀၂ |
| | | | မကွေး | ၄-ပ-၁၄၆၀ | မှ | ၄-ပ-၁၅၅၅ |

**၂၀။ ၁၄-၃-၂၀၁၈ရက်(ပထမနေ့)မွန်းလွဲ၂း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၁၃-၃-၂၀၁၈နံနက်၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မိတ္ထီလာ | ၄-မ-၁၅၄ | မှ | ၄-မ-၂၆၄ |
| | | | ပခုက္ကူ | ၄-မ-၁၄၅ | မှ | ၄-မ-၂၄၄ |
| | | သမိုင်းအထူးပြု | ရေနံချောင်း | ၄-သ-၁ | မှ | ၄-သ-၇၇ |
| | | | ကလေး | ၄-သ-၂ | မှ | ၄-သ-၆၈ |
| | | စီးပွားရေးပညာအထူးပြု | မုံရွာ | ၄-စီး-၉၅၇ | မှ | ၄-စီး-၁၀၃၂ |
| | | | လားရှိုး | ၄-စီး-၁ | မှ | ၄-စီး-၅၄ |
| | | | ကျောက်ဆည် | ၄-စီး-၅၉ | မှ | ၄-စီး-၁၁၃ |
| | | အင်္ဂလိပ်စာအထူးပြု | ကျောက်ဆည် | ၄-အ-၈၉ | မှ | ၄-အ-၁၈၈ |
| | | | မုံရွာ | ၄-အ-၁၈၃ | မှ | ၄-အ-၂၁၈ |
| | | ပထဝီဝင်အထူးပြု | လားရှိုး | ၄-ပ-၁၀၅ | မှ | ၄-ပ-၁၈၅ |
| | | | မကွေး | ၄-ပ-၁၅၅၆ | မှ | ၄-ပ-၁၆၃၈ |

**၂၁။ ၁၅-၃-၂၀၁၈ရက်(ဒုတိယနေ့)နံနက် ၉း၀၀နာရီအစမ်းလေ့ကျင့်ရက် ၁၃-၃-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မိတ္ထီလာ | ၄-မ-၂၆၅ | မှ | ၄-မ-၃၂၈ |
| | | | ရွှေဘို | ၄-မ-၁ | | ၄-မ-၉၄ |
| | | သမိုင်းအထူးပြု | ရတနာပုံ | ၄-သ-၁၂၁ | မှ | ၄-သ-၂၀၀ |
| | | | ရေနံချောင်း | ၄-သ-၇၈ | မှ | ၄-သ-၁၂၆ |
| | | စီးပွားရေးပညာအထူးပြု | ကျောက်ဆည် | ၄-စီး-၁၁၄ | မှ | ၄-စီး-၂၁၃ |
| | | | ပခုက္ကူ | ၄-စီး-၁ | မှ | ၄-စီး-၁၀၆ |
| | | အင်္ဂလိပ်စာအထူးပြု | ကျောက်ဆည် | ၄-အ-၁၉၀ | မှ | ၄-အ-၂၈၄ |
| | | | မုံရွာ | ၄-အ-၂၁၉ | မှ | ၄-အ-၂၅၅ |
| | | ပထဝီဝင်အထူးပြု | လားရှိုး | ၄-ပ-၁၈၆ | မှ | ၄-ပ-၂၇၇ |
| | | | မကွေး | ၄-ပ-၁၆၄၂ | မှ | ၄-ပ-၁၇၂၄ |

**၂၂။၁၅-၃-၂၀၁၈ရက်(ဒုတိယနေ့)မွန်းလွဲ ၂း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၁၃-၃-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | မိုးညှင်း | ၄-မ-၅၃ | မှ | ၄-မ-၁၀၁ |
| | | | ရွှေဘို | ၄-မ-၉၅ | မှ | ၄-မ-၁၈၆ |
| | | သမိုင်းအထူးပြု | ကလေး | ၄-သ-၇၀ | မှ | ၄-သ-၁၄၈ |
| | | | ရေနံချောင်း | ၄-သ-၁၂၈ | မှ | ၄-သ-၁၆၉ |
| | | စီးပွားစီမံအထူးပြု | မြစ်ကြီးနား | ၄-စစ-၁ | မှ | ၄-စစ-၂၉ |
| | | စီးပွားရေးပညာအထူးပြု | လားရှိုး | ၄-စီး-၅၆ | မှ | ၄-စီး-၁၁၆ |
| | | | ကျိုင်းတုံ | ၄-စီး-၁ | မှ | ၄-စီး-၅၆ |
| | | | ပခုက္ကူ | ၄-စီး-၁၀၈ | မှ | ၄-စီး-၁၄၇ |
| | | | မိတ္ထီလာ | ၄-စီး-၁ | မှ | ၄-စီး-၁၂ |
| | | အင်္ဂလိပ်စာအထူးပြု | ကျောက်ဆည် | ၄-အ-၂၈၅ | မှ | ၄-အ-၃၉၄ |
| | | ပထဝီဝင်အထူးပြု | လားရှိုး | ၄-ပ-၂၇၈ | မှ | ၄-ပ-၃၃၈ |
| | | | ကျောက်ဆည် | ၄-ပ-၅၄၆ | မှ | ၄-ပ-၆၀၂ |
| | | | မကွေး | ၄-ပ-၁၇၂၆ | မှ | ၄-ပ-၁၇၆၁ |

**၂၃။ ၁၆-၃-၂၀၁၈ရက်(တတိယနေ့)နံနက်၉း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၁၃-၃-၂၀၁၈ရက် နံနက်၁၀း၀၀နာရီ**

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ရွှေဘို | ၄-မ-၁၈၇ | မှ | ၄-မ-၂၃၄ |
| | | | စစ်ကိုင်း | ၄-မ-၃ | မှ | ၄-မ-၄၆ |
| | | | မကွေး | ၄-မ-၃၆ | မှ | ၄-မ-၆၅ |
| | | | ပခုက္ကူ | ၄-မ-၂၄၉ | မှ | ၄-မ-၂၈၈ |
| | | သမိုင်းအထူးပြု | ရတနာပုံ | ၄-သ-၂၀၁ | မှ | ၄-သ-၂၇၀ |
| | | | ရွှေဘို | ၄-သ-၆၉၇ | မှ | ၄-သ-၇၃၂ |
| | | | မုံရွာ | ၄-သ-၄၄၁ | မှ | ၄-သ-၄၇၉ |
| | | စီးပွားရေးပညာအထူးပြု | ကျောက်ဆည် | ၄-စီး-၂၁၄ | မှ | ၄-စီး-၂၅၈ |
| | | | မိတ္ထီလာ | ၄-စီး-၁၃ | မှ | ၄-စီး-၅၁ |
| | | စီးပွားစီမံအထူးပြု | ကျောက်ဆည် | ၄-စစ-၁ | မှ | ၄-စစ-၃၆ |
| | | | ကလေး | ၄-စစ-၁ | | |
| | | အင်္ဂလိပ်စာအထူးပြု | ဇန်းမော် | ၄-အ-၁ | မှ | ၄-အ-၈၃ |
| | | | မုံရွာ | ၄-အ-၂၅၆ | မှ | ၄-အ-၂၉၅ |
| | | ပထဝီဝင်အထူးပြု | စစ်ကိုင်း | ၄-ပ-၁ | မှ | ၄-ပ-၁၀၃ |

စာမျက်နှာ (၂၃) သို့

စာမျက်နှာ (၂၂) မှ အဆက်

၂၄။ ၁၆-၃-၂၀၁၈ရက် (တတိယနေ့) မွန်းလွဲ ၂း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၁၃-၃-၂၀၁၈ရက် နံနက်၁၀း၀၀နာရီ

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြု | ပခုက္ကူ | ၄-မ-၂၈၉ | မှ | ၄-မ-၄၉၁ |
| | | | မိုးညှင်း | ၄-မ-၁၀၂ | မှ | ၄-မ-၁၄၂ |
| | | သမိုင်းအထူးပြု | မုံရွာ | ၄-သ-၄၈၀ | မှ | ၄-သ-၅၅၇ |
| | | | ရေနံချောင်း | ၄-သ-၁၇၁ | မှ | ၄-သ-၂၁၉ |
| | | စီးပွားရေးပညာအထူးပြု | မိတ္ထီလာ | ၄-စီး-၅၂ | မှ | ၄-စီး-၁၁၉ |
| | | | ပခုက္ကူ | ၄-စီး-၁၅၅ | မှ | ၄-စီး-၂၃၂ |
| | | စီးပွားစီမံအထူးပြု | တောင်ကြီး | ၄-စစ-၁ | မှ | ၄-စစ-၁၂ |
| | | | မကွေး | ၄-စစ-၁ | မှ | ၄-စစ-၂၄ |
| | | | လားရှိုး | ၄-စစ-၂ | မှ | ၄-စစ-၁၃ |
| | | အင်္ဂလိပ်စာအထူးပြု | ကလေး | ၄-အ-၂ | မှ | ၄-အ-၁၁၀ |
| | | | မုံရွာ | ၄-အ-၂၉၆ | မှ | ၄-အ-၃၃၀ |
| | | ပထဝီဝင်အထူးပြု | ရွှေဘို | ၄-ပ-၃ | မှ | ၄-ပ-၁၁၃ |
| | | | မြင်းခြံ | ၄-ပ-၇၇ | မှ | ၄-ပ-၁၃၈ |

၂၅။ ၁၉-၃-၂၀၁၈ရက် (ပထမနေ့) နံနက်၉း၀၀နာရီ အစမ်းလေ့ကျင့်ရက် ၁၈-၃-၂၀၁၈ရက် နံနက်၁၀း၀၀နာရီ

| | | | | | | |
|---|---|---|---|---|---|---|
| က | ဝိဇ္ဇာဘွဲ့ | မြန်မာမှုအထူးပြု | ရတနာပုံ | ၄-မမ-၁ | မှ | ၄-မမ-၅၃ |
| | | မြန်မာစာအထူးပြု | မိတ္ထီလာ | ၄-မ-၃၂၉ | မှ | ၄-မ-၄၂၃ |
| | | သမိုင်းအထူးပြု | လားရှိုး | ၄-သ-၁ | မှ | ၄-သ-၁၂၆ |
| | | စီးပွားရေးပညာအထူးပြု | ကျောက်ဆည် | ၄-စီး-၂၅၉ | မှ | ၄-စီး-၃၄၈ |
